# THE STRUGGLE

တော်လှန်ရေး သီအိုရီ မရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး

Vol.1 /No.4 May - June /2022




## လက်နက်ကိုင်တော်လှန်ရေးနဲ့ မာ့(က်စ်)ဝါဒအမြင်

CONTENTS


## Marxist Perspective

### Local Article

09 "Class Struggle is the Way Forward"



17 လက်နက်ကိုင် တော်လှန်ရေးနဲ့ မာ့(က်စ်)ဝါဒအမြင်




29 ရာသီဥတုပြောင်းလဲရေးမဟုတ်၊တော်လှန်ပြောင်းလဲရေးအတွက်




## Marxist Perspective

### World Affairs

54 ပဋိပက္ခကို အရှိန်မြှင့်တင်လိုက်တဲ့ ပူတင်



38 ယူကရိန်းစစ်ပွဲ - အင်တာနေရှင်နယ်ဝါဒအရ လူတန်းစား ရပ်တည်ချက်



## Theoretical Section




## EDITORIAL

# THE STRUGGLE

လူထုအုံကြွမှု မဖြစ်မှာ မပူလေနဲ့ ၊
subjective factor ပိုင်းမှာ ပြင်ဆင်ထားနိုင်ဖို့ပဲ အရေးကြီးတယ်
အယ်ဒီတာ့အာဘော် 2


# လူထုအုံကြွမှု မဖြစ်မှာ မပူလေနဲ့ ၊ subjective factor ပိုင်းမှာ ပြင်ဆင်ထားနိုင်ဖို့ပဲ အရေးကြီးတယ်

**THE STRUGGLE**

" အရေးတော်ပုံကြီးတခု မလွဲမသွေ ထပ်ဖြစ်မှာတော့ သေချာတယ်။ ဘယ်အချိန်မှာ ဘယ်လို အကြောင်းနဲ့ တကျော့ပြန်လာမလဲ အတိအကျ ခန့်မှန်းဖို့ မဖြစ်နိုင်ပေ။ သီရိလင်္ကာမှာ လူထုအုံကြွမှု ဖြစ်စေတဲ့ အခြေအနေတွေ ဗမာပြည်မှာ ရှိနေတယ်ဆိုတဲ့ အချက်အပြင် ထည့်သွင်းစဉ်းစားစရာ အရေးကြီး အကြောင်းအချက်တွေ ရှိသေးတယ် "

သီရိလင်္ကာနိုင်ငံမှာ လူထု လှုပ်ရှားမှုကြီး အလိုအလျောက် ပေါက်ကွဲထွက်လာတယ်။ အလိုအလျောက် ပေါက်ကွဲထွက်လာတယ်ဆိုလို့ အကြောင်းမဲ့ ဖြစ်ပေါ်လာတယ် ပြောခြင်းမဟုတ်ပေ။ လူထု အုံကြွမှု ဖြစ်ပေါ်ရခြင်း ပကတိဘာဝ အကြောင်းတရားတွေ အမြောက်အမြား ရှိနေခဲ့တယ်။ ငွေကြေးဖောင်းပွမှု အဆမတန် ကြီးမားနေတယ်၊ ပြည်သူတွေရဲ့ လူနေမှုဘဝ ဆိုးရွားသထက် ဆိုးရွားလာတယ်၊ လျှပ်စစ်မီး ဖြတ်တောက်ခံနေရတယ်၊ တရက်ကို ၄ နာရီ အဖြတ်ခံရတဲ့ အခြေအနေကနေ ၇ နာရီ အဖြတ်ခံရတယ်၊ ဒီနောက် ၁၃ နာရီအထိ အဖြတ်ခံလာရတယ်။ သီရိလင်္ကာနိုင်ငံဟာ ဒေဝါလီခံရမယ့်ကိန်း ဆိုက်နေတယ်။ တိုင်းပြည်ရဲ့ ကြွေးမြီက ကန်ဒေါ်လာ ၇ ဘီလျံ (သန်းခုနစ်ထောင်) ရှိနေပေမယ့် အစိုးရလက်ထဲမှာ နိုင်ငံခြားသုံး အရံလက်ကျန် ကန်ဒေါ်လာ သန်း ၅၀၀ ပဲ ရှိတော့တယ်။ ကြွေးမြီတွေကို ဘယ်လိုမှ ပြန်ဆပ်နိုင်စရာ မရှိဘူး။ ဒီတော့ ပြည်ပကနေ တင်သွင်းရတဲ့ အခြေခံ စားသုံးကုန်တွေ (လောင်စာဆီ၊ ဓာတ်ငွေ့၊ နို့မှုန့်၊ စက္ကူ၊ ဘီလပ်မြေ၊ စသဖြင့်) အကန့်အသတ်နဲ့ပဲ တင်သွင်းနိုင်တော့တယ်။ ဆေးရုံတွေဆိုရင်လည်း မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးတွေကို ပြတ်လုနီးပါး ဖြစ်နေပြီ။ လောင်စာဆီ မတင်သွင်းနိုင်တဲ့အခါ လျှပ်စစ်မီး ပြတ်တောက်မှု ပိုဆိုးလာတယ်။ အခြေခံ စားသုံးကုန် ပြတ်လပ်မှုဟာ ငွေကြေးဖောင်းပွမှုကို

တွန်းတင်ပေးနေတယ်။ တရားဝင် ငွေကြေးဖောင်းပွမှုနှုန်းဟာ ၁၈.၇%ဆိုပေမယ့် စားသုံးကုန်စျေး ဖောင်းပွမှုက ၃၀.၂ % ရှိနေတယ်၊ ဓာတ်ဆီစျေးတွေက ဇန်နဝါရီလကထက် နှစ်ဆခုန်တက်သွားတယ်။ ဓာတ်ဆီဖြည့်ရဖို့ လူတွေ ကြိတ်ကြိတ်တိုး တန်းစီစောင့်လာရတယ်။ ဖယောင်းတိုင် တထုပ်ကို ရူပီး ၅၀၀ (ကန် ၁ ဒေါ်လာ = ၂၉၄.၁၈ ရူပီး) အထိ စျေးတက်သွားလို့ ဖယောင်းတိုင်မီး ထွန်းဖို့တောင် မတတ်နိုင်တဲ့ ပြည်သူ့ဘဏ္ဍာတွေ သန်းပေါင်းများစွာ ခိုးယူပြီး ပြည်ပဘဏ်အကောင့်တွေထဲ သိုသိပ်ထားကြတယ်။ ပန်ဒိုရာ စာတမ်းတွေထဲ ပါလာတဲ့ သမ္မတ Rajapaksa မိသားစုကို ရည်ရွယ်ပြီး "လောင်စာဆီကို ပန်ဒိုရာ ဒေါ်လာတွေနဲ့ ဝယ်ပါ"ဆိုတဲ့ ကြွေးကြော်သံတွေ တွေ့လာရတယ်။ ဒီလို ဆိုးရွားလှတဲ့ လူမှုဘဝအခြေအနေတွေကိုဆက် သည်းမခံနိုင်တော့တဲ့ လူထုက ရုန်းထတိုက်ပွဲဝင်လာကြခြင်း ဖြစ်ပါတယ်။




မိသားစုတွေလည်း ဒုနဲ့ဒေးရှိနေတယ်။ အများတကာ့ အများစုကြီးဖြစ်တဲ့ လုပ်သားထုက အခုလို အခြေအနေတွေ ရင်ဆိုင်နေရပေမယ့် သီရိလင်္ကာ အုပ်စိုးသူ လူတန်းစားကတော့ ဒီလို ဆိုးရွားတဲ့ အခြေအနေတွေ သီရိလင်္ကာမှာမှ ရှိနေတာ မဟုတ်ဘူး၊ ဗမာပြည်မှာလည်း ရှိနေတာပဲ၊ ဘာဖြစ်လို့ ဗမာလူထုက မအုံကြွသေးတာလဲလို့ မေးစရာရှိတယ်။ ဗမာပြည်မှာ လူထုရဲ့

လူနေမှုဘဝဟာ စုတ်ပြတ်သတ်နေပြီ၊ လျှပ်စစ်မီး ဖြတ်တောက်ခံရတာလည်း သီရိလင်္ကာထက်မလျော့ဘူး၊ ငွေကြေးဖောင်းပွမှုကလည်း hyperinflation ဖြစ်နေပြီ၊ ဓာတ်ဆီဈေးကလည်း နစ်ဆကျော်နေပြီ၊ အညှော်စား စားအုန်းဆီဈေးတောင် ခေါင်ခိုက်နေပြီ၊ ကြွေးမြီက လည်ပင်းနစ်နေပြီ။ ဒါတင်မကသေး၊ အာဏာသိမ်း စစ်တပ်ရဲ့ ရက်ရက်စက်စက် သတ်ဖြတ်မှုတွေ၊ ရွာလုံးကျွတ် မီးရှို့သတ်ဖြတ်မှုတွေ၊ အပြစ်မဲ့ လူငယ်တွေကို တသက်တကျွန်း ထောင်ချပစ်တာတွေ




သေဒဏ်ပေးတာတွေလည်း လုပ်နေသေးတယ်။ ဒီလောက် ရက်စက်ယုတ်မာတဲ့ စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင် အစုလေးတွေကပဲ ပုန်ကန်နေပြီး ကျန်အများစုက ဘေးကနေပဲ ရပ်ကြည့်နေတယ်၊ အားပေးနေတယ်၊ ထိုင်ကလစ်ပြီး အာသာဖြေနေကြတယ်၊

ကိုယ်တိုင် ရုန်းထတိုက်ပွဲဝင်ပါတော့လားလို့ အပြစ်တင်သူတွေလည်း ရှိနေပြီ။ အာဏာသိမ်း တနစ်ပြည့်မှာ အထွေထွေ သပိတ် ကော(လ်)ခေါ်တဲ့ အဖွဲ့ကလည်း ခေါ်ခဲ့ပြီးပြီ။ ဒါလည်း မတုံ့ပြန်ကြဘူး၊ အိမ်တွင်းအောင်း သပိတ်မှာပဲ ပါသလိုလို ရှိခဲ့တယ်။ ဒါကို အားမလိုအားမရဖြစ်ပြီး လူထုကို ထိုင်ဆဲနေတဲ့ sectarian တွေလည်း ရှိတယ်။ တော်လှန်ရေး မအောင်မြင်ရခြင်းဟာ လူထုက သတ္တိနည်းလို့၊ စွန့်လွှတ်မှု ပေးဆပ်မှု မလုံလောက်လို့၊ ထိုင်ကလစ်နေလို့၊ အာသာဖြေနေလို့ စသဖြင့် အမျိုးမျိုး ပြောတတ်ကြတယ်။ လူထုကို အပြစ်တင်နေတာ မဟုတ်ဘူးလို့ ငြင်းကောင်းငြင်းနိုင်တယ်။

ဒါပေမယ့် ဒီလိုအမြင်မျိုးကနေ "တော်လှန်ရေး မအောင်မြင်တာ လူထုကြောင့်"ဆိုတဲ့ နိဂုံးချုပ်ချက်မျိုးပဲ ရနိုင်တယ်။ ဒီထက် ပိုနားမလည်နိုင်ဘူး။ ဒီလို ရှုမြင်သုံးသပ်မှုမျိုးကို ကျနော်တို့ မာ့က်စ်ဝါဒီတွေ ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။ သတ္တိသက်သက်၊ စွန့်လွှတ်ပေးဆပ်မှုသက်သက်နဲ့ တော်လှန်ရေး အောင်နိုင်တယ်ဆိုရင် ဗမာပြည်က အဓိနိပ်ခံ လူထုကြီး အောင်ပွဲ အလီလီခံနိုင်ခဲ့တာ ကြာပါပြီ။ ဘာ့ကြောင့် တော်လှန်ရေး မအောင်မြင်ခဲ့တာလဲ လေးလေးနက်နက် ဆန်းစစ်ကြည့်ဖို့ အင်မတန် အရေးကြီးတယ်။ တော်လှန်ရေး ခေါင်းဆောင်မှု၊ တော်လှန်ရေး မဟာဗျူဟာနဲ့ နည်းနာ၊ ပေါ်လစီနဲ့ ပရိုဂရမ်တွေ၊ အတိုချုပ်ဆိုရရင် subjective factor ပိုင်း ချို့တဲ့ခဲ့လို့ ဖြစ်တယ်။ ပကတိဘာဝ အခြေအနေ ရင့်မှည့်လာလို့ လူထုကြီးက ရန်းထတိုက်ပွဲဝင်လာတဲ့အခါ လူထုရဲ့ တိုက်ပွဲဝင် စွမ်းအားတွေကို စုစည်းပြီး အောင်ပွဲဆီ ချီတက်သွားနိုင်စွမ်းရှိတဲ့ ဦးဆောင် တော်လှန်ရေး အဖွဲ့အစည်းနဲ့ တော်လှန်ရေး ခေါင်းဆောင်မှု မရှိခဲ့ရင် piston-box မရှိတဲ့ ရေနွေးငွေ့တွေလိုပဲ လွင့်ပြယ်သွားမယ်။ မီးရထားကို လိုရာခရီး ရောက်အောင် ရွှေ့စေမှာ မဟုတ်ဘူး။ ဒီလိုဆိုလို့ မီးရထားကြီး ရွေ့လျားနိုင်အောင် piston-box က မောင်းနှင်ပေးတယ် မဆိုလိုဘူး၊ မီးရထားကြီး ရွေ့လျားနိုင်အောင် မောင်းနှင်တာသည် ရေငွေးငွေ့စွမ်းအင်သာ ဖြစ်တယ်၊ ဒါပေမယ့် piston-box မရှိပြန်ရင်လည်း ရေနွေးငွေ့စွမ်းအင်တွေဟာ မီးရထားကြီးကို ရွေ့လျားနိုင်အောင် မောင်းနှင်မပေးနိုင်တော့ဘဲ လေထဲမှာလွင့်ပြယ်သွားကြမယ်။ ဒါဟာ ဒိုင်ယာလက်တစ် ဆက်နွှယ်မှုပဲ။ အလားတူပဲ ခေတ်ပြောင်း တော်လှန်ရေးတရပ်ကို မောင်းနှင်တာဟာလည်း လူထုကိုယ်တိုင် ရုန်းထလှုပ်ရှားတဲ့ လူတန်းစား တိုက်ပွဲသာဖြစ်တယ်၊ ဒါပေမယ့် piston-box နဲ့တူတဲ့ ဘော်ရှီဗစ် တော်လှန်ရေး ပါတီမျိုးမရှိခဲ့ရင် လူထုရဲ့ တိုက်ပွဲဝင် စွမ်းအားတွေ လိုရာခရီးမရောက်နိုင်ဘဲ လွင့်ပြယ်သွားတတ်ကြောင်း သမိုင်းမှာ အကြိမ်ကြိမ် မြင်တွေ့ခဲ့ရပြီးပြီ။ လူ့သမိုင်းမှာတော့ လူထုရဲ့ တိုက်ပွဲဝင် စွမ်းအင်တွေ လွင့်ပြယ်သွားရုံသက်သက်မဟုတ်ဘဲ ရက်စက် ကြမ်းကြုတ်တဲ့ တန်ပြန် တော်လှန်ရေးကိုပါ ရင်ဆိုင်ကြရတယ်။ ဒီလို နားမလည်တဲ့အခါ တော်လှန်ရေး မအောင်မြင်ရခြင်းရဲ့ တရားခံရှာဖို့ ပက်တီးဘူဇွာ အချင်းချင်း scapegoat လုပ်ကြတာတွေ ရှိသလို နင်းပြား လူထုကိုပါ တဖက်လှည့်နဲ့ အပြစ်ဖို့တာတွေ တိုက်ရိုက်တမျိုး သွယ်ဝိုက်တဖုံ အမျိုးမျိုး လုပ်လာကြတယ်။ နောက်ဖားရှင်းတမျိုးက တော်လှန်ရေး ဒါမှမဟုတ် လူထုအုံကြွမှု ဒါမှမဟုတ် အထွေထွေ သပိတ်ကို လက်ဖျောက်တီးပြီး ခေါ်ချင်တဲ့အချိန် ခေါ်လို့ရတယ် ထင်တာမျိုး။ လူထုကို အပြစ်ဖို့တဲ့ ပုံစံတော့

မလုပ်ဘူး၊ လှုံ့ဆော်စည်းရုံးမှု လုပ်သလိုလိုနဲ့ ကော(လ်)တွေ ထိုင်ခေါ်နေတာမျိုး။ ဒါကို တရားထူထောင်ဖို့ ဗမာပြည်မှာ လူထု အုံကြွမှု ထပ်ဖြစ်နိုင်တဲ့ ပကတိဘာဝ အခြေအနေတွေ ပြည့်စုံနေကြောင်း အချက်အလက်တွေ ဆွဲထုတ်ပြတယ်။ အပေါ်မှာဆိုခဲ့သလိုပဲ သီရိလင်္ကာမှာ လူထု အုံကြွမှုဖြစ်ပေါ်စေတဲ့ ပကတိဘာဝ အခြေအနေမျိုး ဗမာပြည်မှာ လုံလောက်တာထက်



ပိုပြည့်စုံနေပြီးသား ဖြစ်ပါတယ်။ ဒီအချက်ကို ခြွင်းချက်မရှိ သဘောတူတယ်။ ဒါပေမယ့် ပကတိဘာဝ အခြေအနေ ပြည့်စုံတိုင်း လူထုအုံကြွမှု ဖြစ်ရမယ်လို့ mechanistic ဆန်ဆန် အဓိပ္ပါယ်ကောက်လို့ မရနိုင်ဘူး။ အလားတူပဲ မတရားမှုတွေ၊ ဖိနှိပ်မှုတွေ ကြုံလာတိုင်း လူထု အုံကြွမှုတွေ ထဖြစ်နေမယ်လို့လည်း moralistic ရှုထောင့်ကနေ စိတ်ကူးယဉ်လို့

မဖြစ်ဘူး။ moralistic ရှုထောင့်ကနေ လူတန်းစား တိုက်ပွဲကို ချဉ်းကပ်မယ်ဆိုရင် ရှစ်လေးလုံး အရေးတော်ပုံကြီးဟာ ၁၉၆၂ ခုနှစ် ဆဲဗင်းဂျူလိုင်မှာကတည်းက ဖြစ်ခဲ့သင့်တယ်၊ လက်ဖက်ရည်ဆိုင် ရန်ပွဲကလေးကနေ စဖြစ်တယ်လို့ ဆိုတတ်ကြတဲ့ ၁၉၈၈ မှာ ဘာ့ကြောင့် လူထု အရေးတော်ပုံ ဖြစ်မှာလဲ။ အမေရိကန်မှာ လူမည်းအမျိုးသားတဦး အသတ်ခံရရုံနဲ့

လူတွေ သန်းနဲ့ချီ လမ်းပေါ်ထွက်လာကြတယ်၊ ဗမာပြည်မှာတော့ ရိုဟင်ဂျာတွေ လူမျိုးတုန်း သတ်ဖြတ်ခံရတာတောင် တရားမျှတမှုအတွက် တိုက်ပွဲမဝင်ကြဘူးလို့ ၂၀၂၀ လောက်တုန်းက လူထုကို အပြစ်တင်ခဲ့ကြတဲ့ လက်ဝဲတချို့ရှိတယ်။ အဲဒီလူထုကပဲ ၂၀၂၁ မှာ အသက်နဲ့ ရင်းပြီး တော်လှန်ရေး ဆင်နွှဲခဲ့တယ်၊ ဒါကို တရားမျှတမှုဆိုတဲ့ moral ရှုထောင့်ကနေ ဘယ်လို ရှင်းပြကြမလဲ။

ပကတိဘာဝ အခြေအနေတွေ ရင့်မှည့်တိုင်း လူထုအုံကြွမှု ဖြစ်ရမယ်ဆိုတဲ့ mechanistic ဆန်ဆန် နားလည်မှုမျိုး၊ မတရားမှုတွေ ရှိလာတိုင်း လူထုက အုံကြွနေရမယ်ဆိုတဲ့ ချဉ်းကပ်မှုမျိုးဟာ လူထု အရေးတော်ပုံတခုကို ဘယ်လို မှ နားမလည်နိုင်ဘူး၊ ရှင်းမပြနိုင်ဘူး။ ဗမာပြည်မှာ လူထုအုံကြွမှု ထပ်ဖြစ်နိုင်တဲ့ ပကတိဘာဝ အခြေအနေတွေ ရှိနေတယ်ဆိုရင် လူထုအုံကြွမှုတခု နောက်တချီ ထပ်ဖြစ်တော့မလားလို့ မေးစရာရှိတယ်။ living forces တွေရဲ့ ရုန်းကန်လှုပ်ရှားမှုဖြစ်တဲ့အတွက် ဘယ်သူမှ အတိအကျ မခန့်မှန်းနိုင်ပါဘူး။ လူထု အရေးတော်ပုံကြီးတခု မလွဲမသွေ ထပ်ဖြစ်မှာတော့ သေချာတယ်။ ဘယ်အချိန်မှာ ဘယ်လို အကြောင်းနဲ့ တကျော့ပြန်လာမလဲ အတိအကျ ခန့်မှန်းဖို့ မဖြစ်နိုင်ပေ။ သီရိလင်္ကာမှာ လူထုအုံကြွမှု ဖြစ်စေတဲ့ အခြေအနေတွေ ဗမာပြည်မှာ ရှိနေတယ်ဆိုတဲ့ အချက်အပြင် ထည့်သွင်းစဉ်းစားစရာ အရေးကြီး အကြောင်းအချက်တွေ ရှိသေးတယ်။ ဗမာပြည် လူထုဟာ ၂၀၂၁ နွေဦးမှာ တော်လှန်ရေးတရပ်ကို ဆင်နွှဲခဲ့တယ်။ သန်းပေါင်းများစွာ ပါဝင်ခဲ့တဲ့ လူထု အရေးတော်ပုံကြီး ဖြစ်ပါတယ်။ ဒါ့အပြင် အုပ်စိုးသူ လူတန်းစားရဲ့ တန်ပြန် ရက်စက်မှုကို အလူးအလဲခံခဲ့ရတယ်၊အခုထိ ခံနေရဆဲဖြစ်တယ်၊ စစ်ပြေးသူ ပြေးရ၊ အလုပ်လက်မဲ့ဖြစ်သူဖြစ်ရ၊ ထောင်ကျခံနေရ၊ ရွာလုံးကျွတ်မီးရှို့ခံနေရ၊ စသဖြင့်။ ၂၀၂၁ မှာ ရုန်းထတိုက်ပွဲဝင်ခဲ့တဲ့ ဗမာပြည် လူထုကြီးဟာ အုပ်စိုးသူ လူတန်းစားရဲ့ counter-terror ကို မရှုမလှ ခံရတဲ့အပြင် တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ယူထားသူတွေရဲ့ အချောင်သမားဝါဒအမှားတွေ၊ ultra-left အုပ်စုတွေရဲ့ နည်းဗျူဟာအမှားတွေကိုလည်း ခံထားရတယ်။ ဒီအကြောင်းအချက်တွေဟာ လူထုအုံကြွမှု နောက်တချီ မြန်မြန်ဖြစ်နိုင်ချေကို



ရိုက်ချိုးပစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတန်းစား တိုက်ပွဲဟာ မလွဲမသွေ အားကောင်းလာဦးမှာပဲ။ ဒီအချက်ကိုတော့ ယုံမှားသံသယ ဖြစ်စရာမလို၊ သို့သော် မြန်မြန်ဖြစ်ရမယ့် အနေအထားကနေ လိုတာထက် ပိုကြာသွားနိုင်ချေတွေ ရှိလာတယ်။ ဒါပေမယ့် ဆိုခဲ့ပြီးသလိုပဲ လူထုအုံကြွမှု ထပ်ဖြစ်နိုင်တဲ့ ပကတိဘာဝ အခြေအနေတွေက ရှိနေပြီးသားဖြစ်တဲ့အတွက် လူထု အရေးတော်ပုံတခု အချိန်တိုတိုတွင်း ထပ်ဖြစ်လာနိုင်ချေရှိတာကိုလည်း မေ့ထားလို့မရဘူး။ လူထုအုံကြွမှု မြန်မြန်ဖြစ်မှာလား၊ နှစ်တွေကြာမှ ဖြစ်မှာလားဆိုတဲ့ အချက်ထက် ပိုအရေးကြီးတာက လူထုအုံကြွမှု ဖြစ်လာတာနဲ့ တော်လှန်ရေး အောင်နိုင်သလား။ ဒီအချိန်မှာ လူထုတရပ်လုံး လမ်းပေါ်ထွက်ကြပြော့လို့ ကော(လ်) ခေါ်ကြည့်ရင် သာမန်လူထုကြားမှာ ဒီမေးခွန်းကို မေးလာကြမှာပဲ။ ငါတို့ လမ်းပေါ် ထွက်ခဲ့ကြပြီးပြီ။ နောက်ထပ် လမ်းပေါ်ထပ်ထွက်ရင်ကော ငါတို့ လိုလားချက်တွေ ရနိုင်မလား။ ရန်သူ့ဘက်က လူတွေ ထပ်သတ်လာဦးမှာပဲ။ ဒါဆိုရင် ဘယ်လို ရင်ဆိုင်မလဲ။ တနည်းအားဖြင့် လူထုအုံကြွမှု ဖြစ်လာရင် way forward က ဘာလဲ၊ အလုပ်သမား လူတန်းစားကိုယ်တိုင် အာဏာသိမ်းယူရေး တက်လှမ်းနိုင်အောင် ဘာတွေ ပြင်ဆင်ထားကြမလဲ၊ ဘယ်အတိုင်းအတာအထိ ပြင်ဆင်ထားနိုင်မလဲ၊ လူထု လှုပ်ရှားမှုအတွင်း decisive intervention ဝင်နိုင်ဖို့ တော်လှန်ရေး ကေဒါတွေ အရေအတွက် လုံလုံလောက်လောက် ပြင်ဆင်ထားနိုင်မလား။ လူတွေကို အပြစ်ဖို့နေတာထက်၊ လူထုကို တခုခုထလုပ်ဖို့ ဖုတ်ပူမီးတိုက် လှုံ့ဆော်နေတာထက် လုံလောက်တဲ့ ပြင်ဆင်မှုတွေ လုပ်ထားနိုင်ဖို့က ပိုအရေးကြီးပါတယ်။ လူထု လှုပ်ရှားမှုကြီး ထပ်မဖြစ်မှာ ပူစရာမရှိပါ။ ဖြစ်လာရင် အထက်ပါအချက်တွေ ကိုယ့်ဘက်က ဘယ့်လောက် ပြင်ဆင်ထားနိုင်မလဲက အနိုင်အရှုံးကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။ လူထုအုံကြွမှု ထပ်ဖြစ်လိုက်တာနဲ့ အလိုလို အောင်ပွဲခံသွားမယ်လို့ စိတ်ကူးယဉ်နေလို့ မရပါဘူး။

မေဆန်

၃၊ မေ၊ ၂၀၂၂



# “CLASS STRUGGLE IS THE WAY FORWARD”

သာမန်ကြည့်ရင် မဲနိုင်ပါတီ အစိုးရမဖြစ်လို့ အလုပ်မဆင်းဘဲ စစ်အာဏာဖီဆန်ကြတယ်လို့ ထင်စရာရှိတယ်။ တကယ်တော့ ဒီစစ်အာဏာသိမ်းမှုကို စတင်ဆန့်ကျင်လိုက်တဲ့ ကျန်းမာရေး အလုပ်သမားတွေဟာ တရက်ကို ၂၄ နာရီဂျူတီ ဆင်းခဲ့ရသူတွေ ဖြစ်နေတယ်။ ရတဲ့လစာက ကျပ် ၂သိန်းကျော်ပဲ ရှိတယ်။ ကိုဗစ်-၁၉ ကပ်ဘေးနဲ့ ကြုံလာရတဲ့အခါ ဝန်ထမ်း အရေအတွက် အလွန်အမင်း နည်းပါးမှုကြောင့် ဆထက်တပိုး ဝန်ပိခဲ့ကြသူတွေ ဖြစ်တယ်။ ဒီလို အကြောင်းတရားတွေ နှစ်ရှည်လများ စုပြုံလာခဲ့ရာက စစ်အာဏာသိမ်းမှုနဲ့ပါ ထပ်တိုးကြုံလိုက်ရတဲ့အခါ ဆက်သည်းခံလို့မရတဲ့ ရေဆူမှတ်ကို ရောက်ရှိသွားပြီး စီဒီအမ်ဆိုတာ ဖြစ်လာခဲ့တာပဲ။

ဒီနေ့ဟာ အလုပ်သမား လူတန်းစားရဲ့ သမိုင်းဝင် မေဒေးနေ့ ဖြစ်ပါတယ်။ တရက် အလုပ်ချိန် ၈ နာရီဖြစ်လာဖို့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ရှေးမျိုးဆက် အလုပ်သမားထုကြီး တိုက်ပွဲဝင်ခဲ့ရတယ်။ ၂၀ ရာစုကုန်လို့ ၂၁ရာစုရဲ့ တတိယ ဆယ်စုနှစ်ထဲ ရောက်ရှိလာချိန်မှာ သိပ္ပံနဲ့ နည်းပညာ တိုးတက်မှုတွေရဲ့ အကျိုးကျေးဇူးကြောင့် ကမ္ဘာ့အလုပ်သမား လူတန်းစားရဲ့ ကုန်ထုတ်သတ္တိ "productivity" ဟာ အဆပေါင်းများစွာ တိုးတက်လာခဲ့ပါတယ်။ ဒါဆိုရင် တရက်တာ အလုပ်ချိန်ဟာ ၈ နာရီကနေ အများကြီး လျော့နည်းသွားသင့်တယ် မဟုတ်ပါလား။

အရင်းရှင်စနစ် အောက်မှာတော့ အလုပ်ချိန်ဟာ လျော့နည်းမသွားခဲ့ပါဘူး။ မေဒေးလှုပ်ရှားမှု စတင်ခဲ့ရာ အမေရိကန် ပြည်ထောင်စုရဲ့ အချမ်းသာဆုံး စာရင်းဝင် Bezosပိုင် အမေဇုံကုမ္ပဏီက ၁.၆သန်းသော အလုပ်သမားတွေဟာ တရက်ကို ၁၀-၁၂ နာရီအထိ အလုပ်လုပ်နေကြရတယ်။ အလုပ်သမား သမဂ္ဂဖွဲ့စည်းခွင့်ကိုတောင် နည်းအမျိုးမျိုးသုံးပြီး ပိတ်ပင်ထားခဲ့တယ်။

ဒီကနေ့ ဗမာပြည် အလုပ်သမား လူတန်းစားဟာ တရက်ကို အလုပ်ချိန် ရှစ်နာရီထက်ကျော်လွန်ပြီး လုပ်နေကြရတယ်။ အလုပ်သမား လူတန်းစားလို့ ဆိုလိုက်ရင် စက်မှုဖုံက အလုပ်သမား လူတန်းစားမှ အလုပ်သမားလို့ ထင်တတ်ကြတယ်။ အလုပ်သမား လူတန်းစားဟာ ဒီထက်အများကြီး ကျယ်ပြန့်ပါတယ်။ စက်မှုဖုံ အလုပ်သမား လူတန်းစားဟာ အစိုးရ ရုံးဝန်ထမ်းလို စနေ တနင်္ဂနွေ ပိတ်ရက် ခံစားခွင့်မရသလို မသေရုံတမယ် လုပ်ခလစာတွေကြောင့် အချိန်ပို မဆင်းချင်လည်း ဆင်းကြရတယ်။ ဒါ့ကြောင့် ပျမ်းမျှအားဖြင့် တရက်တာ အလုပ်ချိန် ၁၀-၁၂နာရီအထိ နေ့စဉ်အလုပ်လုပ်နေကြရတယ်။

အစိုးရဝန်ထမ်း ဒါမှမဟုတ် လူလတ်တန်းစားလို့ ယူဆခံကြရတဲ့ public sector က အလုပ်သမား လူတန်းစားရဲ့ အခြေအနေကို တချက်ကြည့်ပါ။ လူလတ်တန်းစားလို့ ယူဆခံရတဲ့ public sector က ဝန်ထမ်းအများစုရဲ့ လစာဟာ ကျပ်၂ သိန်း နဲ့ ၃ သိန်းကြားမှာပဲ ရှိပါတယ်။ ဒီအလွှာဟာ သူတို့ကိုယ်သူတို့ အလုပ်သမား လူတန်းစားအဖြစ်

conscious မဖြစ်ကြရင်တောင် ကုန်ထုတ်ဖြစ်စဉ်အတွင်း ရောက်ရှိနေတဲ့ အနေအထားအရသူတို့ဟာအလုပ်သမား လူတန်းစားပဲ ဖြစ်တယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း စစ်အာဏာဖီဆန်ခြင်းကို စတင် ခဲ့ကြတဲ့ health care workerတွေဟာ သူတို့ကိုယ် သူတို့ အလုပ်သမားလို့ မခံယူထားရင်တောင် အလုပ်သမားတွေ ဖြစ်ကြတယ်။ သာမန်ကြည့်ရင် မဲနိုင်ပါတီ အစိုးရမဖြစ်လို့ အလုပ်မဆင်းဘဲ စစ်အာဏာဖီဆန် ကြတယ်လို့ ထင်စရာရှိတယ်။ တကယ်တော့ ဒီစစ်အာဏာသိမ်းမှုကို စတင်ဆန့်ကျင်လိုက်တဲ့ ကျန်းမာရေး အလုပ်သမားတွေဟာ တရက်ကို ၂၄ နာရီဂျူတီ ဆင်းခဲ့ရသူတွေ ဖြစ်နေတယ်။ ရတဲ့လစာက ကျပ် ၂သိန်းကျော်ပဲ ရှိတယ်။ ကိုဗစ်-၁၉ ကပ်ဘေးနဲ့ ကြုံလာရတဲ့အခါ ဝန်ထမ်း အရေအတွက် အလွန်အမင်း နည်းပါးမှုကြောင့် ဆထက်တပိုး ဝန်ပိခဲ့ကြသူတွေ ဖြစ်တယ်။ ဒီလို အကြောင်း တရားတွေ နှစ်ရှည်လများ စုပြုံလာခဲ့ရာက စစ်အာဏာသိမ်းမှုနဲ့ပါ ထပ်တိုးကြုံ လိုက်ရတဲ့အခါ ဆက်သည်းခံလို့မရတဲ့ ရေဆူမှတ်ကို ရောက်ရှိသွားပြီး စီဒီအမ်ဆိုတာ ဖြစ်လာခဲ့တာပဲ။

ပုဂ္ဂလိက ကဏ္ဍကို ကြည့်ဦးမလား။ ကျန်းမာရေး အလုပ်သမား လူတန်းစားကြားမှာ ရာထူးတွေ၊ လစာတွေ၊



အဆင့်တွေနဲ့ ခွဲခြားထားတယ်။ သူနာပြုတယောက်ရဲ့ အခြေခံလစာဟာ ကျပ်သုံးသိန်းခွဲ ဝန်းကျင်ပဲရှိပါတယ်။ အထူးကုမဟုတ်တဲ့ ဆရာဝန်တယောက်ရဲ့ အခြေခံလစာဟာ ၅သိန်းဝန်းကျင်ပဲ ရှိပါတယ်။ သူနာပြုအကူတယောက်ရဲ့ လခဟာ ကျပ်တသိန်းခွဲဝန်းကျင်ပဲ ရှိပါတယ်။ health care workers ဆိုတဲ့ လူတန်းစားကို ရာထူးတွေ၊ အဆင့်တွေနဲ့ အပိုင်းပိုင်းခွဲပစ်လိုက်ခြင်းရဲ့ အကျိုးကျေးဇူးကို ဘယ်လူတန်းစား ခံစားရသလဲဆိုတာ ရှင်းပါတယ်။ တဂျူတီကို သတ်မှတ်ချိန်ဟာ အနိမ့်ဆုံး ၁၂ နာရီဖြစ်တယ်။ ၈ နာရီထက်ကျော်ရင် အချိန်ပိုကြေး ပေးရတယ်ဆိုတာမျိုး ပုဂ္ဂလိကဆေးရုံတွေမှာ ဒီကနေ့အထိ မရှိသေးပါ။

အလားတူပဲ၊ တခြား ပုဂ္ဂလိက လုပ်ငန်းအမျိုးမျိုးမှာလည်း တပတ်ကို ပိတ်ရက် ၂ရက် မခံစားရတဲ့ လုပ်ငန်းက အများစုဖြစ်နေတာ တွေ့ရမယ်။ သာမန်ဝန်ထမ်းအများစုရဲ့ လုပ်ခလစာဟာ ကျပ် ၂သိန်းဝန်းကျင်မှာပဲ ရှိနေတယ်။

၂၁ နွေဦးတော်လှန်ရေးမှာ ဘဏ်တွေ ရပ်ဆိုင်းသွားခဲ့တယ်။ ဘဏ်ဝန်ထမ်း အများစု လူထု လှုပ်ရှားမှုထဲ ပါဝင်လာခဲ့လို့



ရပ်ဆိုင်းသွားခြင်း ဖြစ်တယ်။ သူတို့ရဲ့ အခြေခံလစာဟာ ကျပ် ၂သိန်းခွဲဝန်းကျင်ပဲ ရှိပါတယ်။

၂၁ နွေဦးတော်လှန်ရေးရဲ့ လမ်းပေါ် လူထု လှုပ်ရှားမှုကြီးကို ဖွဲ့ဆော်ဦး မောင်းနှင်ခဲ့သူတွေဟာ လှိုင်သာယာ စက်မှုဇုံက အလုပ်သမား လူတန်းစား ဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်သမားလို့ မခံယူထားကြတဲ့ တခြားတခြားသော ကဏ္ဍပေါင်းစုံက ကျယ်ပြန့်လှတဲ့ အလုပ်သမား လူတန်းစား ပါဝင်ခဲ့ကြတာ အားလုံးအသိ ဖြစ်ပါတယ်။ မီးရထား ဝန်ထမ်းတွေဟာ ပို့ဆောင်ဆက်သွယ်ရေး အလုပ်သမားတွေပဲ ဖြစ်တယ်။

စက်မှုဇုံ အလုပ်သမားတွေဟာ တခြား ကဏ္ဍပေါင်းစုံက အလုပ်သမားတွေထက် အားသာတဲ့အချက်က လူတန်းစား အသိ ပိုတိုးတက်တယ်။ ကိုယ့်ကိုယ်ကိုယ် အလုပ်သမား လူတန်းစားဆိုတဲ့ consciousness မရှိသေးတဲ့ တခြားတခြားသော ကဏ္ဍတွေက အလုပ်သမား အလွှာတွေဟာ စက်မှုဇုံ အလုပ်သမားတွေလို သမဂ္ဂဖွဲ့စည်းထားနိုင်ခြင်း မရှိခဲ့ဘူး။ ၂၁ နွေဦးတော်လှန်ရေးမှာ ပါဝင်ခဲ့ကြပေမယ့် သမဂ္ဂအဖြစ် မစုစည်းနိုင်ခဲ့ကြဘူး။ ဒါ့ကြောင့်လည်း တဦးချင်း ကိုယ်ကျင့်တရား အခြေခံ အာဏာဖီဆန်ရေး အသွင်ဆောင်သွားခဲ့တယ်။ လူတန်းစား အသိ ပိုရှေ့ရောက်တဲ့ စက်မှုဇုံ အလုပ်သမားတွေဟာ သမဂ္ဂတွေ ဖွဲ့စည်းပြီး သပိတ်တိုက်ပွဲတွေ ဆင်နွှဲခဲ့ကြဖူးတဲ့ တိုက်ပွဲ အတွေ့အကြုံတွေ ရှိထားတယ်။ ဒီတိုက်ပွဲ အတွေ့အကြုံတွေက မိမိလူတန်းစားရဲ့ စုပေါင်းစွမ်းအားကို ယုံကြည်မှု ပိုတိုးစေတယ်။ class consciousness ကို ပိုပြီးစူးရှစေတယ်။ ဒါ့ကြောင့် ထောင်သောင်းချီတဲ့ အလုပ်သမားတွေ စုစည်းပြီး လူထု လှုပ်ရှားမှုကို ဖွဲ့ဆော်ဦး မောင်းနှင်ပေးနိုင်ခဲ့ခြင်း ဖြစ်တယ်။

အလုပ်သမား လူတန်းစားဟာ organize မလုပ်နိုင်ရင် အရင်းရှင် လူတန်းစား သွေးစုပ်အမြတ်ထုတ်ဖို့ ကုန်ကြမ်းသက်သက်ပဲ ဖြစ်နေမယ်။ အရင်းရှင်လူတန်းစားဆိုတာ အလုပ်သမား လူတန်းစားကသာ စုစည်း တိုက်ပွဲမဝင်ရင် တရက်ကို ၂၄ နာရီထက် ပိုခိုင်းလို့ရရင်

ခိုင်းချင်တဲ့ လူတန်းစားဖြစ်တယ်။ ကုန်စျေးနှုန်းတွေ ခေါင်ခိုက်ပြီး ငွေကြေး ဖောင်းပွမှု လွန်ကဲနေပေမယ့် အလုပ်သမား လူတန်းစားရဲ့ လုပ်ခလစာဟာ တိုးမလာခဲ့ဘူး။ တိုးမလာတဲ့အပြင် လုပ်ခလစာတွေရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းဟာ ထက်ဝက်မက လျော့နည်းသွားခဲ့တယ်။ တရက် ကျပ်ငါးထောင် လုပ်အားခရတဲ့ အလုပ်သမား တယောက်ဟာ ၂၀၂၁ နှစ်ဆန်းမှာ စားအုန်းဆီ ၂ပိဿာနီးပါး ဝယ်လို့ရခဲ့တယ်၊ အခုချိန်မှာ စားအုန်းဆီ တပိဿာတောင် ဝယ်လို့မရတော့ဘူး။ လုပ်ခလစာ ကျပ် ၅၀၀၀ ချင်းအတူတူပဲ၊ ဒါပေမယ့် အဲဒီ ကျပ်ငါးထောင်ရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းဟာ ထက်ဝက်မက ထိုးကျသွားခဲ့ပြီ။ ဒီတော့ လုပ်ခလစာဟာ အရင်က လစာအတိုင်း ရနေသေးရင်တောင် တကယ့်လက်တွေ့မှာတော့ ထက်ဝက်မက တန်ဖိုးကျဆင်းသွားခဲ့ပြီ ဖြစ်တယ်။

ဒါ့အပြင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း သန်းနဲ့ချီတဲ့အလုပ်သမားတွေအလုပ်လက်မဲ့ ဖြစ်ခဲ့ရတယ်။ ထောင်ကျသူ၊ အသတ်ခံရသူ၊ စစ်ပြေးရသူ၊ အလုပ်ထုတ်ခံရသူ၊ စက်ရုံ အလုပ်ရုံတွေ ပိတ်လိုက်လို့ အလုပ်လက်မဲ့ဖြစ် သွားရသူတွေ သန်းချီရှိလာတယ်။

စစ်အာဏာရှင်စနစ်ရဲ့ ရက်စက်ယုတ်မာမှု၊ အရင်းရှင်စနစ်နဲ့ အရင်းရှင် လူတန်းစားရဲ့ သွေးစုပ်ခြယ်လှယ်မှုအောက်မှာ အလုပ်သမား လူတန်းစား ကျေပြုန်းမသွားဖို့ဆိုရင် မေဒေးအစဉ် အလာအတိုင်း အလုပ်သမား လူတန်းစားကိုယ်တိုင် စုစည်းတိုက်ပွဲဝင်ရုံကလွဲပြီး တခြားလမ်းမရှိပေ။ အလုပ်သမား သမဂ္ဂဆိုတာ အလုပ်သမား လူတန်းစားရဲ့ အခြေခံရပိုင်ခွင့်တွေ မဆုံးရှုံးရအောင် ကာကွယ်တိုက်ပွဲဝင်ရာမှာ လိုအပ်တဲ့ အခြေခံ ယူနစ်ဖြစ်တယ်။ စစ်အာဏာရှင်စနစ်အောက်မှာ တရားဝင်ဖွဲ့စည်းခွင့် မရရင် တရားမဝင်နည်းနဲ့ ဖြစ်အောင် စုစည်းကြရမှာပဲ။ ဒါမှသာ အလုပ်သမား လူတန်းစားလက်ထဲက ထမင်းလုတ်ကို လုယူနေတဲ့ ငွေကြေးဖောင်းပွမှုဒဏ်၊ ကုန်စျေးနှုန်း ခေါင်ခိုက်တဲ့ဒဏ်တွေကို ရင်ဆိုင်နိုင်မယ်။


ကမ္ဘာ့အရင်းရှင်စနစ် အကြပ်ဆိုက်နေတဲ့

ကာလ ငွေကြေးဖောင်းပွမှု ဆိုးရွားပြီး ကုန်စျေးနှုန်းတွေ ခေါင်ခိုက်နေတဲ့ အခြေအနေကို ရင်ဆိုင်တိုက်ပွဲဝင်တဲ့အခါ လုပ်ခလစာ တိုးမြှင့်ရေး တိုက်ပွဲဝင်ကြရတယ်။ ဒီအခါ အခြေခံ လုပ်ခလစာရဲ့ % ဘယ့်လောက်တိုးပေးရေး တိုက်ပွဲဝင်မလား။ ဒါဆိုရင် အလုပ်မဖြစ်နိုင်ဘူး။ လစာတွေတိုးလို့ ကုန်စျေးနှုန်း လိုက်တက်ကုန်ပြီ၊ ငွေကြေး ဖောင်းပွကုန်ပါပြီလို့ ဆိုတတ်ကြတဲ့ ဘူဇွာ ကိုယ်စားလှယ်တော်တွေက ရှိသေးတယ်။ တကယ်တော့ ငွေကြေးဖောင်းပွလို့၊ ကုန်စျေးနှုန်း မိုးထောင်တက်နေလို့ အလုပ်သမား လူတန်းစားက ခုခံကာကွယ်ရခြင်း ဖြစ်တယ်။ ဒီလို ခုခံကာကွယ်တဲ့အခါ sliding scales of wages ကို အလုပ်သမား သမဂ္ဂတွေရဲ့ လုပ်ငန်းစဉ်တရပ်အနေနဲ့ကိုင်စွဲတိုက်ပွဲဝင်ဖို့ အရေးကြီးတယ်။ သဘောက ကုန်စျေးနှုန်း တိုးတဲ့ အချိုးအစား၊ ငွေကြေးဖောင်းပွတဲ့ အချိုးအစားနဲ့ ကာမိအောင် လုပ်ခလစာကိုလည်း တပြေးညီ လိုက်တက်ပေးရမယ်။ တကယ်လို့သာ အခြေခံ လုပ်ခလစာရဲ့ ၅၀% တိုးပေးရေး လုပ်မယ်ဆိုရင် ကျပ်ငါးထောင်ပဲ ရနေတဲ့ လူတန်းစားအဖို့ ၂၅၀၀ ကျပ်တိုးလာရုံနဲ့ ဘယ်လိုမှ မလောက်ငှနိုင်ဘူး။ ၁၀၀ % တိုးရင်တောင် ငွေကြေးဖောင်းပွမှုနှုန်းနဲ့ လိုက်မမီသေးဘူး။

ဒါ့ကြောင့် ခေတ်ကာလအနေအထား ငွေကြေးဖောင်းပွမှု ကုန်စျေးနှုန်းထိုးတက်မှု ဒါတွေအားလုံးနဲ့ လိုက်ပြီး တပြေးညီတိုးပေးရတဲ့ လုပ်ခလစာစနစ်ကို လုပ်ငန်းစဉ်တရပ်အနေနဲ့ ချမှတ် တိုက်ပွဲဝင်ဖို့ လိုပါတယ်။ ဒီအတွက် အလုပ်ခွင်တိုင်းမှာ အလုပ်သမား သမဂ္ဂတွေ ဖွဲ့စည်းနိုင်အောင် ရုန်းကြရမယ်။

လစ်ဘရယ်တွေက ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို လူ့အခွင့်အရေး ကြေညာစာတမ်းမှာ တခုတ်တရ ရေးထားပေမယ့် Right to Employment ဟာ အလုပ်သမား လူတန်းစားရဲ့ အခြေခံအကျဆုံး လူ့အခွင့်အရေးတခု ဖြစ်တာကိုတော့ မေ့ထားကြတယ်။ Right to Organize, Right to Strike ဟာလည်း အလုပ်သမား လူတန်းစားရဲ့ အခြေခံအကျဆုံး အခွင့်အရေးဖြစ်တယ်။

- Fight for organized and united labor movement!
- Fight for a Revolution!
- Down With the Military Regime!



# လက်နက်ကိုင် တော်လှန်ရေးနဲ့ မာ့(က်စ်)ဝါဒအမြင်

# လက်နက်ကိုင် တော်လှန်ရေးနဲ့ မာ့(က်စ်)ဝါဒအမြင်

ဗမာပြည် နိုင်ငံရေးသမိုင်းမှာ လက်နက်ကိုင် တော်လှန်ရေး 'armed struggle' (AS) ရဲ့ အစဉ်အလာက အတော် ကြီးမားပါတယ်။ ဗြိတိန် အင်ပိုင်ယာအောက်ကနေ 'formal independence' ကို ကြေညာပြီး လပိုင်းအကြာမှာပဲ လက်ယာဂိုဏ်းသားတွေကြီးစိုးတဲ့ ဖဆပလ အစိုးရက ဗမာပြည် ကွန်မြူနစ်ပါတီကို အကြမ်းဖက် နှိပ်ကွပ်မှုတွေ လုပ်ခဲ့တယ်။ ဒီလို ဖဆပလအစိုးရဲ့ အကြမ်းဖက်နှိပ်ကွပ်မှုကို တုံ့ပြန်တဲ့အနေနဲ့ ဗမာပြည် ကွန်မြူနစ်ပါတီက ကျေးလက်အခြေခံ လက်နက်ကိုင် တော်လှန်ရေးကို စတင်ခဲ့တယ်။ မြို့ပြ အလုပ်သမား လူတန်းစားကို mobilise လုပ်ပြီး တုံ့ပြန်တိုက်ပွဲမဝင်ခဲ့ဘူး။ ကွန်မြူနစ်ပါတီဟာ အလုပ်သမား လူတန်းစားရဲ့ တပ်ဦးပါတီ ဖြစ်တယ်လို့ ကြွေးကြော်ထားပေမယ့် တကယ့်လက်တွေ့မှာတော့ အလုပ်သမား လူတန်းစားကို ကျောခိုင်းပြီး မော်ဝါဒ လမ်းစဉ်ဖြစ်တဲ့ ကျေးလက်အခြေခံ မြို့ကိုဝိုင်းဆိုတဲ့ 'Rural AS' လမ်းကိုသာ လိုက်ခဲ့တယ်။ ၁၉၄၈ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း ၄၀ကျော် ဒီလမ်းကို လျှောက်ခဲ့တယ်။ ဗကပအပြင် တခြားလူမျိုးစု အခြေခံ လက်နက်ကိုင် အဖွဲ့အစည်းတွေလည်း အမြောက်အမြား ထွက်ပေါ်လာခဲ့တယ်။ အဲဒီအစဉ်အလာက ဒီကနေ့ခေတ် ရယ်ဒီကယ် လူငယ်အလွှာရဲ့ တွေးခေါ်စဉ်းစားမှုအပေါ် ကြီးကြီးမားမား လွှမ်းမိုးထားခဲ့တယ်။ တော်လှန်ရေး မဟာ ဗျူဟာ 'revolutionary strategy' လို့ဆိုလိုက်ရင် "လက်နက်ကိုင် တော်လှန်ရေး Vs အကြမ်းမဖက် လှုပ်ရှားမှု Non-violence" အဖြစ်ပဲ မြင်ကြတော့တယ်။

အရာရာကို လက်နက်ကိုင်ခြင်း AS ဒါမှမဟုတ် လက်နက်မကိုင်ခြင်း Non-violence အဖြစ်ပဲ လျှော့ချပစ်လိုတဲ့ ယန္တယားဆန်ဆန် 'mechanistic reductionist' အမြင်ဖြစ်ပါတယ်။ လက်နက်ကိုင် တော်လှန်ရေးမှတပါး အခြား မရှိဆိုသူတွေ (စတာလင်ဝါဒီ-မော်ဝါဒီတွေ၊ အန်းနခစ်တွေ၊ စသဖြင့်)သာမက၊ အကြမ်းမဖက်ရေးကို တရားသေ ဖက်တွယ်ထားသူတွေ အားလုံးဟာ ဆန့်ကျင်ဖက်လို့ ထင်ရပေမယ့် ယန္တယားဆန်တဲ့ 'mechanistic reductionist' အမြင်ကို ကိုင်စွဲကျင့်သုံးရာမှာတော့ အတူတူပါပဲ။

"A people or a class that is not prepared to fight for its freedom, arms in hand, does not deserve to be free." (Alan Woods, Ireland: Republicanism and Revolution)

"ဓားမိုးပြီး ကျွန်ပြုထားတဲ့ကိစ္စကို ဓားဆွဲပြီး ပြန်လှန်ခုခံရမှာကို ကြောက်စရာလို့ ထင်နေရင်လည်း ဒီလူမျိုးဟာ ကျွန်ဘဝနဲ့ပဲ ထိုက်တန်တယ်လို့ ရာဇဝင်က အဆုံးအဖြတ်ပေးပါလိမ့်မယ်။" (ဗန်းမော်တင်အောင်၊ ရိုးမတိုက်ပွဲ)

ရွှေပြည်အေးဝါဒီတွေ ကိုယ်ကျင့်တရားရှုထောင့်အရ ဘာတွေပဲပြောပြော သမိုင်းမှာ အရေးကြီး ပြဿနာတိုင်းကို နောက်ဆုံးမှာ အင်အားနဲ့ပဲ အဆုံးအဖြတ်ပြုခဲ့တာပါ၊ နိုင်ငံတွေကြားက တိုက်ပွဲတွေကိုကြည့်မလား၊ လူတန်းစား တိုက်ပွဲတွေကိုကြည့်မလား။ ဒီအချက်နဲ့ပတ်သက်လို့ မာ့က်စ်ဝါဒီတွေ ဘယ်သူ့ဆီကမှ ဩဝါဒခံစရာ မလိုပါဘူး။ လက်နက်ကိုင် တော်လှန်ရေးရဲ့ အရေးပါမှုကို ကျနော်တို့ မာ့က်စ်ဝါဒီတွေ ကောင်းကောင်းနားလည်တယ်။ မာ့က်စ် ဝါဒီတွေအဖို့တော့ ဒီအချက်ဟာ ကကြီးခခွေး သမိုင်းသင်ခန်းစာအဆင့်ပါပဲ။ ဒါပေမယ့် ကကြီး ခခွေးပြီးရင် တခြား အက္ခရာတွေ ရှိသေးတာလည်း မေ့ထားလို့မရဘူး။ အရာရာတိုင်းကို လက်နက် ပြဿနာအဖြစ် လျှော့ချခြင်းဟာ မှားတယ်။ အလုပ်သမား လူတန်းစားအနေနဲ့ လက်နက်တွေ ကိုင်တွယ်အသုံးပြုနည်း သင်ထားသင့်တယ်ဆိုတာ အမှန်ပဲ၊ ဒါပေမယ့် အလုပ်သမား လူတန်းစားမှာ တခြားသင်စရာတွေလည်း အများကြီး ရှိသေးတယ်၊ ဥပမာ ဘယ် အချိန်မှာ လက်နက်တွေ အသုံးပြုပြီး ဘယ်အခါမှာ မသုံးသင့်ဘူးလဲ၊ စသဖြင့်။ လူတန်းစား တိုက်ပွဲမှာ လက်နက် ကိရိယာ အမြောက်အမြား ရှိသလို တိုက်ပွဲပုံသဏ္ဍာန်လည်း အများအပြားရှိတယ် - သပိတ်၊ အထွေထွေသပိတ်၊ လူထုချီတက်ပွဲ၊ ဘွိုင်းကောက်လှုပ်ရှားမှု၊ ပါလီမန် တိုက်ပွဲ စသဖြင့်။ အလုပ်သမား လူတန်းစား အရေးတော်ပုံ အောင်မြင်ဖို့ အဲဒီတိုက်ပွဲ နည်းလမ်းပေါင်းစုံကို ဘယ်လိုအသုံးပြုရမလဲ လေ့လာသင်ယူထားရမယ်။ ဒ့ါအပြင် မတူညီတဲ့ ဒီတိုက်ပွဲနည်းလမ်းတွေကို မတူညီတဲ့ အချိန်အခါ အခြေအနေတွေအပေါ် မူတည်ပြီး အဟပ်ညီအောင် အသုံးချနိုင်စွမ်းရှိဖို့ လိုသေးတယ်။ ဒ့ါကြောင့် "လက်နက်ကိုင်ခြင်း Vs လက်နက်မကိုင် အကြမ်းမဖက်ခြင်း"ဆိုပြီး "အဖြူ သို့မဟုတ် အမည်း" ချဉ်းကပ်နည်းကို ယန္တယားဆန်လွန်းတဲ့ reductionist အမြင်လို့ ဆိုခဲ့ခြင်းဖြစ်တယ်။

အလုပ်သမား လူတန်းစားရဲ့ တိုက်ပွဲနည်းလမ်းတွေဟာ လယ်သမား၊ ပက်တီးဘူဇွာနဲ့ လန်ပန်ပစ္စည်းမဲ့လို တခြား လူတန်းစားတွေရဲ့ နည်းလမ်းတွေနဲ့ လုံးဝကွဲပြားခြားနားပါတယ်။ အလုပ်သမား လူတန်းစားဟာ ထုတ်လုပ်ရေး ဖြစ်စဉ်မှာ စုပေါင်း

ထုတ်လုပ်ရတဲ့ အခန်းကဏ္ဍမှာ ရှိနေသူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် အလုပ်သမားလူတန်းစားရဲ့ တိုက်ပွဲနည်းလမ်းတွေဟာလည်း ဒီအချက်ကို ထင်ဟပ်ပြီး စုပေါင်းဆောင်ရွက်ရသော နည်းလမ်းတွေ "collective methods" ဖြစ်နေတယ်။ သပိတ်နဲ့ အထွေထွေ သပိတ်တွေမှာ အလုပ်သမား ထုနဲ့ထည်နဲ့ ပါဝင်ဆင်နွှဲကြတယ်၊ ဒီမိုကရေစီနည်းကျ ဆွေးနွေးငြင်းခုန်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်ကြတယ်။ ဒီလို တိုက်ပွဲတွေဟာ ဆိုရှယ်လစ် စနစ်အတွက် လေ့ကျင့်ပြင်ဆင်ပေးတဲ့ ဘဝကျောင်းတော်ကြီးတခုပဲ၊ အလုပ်သမား လူတန်းစားရဲ့ အသိစိတ်ကို စူးရှထက်မြက်လာစေတယ်။

ဒါနဲ့ ဆန့်ကျင်ဖက်ပဲ၊ အလုပ်သမား လူတန်းစား ဒါမှမဟုတ် လူထု လွတ်မြောက်ရေး ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး သူရဲကောင်း လက်တဆုပ်စာ ဆင်နွှဲနေတဲ့ "လက်နက်ကိုင် တော်လှန်ရေး"နည်းလမ်းဟာ အသုံးမဝင်ဘူး ဆိုတာ ထက်ကို ပိုဆိုးရွားပါတယ်။ အလုပ်သမား လူတန်းစားကိုယ်တိုင် အင်တိုက်အားတိုက် ရုန်းထ တိုက်ပွဲဝင်တာမျိုး မဟုတ်ဘဲ လက်တဆုပ်စာ လက်နက်ကိုင် အဖွဲ့လေးတွေက အလုပ်သမား လူတန်းစားနေရာ အစားထိုးပြီး AS ဆင်နွှဲခြင်းဟာ မထိရောက်ရုံသာမက counterproductive ဖြစ်စေတယ်၊ အလုပ်သမား လူတန်းစားက သူ့လူတန်း စားသူ ယုံကြည်ကိုးစားမှု တိုးမလာစေဘဲ ပီဒီအက်(ဖ်)တွေက ကာကွယ်ပေးမယ်၊ အီးအေအိုတွေက ကယ်တင် ပေးမယ်လို့ပဲ ထင်သွားစေမယ်။ လူတန်းစား အသိစိတ်ကို မြှင့်တင်မပေးတဲ့အပြင် ကျဆင်းသွားစေတာပဲ အဖတ် တင်တယ်။ ဒါ့ကြောင့် counterproductive ဖြစ်တယ်လို့ ပြောတာ။

ကျနော်တို့ မာ့(က်စ်)ဝါဒီတွေက တိုက်ပွဲ ပုံသဏ္ဍာန်တခု ထိရောက်သလား၊ တိုးတက်တဲ့ နည်းလမ်းလား အကဲ ဖြတ်ရာမှာ ဒီပေတံနဲ့ပဲ တိုင်းပါတယ်။ "အလုပ်သမား လူတန်းစားရဲ့ အသိစိတ်ကို စူးရှထက်မြက်စေတယ်၊ အလုပ်သမား လူတန်းစားကိုယ်တိုင် သူ့လူတန်းစားရဲ့ စွမ်းပကားကို သိမြင်သထက် သိမြင်ပြီး ယုံကြည်မှု ပိုအား ကောင်းလာစေတယ်ဆိုရင်" အဲဒီတိုက်ပွဲပုံစံကို တိုးတက်တယ်၊ ထိရောက်တယ်လို့ အကဲဖြတ်ပါတယ်။ အဲသလို မဟုတ်ဘဲ "အလုပ်သမား လူတန်းစားရဲ့ အသိစိတ်ကို ကျဆင်းစေပြီး တခြားသူရဲကောင်း အစုအဖွဲ့တွေက အလုပ်သမား လူတန်းစား လွတ်မြောက်ရေးကို ကိုယ်စားဆောင်ရွက်ပေးဖို့ မျှော်ကိုးသွားစေတဲ့ သက်ရောက်မှုမျိုး သာရစေရင်" အဲဒီတိုက်ပွဲ နည်းလမ်းကို ဖောက်ပြန်တယ်လို့ အကဲဖြတ်တယ်။ ရွှေပြည်အေးဝါဒီတွေလို ကိုယ်ကျင့် တရားစံတွေ ကိုင်စွဲပြီး တရားသေ မချဉ်းကပ်သလို "ဘယ်လက်နက်ကိုင်အဖွဲ့က ဆော်ထည့်လိုက်တာ စစ်ခွေး ဘယ်နကောင် ရှောသွားတာပဲ" ဆိုတဲ့ ကိန်းဂဏန်းအခြေပြု

ယန္တယားဆန်လွန်းတဲ့ အမြင်မျိုးနဲ့ မချဉ်းကပ်ပါဘူး။

တဦးချင်း လုပ်ကြံသတ်ဖြတ်ရေးဝါဒကို ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ ဆန့်ကျင်ကြတယ်။ ဒါပေမယ့် ကျနော်တို့ ဟာ အကြမ်းမဖက်ရေးကိုပဲ တရားသေ ဖက်တွယ်ထားတဲ့ ရွှေပြည်အေးဝါဒီတွေ မဟုတ်ဘူး။ တဦးချင်း လုပ်ကြံ သတ်ဖြတ်ရေးဝါဒဟာ သူရည်ရွယ်ရာနဲ့ ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုပဲ ဖြစ်စေသလို ရွှေပြည်အေးဝါဒ ဟာလည်း သူရည်ရွယ်ရာနဲ့ ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုပဲ ဖြစ်စေတယ်။ ရန်သူလူတန်းစားက အကြမ်း ဖက်သတ်ဖြတ်နေချိန်မှာ အကြမ်းမဖက်ရေးနည်းကိုပဲ တရားသေဖက်တွယ်ထားခြင်းဟာ ကိုယ့်ဖက်က အင်အား ချိနဲ့မှုကို ထုတ်ပြရာ ရောက်တယ်။ ဒီလို အင်အားချိနဲ့မှုကို ထုတ်ပြလေ ရန်သူ့ဘက်က အတင့်ရဲ သတ်ဖြတ်လေပဲ။ မာ့(က်စ်)ဝါဒီတွေဟာ အုပ်စိုးသူ လူတန်းစားနဲ့ လက်ပါးစေတွေ ပုံဖော်လေ့ရှိသလို အကြမ်းဖက်မှုကို အလိုရှိသူတွေ မဟုတ်ကြပါဘူး ဒါပေမယ့် သမိုင်းကို လက်တွေ့ကျကျ သိမြင်နားလည်ထားသူတွေ ဖြစ်တယ်။ သမိုင်းမှာ ဘယ် အုပ်စိုးသူ လူတန်းစားကမှ ဝေသန္တရာလို အာဏာကို ရေစက်ချ ပေးဝေရိုးထုံးစံ မရှိဘူး။ သူတို့ရဲ့ အခွင့်ထူးတွေ၊ အာဏာတွေကို အကြမ်းဖက် ခုခံကြမြဲဖြစ်တယ်။ ဒါ့ကြောင့်လည်း "အင်အားဟာ လူ့အဖွဲ့အစည်းအသစ် သန္ဓေကို လွယ်ထားတဲ့ လူ့အဖွဲ့အစည်းဟောင်းကို ကူညီမွေးဖွားပေးရသော သားဖွားလက်သည်ဖြစ်တယ်" လို့ မာ့(က်စ်)က ဆိုခဲ့ခြင်းဖြစ်တယ်။ သို့သော် လူထု လှုပ်ရှားမှု မရှိသေးချိန် ဒါမှမဟုတ် လူထု အရေးတော်ပုံ ပြိုကွဲသွားချိန်မျိုးမှာ လူထု လှုပ်ရှားမှုနဲ့ သီးခြားကင်းလွတ်ပြီး သီးသန့်တည်ရှိနေတဲ့ AS ပုံစံ ဖော်ဆောင်ရေး အယူအဆဟာ လုံးဝ မှား တယ်။

စုစည်းထားသော အလုပ်သမား လှုပ်ရှားမှုက ခေါင်းဆောင်မှုနေရာကို ကနဦး ရယူထားနိုင်ရမယ်၊ ဒီအလားအလာ ကို ၂၀၂၁ နွေဦး တော်လှန်ရေး အားကောင်းချိန် အစောပိုင်းလတွေမှာ မြင်တွေ့ခဲ့ရတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ် အတွင်း စည်းရုံးစုစည်းထားနိုင်ခဲ့တဲ့ အလုပ်သမား လူတန်းစားက တပ်ဦးကနေ ထွက်တိုက်ခဲ့တယ်။ ကျန်အဖိနှိပ်ခံ လူထုကြီးကို လမ်းမထက် လူထု လှုပ်ရှားမှုထဲ ပါဝင်လာအောင် တပ်လှန့်ပေးနိုင်ခဲ့တယ်။ ဒါပေမယ့် အလုပ်သမား အဖွဲ့အစည်း ခေါင်းဆောင်ပိုင်း နေရာယူထားသူတွေကိုယ်တိုင်က ဘူဇွာ လစ်ဘရယ်တွေရဲ့ နောက်မြီးဆွဲသာ လုပ်ခဲ့ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သပိတ် စစ်ကြောင်းတွေ ချီတက်ရင်း စုဖွဲ့မှုတွေ မြင်တွေ့ခဲ့ရတယ်။ တခွင်တပြင်လုံး အတိုင်းအတာနဲ့ ကျယ်ပြန့်တဲ့၊ ခိုင်မာအားကောင်းတဲ့ အဆင့်အထိ မရောက်ခဲ့ဘူး။ တပြည်လုံး အတိုင်းအတာနဲ့ တိုက်ပွဲထဲက ထွက်ပေါ်လာသော democratic struc-

ture တခု မတည်ဆောက်နိုင်ခဲ့ဘူး။ ဒီလို တည်ဆောက်ဖို့ လမ်းကြောင်းကို ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ အစွမ်းကုန် ကြိုးစားပြီး ဖော်ထုတ်ခဲ့တယ်။ ဒါပေ မယ့် မာ့(က်စ်) ဝါဒီ ကေဒါအရေအတွက်ဟာ အင်မတန် နည်းပါးခဲ့တယ်။ အရည်အသွေးပြည့်ဝသော မာ့(က်စ်)ဝါဒီ ကေဒါတွေ အရေအတွက် အလုံအလောက်ရှိတဲ့ အလုပ်သမား လူတန်းစား ပါတီကြီးတခုသာ အော်တာနေးတစ် အနေနဲ့ ရှိခဲ့ရင် အခြေအနေဟာ လုံးဝခြားနားခဲ့လိမ့်မယ်။ အလုပ်ခွင်တိုင်းမှာ၊ ရပ်ကွက်တွေမှာ အောက်ခြေ တိုက်ပွဲဝင် လူထုထဲကနေ ဒီမိုကရေစီနည်းကျ ရွေးကောက်ဖွဲ့စည်းထားတဲ့ သပိတ်ကော်မတီတွေ၊ တိုက်ပွဲ ဦးဆောင် ကော်မတီတွေ ပေါ်ပေါက်လာအောင် စုစည်းနိုင်မယ်၊ ဒီလို ဒီမိုကရေစီနည်းကျ ရွေးကောက် ဖွဲ့စည်း ထားတဲ့ သပိတ်ကော်မတီတွေ၊ တိုက်ပွဲ ဦးဆောင်ကော်မတီတွေကို မြို့နယ်အဆင့်ကနေ ပြည်နယ်အဆင့်၊ ဒီကနေ တပြည်လုံးအဆင့်အထိ ခိုင်မာအားကောင်းအောင် စုစည်းသွားနိုင်မယ်။ တချိန်တည်းမှာပဲ ဒီလို တိုက်ပွဲကြားက ထွက်ပေါ်လာတဲ့ တော်လှန်ရေး ခေါင်းဆောင်မှုအောက်မှာ အလုပ်သမား၊ လယ်သမားနဲ့ လူငယ်ထုကိုယ်တိုင် ခုခံကာကွယ်ရေး အင်အားကို တခွင်တပြင်လုံး အတိုင်းအတာနဲ့ ပြင်ဆင်ထားနိုင်မယ်။ ဒါ့ကြောင့် AS ဟာ အလုပ်သမား လူတန်းစား ခေါင်းဆောင် လှုပ်ရှားတဲ့ ဒီလို လူထုတိုက်ပွဲရဲ့ အတွင်းသား အစိတ်အပိုင်းတခုသာ ဖြစ်ရမယ်၊ လူထု အရေးတော်ပုံနဲ့ ကင်းလွတ်နေတဲ့ 'the whole' မဖြစ်ရဘူး။

လှုပ်ရှားမှုရဲ့ တချို့အလွှာကြားမှာ သေနတ်ရဲ့ သီးခြား ပါဝါကို လိုတာထက် ပိုတွက်မိတတ်ကြတယ်။ ကြီးမားတဲ့ အမှားတခုလို့ ဆိုရမယ်။ တချက်လေး စဉ်းစားကြည့်ပါ။ ဒီအယူအဆသာ အမှန်ဆိုရင် သမိုင်းမှာ ဘယ်တော်လှန် ရေးမှ အောင်ပွဲခံနိုင်ခဲ့မှာ မဟုတ်ဘူး။ တည်ဆဲနိုင်ငံတော်မှာ တော်လှန်ရေးသမားတွေထက် စစ်လက်နက်အင်အား သာလွန်ခဲ့တာချည်းပဲ။ တော်လှန်ရေးတွေ အောင်ပွဲဆင်နိုင်ခဲ့တာ စစ်အင်အား ကြီးမားလွန်းလို့ မဟုတ်ဘူး။ လူထု ကိုယ်တိုင် တော်လှန်ပုန်ကန်လာလို့ ဖြစ်တယ်။ လူထုကြီး ရန်းထတိုက်ပွဲဝင်လာရင် နိုင်ငံတော်ကို ဖရိုဖရဲဖြစ်စေပြီး ပါဝါမဲ့သွားစေနိုင်တယ်။ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲဆင်နိုင်ခဲ့တာ ဘာ့ကြောင့်လဲ ကြည့်ပါ။ ဘော်ရှီ ဗစ်တွေက ဇာဘုရင့်စစ်တပ်ထက် စစ်လက်နက်အင်အား သာလွန်နေလို့လား။ မဟုတ်ပါ။ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး ဖြစ်တော့ ဘော်ရှီဗစ် ပါတီဝင် ၈၀၀၀ ဝန်းကျင်ပဲ ရှိခဲ့တယ်။ သူတို့မှာ အမြဲတမ်း စစ်တပ်ကြီးလည်း ပိုင်ဆိုင်မထားပါ။ အလုပ်သမား လူတန်းစား၊ ဆင်းရဲ လယ်သမားထုနဲ့ အောက်ခြေ စစ်သားထုကိုယ်တိုင် ရုန်းထ တိုက်ပွဲဝင်လာတဲ့

တော်လှန်ရေးကြီးကို မှန်ကန်တဲ့ တော်လှန်ရေး ခေါင်းဆောင်မှုပေးနိုင်ခဲ့လို့ အောက်တိုဘာ အုံ ကြွမှုကို သွေးထွက်သံယို မရှိဘဲ အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်တယ်။ ဘော်ရှီဗစ်တွေက အာဏာသိမ်းခဲ့တာ၊ တော် လှန်ရေး မဟုတ်ဘူးလို့ အခြေအမြစ်မရှိ အပုပ်ချသူတွေကို မေးခွန်းတခုပဲ မေးလိုတယ်။ ပါတီဝင် ထောင်ဂဏန်း လောက်ပဲရှိတဲ့ ဘော်ရှီဗစ်တွေက လူဦးရေ သန်း ၁၅၀ ကျော်ရှိနေတဲ့ တိုင်းပြည်တခုမှာ၊ ဇာဘုရင်ရဲ့ နယ်ချဲ့ အင်ပိုင်ယာ စစ်တပ်ကြီးရှိတဲ့ နိုင်ငံတော်တခုဆီကနေ အာဏာကို လပိုင်းအတွင်း ဘယ်လိုများ သိမ်းယူနိုင်ခဲ့သလဲ၊ အဲဒီလောက် အစွမ်းထက်တဲ့ တော်လှန်ရေး ဖော်မြူလာကို ရှာဖွေတွေ့ရှိထားတယ်ဆိုရင် ကျနော်တို့ မာ့(က်စ်)ဝါဒီ တွေကို မဝေမျှလိုရင်တောင် စစ်အာဏာရှင်စနစ်ကို တော်လှန်နေပါတယ်ဆိုတဲ့ လစ်ဘရယ် ဘူဇွာ အန်ယူဂျီကို 'ရှဲ' ပေးသင့်ပါတယ်။

လူထု လှုပ်ရှားမှုနဲ့ ကင်းလွတ်ပြီး သီးခြားဖြစ်သွားပြီဆိုရင် AS ဟာ ဆိုရှယ်လစ် တော်လှန်ရေးမှာ လိုအပ်နေတဲ့ အခန်းကဏ္ဍကို မဖြည့်ဆည်းပေးနိုင်တော့ဘူး။ ၁၉၀၅ မှာ ရုရှား တော်လှန်ရေး ဖြစ်ခဲ့တယ်။ ၁၉၀၅ လူထု အုံကြွမှု ဖြစ်ချိန်မှာ ဘော်ရှီဗစ်တွေက လက်နက်ကိုင် ယူနစ်တွေ ဖွဲ့စည်းခဲ့တယ်၊ စစ်ရေး လှုပ်ရှားမှုတွေလည်း လုပ်ခဲ့တယ်။ လူထု လှုပ်ရှားမှုကို ဘဏ္ဍာငွေထောက်ပံ့ဖို့ ဘဏ်တွေ ဝင်စီးတာမျိုးတောင် လုပ်ခဲ့တယ်။ လူထု လှုပ်ရှားမှု အရှိန် တက်နေဆဲကာလမှာ ဒီလိုမျိုး လက်နက်ကိုင် အစုတွေ ဖွဲ့စည်းပြီး စစ်ရေး လှုပ်ရှားမှုနဲ့ ပေါင်းစပ်တာဟာ မှန်ကန် တယ်၊ လိုအပ်တယ်။ ဒါပေမယ့် တော်လှန်ရေး လှုပ်ရှားမှု ဒီရေကျသွားတာနဲ့ ဒီလုပ်ရပ်တွေကို ရပ်တန့်ဖို့ ပြောက် ကျားစစ် လှုပ်ရှားမှုတွေ ရပ်ဆိုင်းဖို့ လီနင် ဆော်သြခဲ့တယ်။

ဘာ့ကြောင့် လီနင် အခုလို တားမြစ်ခဲ့ရသလဲဆိုတာ အလွန်ရှင်းပါတယ်။ အလုပ်သမား လူတန်းစား တော်လှန်ရေး ရှုထောင့်ကကြည့်ရင် AS ဆိုတာ အလုပ်သမား လူတန်းစား လူထု လှုပ်ရှားမှုရဲ့ အတွင်းသား အစိတ်အပိုင်းတရပ်ပဲ ဖြစ်ရမယ်၊ AS ဟာ အလုပ်သမား လူတန်းစား ပါတီ ခေါင်းဆောင်မှုအောက်မှာပဲ တင်းတင်းကြပ်ကြပ် ရှိနေရမယ်။ လူထု လှုပ်ရှားမှု အားကောင်းနေရင် လက်နက်ကိုင် အဖွဲ့တွေ ယိုယွင်းပျက်စီးသွားနိုင်တဲ့ အန္တရာယ် သိပ်မရှိဘူး။ ဒါပေမယ့် လူထု လှုပ်ရှားမှု ဒီရေထိုးကျသွားတာနဲ့ ဒီအခြေအနေဟာ ပြောင်းလဲသွားနိုင်တယ်။ လှုပ်ရှားမှုရဲ့ လက် နက်ကိုင် တောင်ပံဟာ အရဲရင့်ဆုံး၊ စွန့်လွှတ်ပေးဆပ်မှု အကြီးမားဆုံး အစိတ်အပိုင်းတွေကို ဆွဲဆောင်သလို တခြား အစိတ်အပိုင်းတွေကိုလည်း ဆွဲဆောင်ထားနိုင်သေးတယ် - ကမူးရှူးထိုးသမားတွေ၊

လန်ပန်ပစ္စည်းမဲ့တွေ၊ ဒ့ါအပြင် ရာဇဝတ်သားတွေတောင် ပါလာနိုင်တယ်။ အလုပ်သမား လူတန်းစား ပါတီရဲ့ တင်းကြပ်တဲ့ လမ်းညွှန် ဦးစီးမှုမရှိရင်၊ လူထုရဲ့ ထိန်းချုပ်မှုမရှိထားရင် လက်နက်ကိုင် အစုအဖွဲ့တွေဟာ ရာဇဝတ်မှု လုပ်ရပ်တွေ ကျူးလွန် တဲ့ဘက် ရောက်သွားနိုင်တယ်။ ဒီအဖြစ်အပျက်တွေကို သမိုင်းမှာ အကြိမ်ကြိမ် မြင်တွေ့ခဲ့ရပြီးပြီ။ မကြာသေးခင် က ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့တဲ့ ယင်းမာပင်နယ်က သပြေအေး ဆရာတော် တဖြစ်လဲ ဗိုလ်သံမဏိ လက်နက် ကိုင် အဖွဲ့ရဲ့ ရာဇဝတ်မှုတွေကိုပဲ နမူနာကြည့်ပါ။ ဒီလက်နက်ကိုင် အစုအဖွဲ့တွေကို ယင်းမာပင်နယ်က တိုက်ပွဲဝင် လူထုရဲ့ ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုအောက် မထားနိုင်ဘူး။ အလုပ်သမား လူတန်းစားရဲ့ လူထု လှုပ်ရှားမှုနဲ့ ကင်းလွတ်နေတယ်။ ဒီလို အခြေအနေမှာ လက်နက်ကိုင်ပြီး ကိုယ့်လူထုကိုယ် ပြန်သတ်တာမျိုးအထိ ဖောက်ပြန် ပျက်စီးကုန်တယ်။ ဒီထက်ပိုဆိုးတာက အန်ယူဂျီလက်အောက်ခံဖြစ်တဲ့ ဒီအဖွဲ့တွေကို အန်ယူဂျီကိုယ်တိုင်က သိသိ ရက်နဲ့ လက်ပိုက်ကြည့်နေခဲ့တာပဲ။ ပုပ်လို့ပေါ်လာမှ လူကြားကောင်းရုံ လေသံထွက်ပြတယ်။ ဒီလိုမျိုး ဖြစ်ရပ်တွေ ဘာ့ကြောင့် ပေါ်ထွက်လာရသလဲဆိုတာကို အပေါ်က ရှင်းလင်းချက်နဲ့ ဆက်စပ်ကြည့်ရင် မြင်ရလိမ့်မယ်။

ရုရှား တော်လှန်ရေးဟာ ၁၉၁၇ ဖေဖော်ဝါရီမှာ ပထမတချီဖြစ်တယ်၊ ဒီနောက် ၈လအကြာ အောက်တိုဘာလထဲ လက်နက်ကိုင် အုံကြွမှုဖြစ်ပြီး အချိန်တိုတိုနဲ့ အောင်ပွဲဆင်နိုင်ခဲ့တယ်။ ဘာ့ကြောင့်လဲ။ အောက်တိုဘာမှာ လက်နက်ကိုင် အုံကြွမှု ဖြစ်ခဲ့တယ်ဆိုပေမယ့် လက်နက်ကိုင် အုံကြွမှုရဲ့ အလုပ်တာဝန် ၉/၁၀ လောက်ကို အောက် တိုဘာ မတိုင်ခင် အရင်လတွေကတည်းက ဖြည့်ဆည်းပြီးနေပြီ။ အဲဒီအလုပ်တွေက စစ်ရေးအလုပ်တွေ မဟုတ် ဘူး။ နိုင်ငံရေး အလုပ်တွေ ဖြစ်တယ် - လူထုကြားမှာ၊ စစ်တပ်ထဲမှာ၊ စက်ရုံတွေထဲမှာ၊ အလုပ်သမား သမဂ္ဂတွေ ထဲမှာ၊ ဆိုဗီယက်တွေ (အလုပ်သမားထု ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ကောင်စီတွေ) ထဲမှာ စိတ်ရှည် လက်ရှည်နဲ့ စနစ်တကျ အလုပ်လုပ်ပြီး အလုပ်သမား လူတန်းစားကို တော်လှန်ရေး ပရိုပရမ်ဘက် ပါလာအောင် စည်းရုံးထားနိုင်ခဲ့တယ်။ ဖေဖော်ဝါရီ တော်လှန်ရေးကနေ အောက်တိုဘာ အုံကြွမှု မတိုင်ခင်ကြားကာလ လီနင်ရဲ့ ကြွေးကြော်သံက "လက်နက်ကိုင် တော်လှန်ရေး" မဟုတ်ဘူး၊ "စိတ်ရှည်လက်ရှည် ရှင်းပြကြ" ဆိုတဲ့ ကြွေးကြော် သံပဲ။ တော်လှန်ရေးသမားတွေရဲ့ အလုပ်က ကိုယ့်ဘာသာ အာဏာသိမ်းယူရေး မဟုတ်ဘူး၊ လူထုကို တော်လှန် ရေး ပရိုပရမ်ဘက် သိမ်းယူရေး

ဖြစ်တယ်။ ဒါမှ အလုပ်သမား လူတန်းစားကိုယ်တိုင် အာဏာသိမ်းယူရေးဆီ ချီ တက်နိုင်မယ်။

ဒါ့ကြောင့်လည်း မာ့(က်စ်)က ၁၈၄၄ ခုနှစ်လောက်ကတည်းက အခုလို ရှင်းပြခဲ့ခြင်း ဖြစ်တယ်

"material force must be overthrown by material force; but theory also becomes a material force as soon as it has gripped the masses"

ဒီအချက်ကို တော်လှန်ရေး သမိုင်းအားလုံးက သက်သေပြခဲ့ပြီး ဖြစ်တယ်။ တော်လှန်ရေးတိုင်းရဲ့ ကနဦးရည်ရွယ် ချက်က လူထုကို စည်းရုံးသိမ်းယူရေး ဖြစ်တယ်။ ဆိုလိုတဲ့သဘောက စစ်ရေး အလုပ်က ဦးစားပေး မဟုတ်ဘူး။ နိုင်ငံရေး အလုပ်က ပထမဖြစ်တယ်။ အာဏာမသိမ်းနိုင်ခင်မှာ လူထုကို ကနဦး စည်းရုံးထားနိုင်ရမယ်။ နှစ်ရှည်လများ လှုံ့ဆော်မှု၊ သဘောတရား ဖြန့်ဖြူးမှု၊ စုစည်းမှုတွေ ကြိုတင်ပြင်ဆင်မထားခဲ့ရင် တည်ဆဲနိုင်ငံတော်တခုကို စစ်ရေးတိုက်ပွဲသက်သက်နဲ့ အောင်ပွဲမဆင်နိုင်ဘူး။ ဒီလို နိုင်ငံရေး အလုပ်တွေ ကနဦး လုပ်မထားဘဲ စစ်ရေး တိုက်ပွဲဆင်ပြီး တချီတည်းနဲ့ အနိုင်ရဖို့ ကြိုးစားတိုင်း တော်လှန်ရေး အင်အားတွေပဲ ဖရိုဖရဲဖြစ်ပြီး ပြုန်းတီးခဲ့ရတယ်။ ဒီ သမိုင်း သင်ခန်းစာကို ယူတတ်ဖို့ သေရေးရှင်ရေး အရေးကြီးလှတယ်။ အောက်တိုဘာ လက်နက်ကိုင် အုံကြွမှု အချိန်တိုတိုနဲ့ အောင်ပွဲဆင်နိုင်ခဲ့တာဟာ လူထုကြား နိုင်ငံရေး အလုပ်တွေ စိတ်ရှည်ရှည်နဲ့ စနစ်တကျ လုပ်ထား နိုင်ခဲ့လို့ ဖြစ်တယ်။ ဘော်ရှီဗစ်တွေမှာ စစ်အင်အား ပြည့်စုံကောင်းမွန်နေလို့ လက်နက်ကိုင် အုံကြွမှု နိုင်ခဲ့တာ မဟုတ်ဘူး။

မှန်ပါတယ်၊ နောက်ဆုံးသတ္တချလိုက်ရင် အဆုံးအဖြတ် ပြဿနာတွေကို လက်နက်ကိုင် တိုက်ပွဲနဲ့ပဲ ဖြေရှင်းကြရ တယ်။ လူထုဒေါ်အမာ ပြောခဲ့သလိုပဲ ဘယ်အာဏာရှင်မှ အရှင်ထွက် ထွက်လေ့မရှိဘူး။ ဒါပေမယ့် လက်နက်ကိုင် တိုက်ပွဲ အောင်ပွဲဆင်နိုင်ဖို့ဆိုရင် အရေးအကြီးဆုံးက လူထုကိုယ်တိုင် လက်နက်စွဲကိုင် အုံကြွမှု ဖြစ်ရမယ်။ လူထု လှုပ်ရှားမှု ပြင်ပကနေ သီးခြားဖြစ်နေတဲ့ လက်နက်ကိုင် အစုတွေရဲ့ သီးသန့် လုပ်ဆောင်မှု ဖြစ်လို့မရဘူး။ လူထု ကိုယ်တိုင် လက်နက်စွဲကိုင် အုံကြွတဲ့ တော်လှန်ရေး ဖြစ်ဖို့ဆိုရင် လူထုကိုယ်တိုင် ကိုယ့်စွမ်းပကားကိုယ် ယုံကြည်မှု ပိုအားကောင်းစေမယ့် တိုက်ပွဲနည်းလမ်းတွေ ဖြစ်ဖို့လိုအပ်တယ်။ အဲဒီလိုမဟုတ်ဘဲ လက်နက်ကိုင် အစုအဖွဲ့တွေ ကို ကယ်တင်ရှင်ထင်သွားစေတဲ့ တိုက်ပွဲပုံစံတွေကတော့ လူထုကိုယ်တိုင် လက်နက်ကိုင် အုံကြွပုန်ကန်ခြင်းမျိုး ဖြစ်စေမှာ မဟုတ်ဘူး။

ပြောက်ကျားစစ်ဆိုတာ အလုပ်သမား လူတန်းစားရဲ့ တိုက်ပွဲ ပုံစံမဟုတ်ပါဘူး၊ လယ်သမားထုရဲ့ စံတော်ဝင် တိုက် ပွဲပုံစံပဲ

ဖြစ်ပါတယ်။ ခေတ်နောက်ကျနေဆဲ လယ်သမား အများစုရှိတဲ့ တိုင်းပြည်တချို့မှာ ကျေးလက် ပြောက် ကျားစစ်ပွဲ ဆင်နွှဲခြင်းဟာ အဓိပ္ပါယ်ရှိတယ်။ ဒါပေမယ့် ကျနော်တို့ မမေ့သင့်တဲ့ အချက်က လီနင်၊ ထရော့စကီးတို့ ဦးဆောင်ဆင်နွှဲခဲ့တဲ့ အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးဟာ လယ်သမား အများစုရှိတဲ့ ခေတ်နောက်ကျနေ ဆဲ တိုင်းပြည်တခုမှာ အောင်ပွဲခံခဲ့ခြင်း ဖြစ်တယ်။ ဒီလို ဆိုရှယ်လစ် တော်လှန်ရေးကြီး ကမ္ဘာ့သမိုင်းမှာ ပထမ ဆုံးအကြိမ် အောင်ပွဲဆင်နိုင်ခဲ့ခြင်းဟာလည်း လီနင်တို့ ဘော်ရှီဗစ်တွေက ရှေ့မျိုးဆက် နရော့နစ်(ဒ်)တွေလို လယ် သမားထုကို ခေါင်းဆောင် လူတန်းစားအဖြစ် အခြေမခံဘဲ မြို့ပြ အလုပ်သမား လူတန်းစားကို တော်လှန်ရေး ခေါင်းဆောင် လူတန်းစားအဖြစ် အခြေခံခဲ့လို့ ဖြစ်တယ်။ အလုပ်သမား လူတန်းစားက ကျေးလက် ဆင်းရဲ လယ် သမားထုကို ခေါင်းဆောင်ပြီး ဆိုရှယ်လစ် တော်လှန်ရေးကို ဆင်နွှဲခဲ့ခြင်း ဖြစ်တယ်။ အဲဒီကာလမှာ ရုရှား အလုပ် သမား လူတန်းစားက လူဦးရေ စုစုပေါင်းရဲ့ ၁၀ % မရှိသေးဘူး။ ဗမာပြည်မှာ အလုပ်သမား လူတန်းစားက အရေ အတွက် နည်းတယ်၊ လယ်သမားက အများစုဖြစ်တယ်၊ ဒါ့ကြောင့် မော်ဝါဒအတိုင်း ကျေးလက်လယ်သမားကို အခြေခံ ပြောက်ကျားစစ်ဆင်ပြီး မြို့ကိုဝိုင်းရမယ်ဆိုတဲ့ သဘောတရားကို အောက်တိုဘာ တော်လှန်ရေးက လွန်ခဲ့ တဲ့ နှစ်တရာကျော်ကတည်းက ချေဖျက်ပြခဲ့ပြီး ဖြစ်တယ်။

မှန်ပါတယ်၊ ဘော်ရှီဗစ်တွေလည်း ပြောက်ကျားစစ်ကို အသုံးပြုခဲ့တယ်။ ဒါပေမယ့် မြို့ပြ အလုပ်သမား လူတန်း စား လှုပ်ရှားမှုရဲ့ လက်အောက်ခံ အနေနဲ့ပဲ အသုံးပြုခဲ့ခြင်း ဖြစ်တယ်။ မြို့ပြ အလုပ်သမား လူတန်းစား ခေါင်း ဆောင်သော လူထု လှုပ်ရှားမှုတွေ အားကောင်းနေချိန် ၁၉၀၅ တော်လှန်ရေး ကာလမှာ ဒီသဘောနဲ့ ပြောက်ကျား စစ်ကို လီနင် ထောက်ခံခဲ့ခြင်း ဖြစ်တယ်။ ဒါပေမယ့် မော်စကို အုံကြွမှု အရေးနိမ့်သွားတဲ့နောက် မြို့ပြ လူထု လှုပ် ရှားမှုတွေ ဒီရေထိုးကျသွားတာနဲ့ ပြောက်ကျားစစ် နည်းဗျူဟာတွေကို လီနင် တားမြစ်ခဲ့တယ်။ အင်မတန် အရေး ကြီးတဲ့ ဒီသမိုင်း သင်ခန်းစာကို လစ်လျူရှုထားကြတယ်။ မော်ဝါဒီတွေလိုသာဆိုရင် လီနင်တို့ ဘော်ရှီဗစ်တွေ လယ်သမား သန်းတရာကျော်ရှိတဲ့ ကျေးလက်ကို ခြေကုပ်ယူပြီး ပြောက်ကျားစစ် ဆင်နွှဲခဲ့သင့်တယ်။

မြို့ပြ အလုပ်သမား လူတန်းစား ဦးဆောင် ဆင်နွှဲခဲ့တဲ့ အောက်တိုဘာ တော်လှန်ရေးလည်း အောင်ပွဲခံခဲ့သလို ကျေးလက် လယ်သမားထုကို အခြေခံပြီး ရေရှည်စစ်ဆင်နွှဲတဲ့ တရုတ်ပြည် တော်လှန်ရေးလည်း အောင်ပွဲခံခဲ့တာပဲ

ဘယ်နည်းနဲ့နိုင်နိုင် နိုင်ဖို့က အဓိကပဲလို့ စောဒကတက်နိုင်ပါသေးတယ်။ မှန်ပါတယ်။ ကျေးလက် လယ်သမား အခြေခံတဲ့ တရုတ်ပြည် တော်လှန်ရေး အောင်ပွဲဆင်နိုင်ခဲ့တယ် ဒါပေမယ့် ဒီလို အောင်ပွဲဆင်နိုင်ခဲ့တာ ပြောက်ကျားစစ် မော်ဒယ်(လ်)ကြောင့်လို့ တထစ်ချ ကောက်ချက်ဆွဲလိုက်တာဟာ မှားတယ်။ ဒီကောက်ချက်သာ မှန်ရင် တရုတ် ဒါမှမဟုတ် ကျူးဘား မော်ဒယ်(လ်)အတိုင်း ပုံတူလိုက်ကူးတဲ့ အာရှ၊ အာဖရိကနဲ့ လက်တင် အမေရိက နိုင်ငံအသီးသီးက ပြောက်ကျားစစ် တော်လှန်ရေးတွေ ဘာ့ကြောင့် အကြိမ်ကြိမ် အရေးနိမ့်ခဲ့ရသလဲ။

တရုတ်ပြည် တော်လှန်ရေးလို ကျူးဘား တော်လှန်ရေးလို အောင်ပွဲဆင်ခဲ့တဲ့ ဖြစ်ရပ်မျိုးတွေကို အောက်တိုဘာ တော်လှန်ရေးနဲ့ ယှဉ်ကြည့်လိုက်မယ်ဆိုရင်လည်း အောက်တိုဘာ တော်လှန်ရေးအပြီး ပေါ်ထွန်းလာတဲ့ healthy workers' state မျိုး မပေါ်ထွန်းနိုင်တာ တွေ့ရမယ်။ အောက်တိုဘာ တော်လှန်ရေးမှာ အလုပ်သမား လူတန်းစား က ခေါင်းဆောင် အခန်းမှာ ရှိခဲ့တယ်၊ အလုပ်သမား လူတန်းစားရဲ့ independent အခန်းကဏ္ဍရှိခဲ့တယ်။ အလုပ် သမားလူတန်းစားနဲ့ ဆင်းရဲလယ်သမားထုကိုယ်တိုင် အောက်ခြေကနေ ထူထောင်ထားတဲ့ ဆိုဗီယက်တွေ (organs of workers' power) ရှိခဲ့တယ်။ တရုတ်ပြည် တော်လှန်ရေး၊ ကျူးဘား တော်လှန်ရေးမှာ ဒါတွေ တခုမှ မရှိခဲ့ဘူး။ အလုပ်သမား လူတန်းစားက passive နေရာမှာ ရှိနေခဲ့တယ်။ အလုပ်သမား လူတန်းစားရဲ့ independent and leading role မရှိဘဲ လယ်သမား စစ်တပ်ကို အခြေခံပြီး အာဏာရလာခဲ့တာဖြစ်လို့ ကနဦးကတည်းက deformed workers' state ပဲ ဖြစ်နေခဲ့တယ်။ လယ်သမား စစ်တပ်ကို အမိန့်ပေးနိုင်သူက ဘိုနာပတ်လို့ လူ့အဖွဲ့အစည်းရဲ့ အထက်ကနေ ကြီးကိုင် ခြယ်လှယ်သွားတဲ့ ဗျူရိုကရက်တစ် အာဏာရှင်စနစ်ကိုသာ ပေါ်ထွန်းစေခဲ့တယ်။ ဆိုရှယ် လစ်စနစ်နဲ့ ဗျူရိုကရေစီဆိုတာ ပြဒါးတလမ်း သံတလမ်းပဲ။ လူ့ခန္ဓာကိုယ်ဟာ အောက်ဆီဂျင်မရှိရင် မဖြစ်သလို ဆို ရှယ်လစ်စနစ်လည်း ဒီမိုကရေစီ မရှိရင် မရှင်သန်နိုင်ဘူး။ ဒါ့ကြောင့် စတာလင်နစ်(စ်)-မော်ဝါဒီ အစိုးရတွေ ပြို ကျကုန်တာ ဒါမှ မဟုတ် အရင်းရှင်စနစ်ကို ပြန်အစားထိုးလိုက်ရတာချည်းပဲ။

ဒါ့ကြောင့် ပြောက်ကျားစစ်နည်းနဲ့ တော်လှန်ရေး မအောင်နိုင်ဘူးလို့ ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ မပြောပါဘူး။ အောင်ခဲ့ရင်တောင် တရုတ်လို ကျူးဘားလို ဗီယက်နမ်လို ဗျူရိုကရက်တစ် အာဏာရှင်စနစ်ကြီးစိုးတဲ့ ပုံစံကိုပဲ ဦး တည်သွားနိုင်တယ်။ ဒါ့ကြောင့် အောက်တိုဘာ တော်လှန်ရေး လမ်းကြောင်း အစဉ်အလာကို ပြန်လည် ဖော်ထုတ် နေရခြင်းဖြစ်တယ်။

အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ဦးဆောင်
အခန်းကဏ္ဍကို ရပ်ခံကာကွယ်နေခြင်း ဖြစ်တယ်။




# ရာသီဥတုပြောင်းလဲရေးမဟုတ်၊ တော်လှန်ပြောင်းလဲရေးအတွက်

ကိုတင်ဦး ဘာသာပြန်သည်

အပြည်ပြည်ဆိုင်ရာ ရာသီဥတုသပိတ်လှုပ်ရှားမှုကြောင့် ကမ္ဘာနဲ့အဝှမ်း တော်လှန်ရေးဒီရေလှိုင်းတွေ တလိမ့် လိမ့်တက်လာတယ်။ ပြီးခဲ့တဲ့နှစ်ကတင်၊ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုရက်တွေအတွင်း နိုင်ငံပေါင်း တရာကျော်က သန်းပေါင်းများစွာသော လူငယ်တွေဟာ စာသင်ကျောင်းပရဝုဏ်ရဲ့ အပြင်ကိုထွက်လာကြပြီး အနာဂတ်အတွက် သောကြာနေ့

တိုက်ပွဲတွေ (‘Fridays for Future’ protests) မှာ ပါဝင်ခဲ့ကြတယ်၊ ရာသီဥတု ကပ်ဘေးကို ဆန့် ကျင်တိုက်ဖျက်ဖို့ရာ လုပ်စရာရှိတာတွေ ချက်ချင်းလုပ်ကြဖို့လည်း တောင်းဆိုခဲ့ကြတယ်။

လမ်းမပေါ်ကို ထုနဲ့ထည်နဲ့ ထွက်လာကြပြီး လမ်းမကြီးတွေကို သိမ်းပိုက်ကာ မြို့ပြတွေကို ရပ်ဆိုင်းသွားအောင် လုပ်လိုက်တဲ့ ဒီလူထုလှုပ်ရှားမှုတွေကြောင့် (ရေပေါ်ဆီ) နိုင်ငံရေးသမားတွေမှာ ဒီပြသနာတွေကို မဖြစ်မနေ ထိုင်ဆွေးနွေးရတော့တယ်၊ လစ်လျူရှုထားလို့ မရတော့တဲ့ အခြေဆိုက်လာတယ်။

ဒါ့အပြင် ဒီလူထုလှုပ်ရှားမှုတွေကြောင့် မျိုးဆက်သစ် လူငယ်တွေမှာ ယုံကြည်မှုတွေ၊ အင်အားတွေ၊ ဦးတည်ချက် တွေ အပြည့်ရှိလာတယ်။ လူထုလှုပ်ရှားမှု ထဲပါလာသူတွေ အဖို့ ထုနဲ့ထည်နဲ့၊ ရဲသွေးရဲမာန်အပြည့် လှုပ်ရှား ဆောင်ရွက်ခြင်းဟာ လုပ်ရိုး လုပ်စဉ် ဖြစ် လာတယ်၊ ခြွင်းချက် ကိစ္စမဟုတ်တော့ဘူး။ “သပိတ်” ဆိုတဲ့ စကားလုံးဟာလူငယ်ထုရဲ့စိတ်ထဲအခိုင်အမာ အမြစ်တွယ်ထားပြီ။ ဒီလူထုလှုပ်ရှားမှုတွေက ထုတ်နုတ်ရရှိလိုက်တဲ့ သင် ခန်းစာကတော့ ရှင်းတယ်။ တစုံတရာကို လိုချင်ရင် စုစည်း၊ တိုက်ပွဲဝင်မှရမယ် ဆိုတဲ့ လက်တွေ့သင်ခန်းစာ။

ပြီးခဲ့တဲ့နှစ်က ဆွီဒင်နိုင်ငံမှာ ကျောင်းသူလေး ဂရီတ သန်းဘတ်ရဲ့ အပတ်စဉ် ဆန္ဒပြမှုတွေကနေ စတင်လာတဲ့ #YouthStrike4Climate လှုပ်ရှားမှုဟာ တကမ္ဘာလုံးကို မြန်မြန်ဆန်ဆန် ပျံ့နှံ့သွားခဲ့တယ်။ နိုင်ငံတိုင်းမှာ လူ ငယ်တွေ၊ ကျောင်းသားတွေက နိုင်ငံရေး လှုပ်ရှားမှုနယ်ပယ်အတွင်း ဝင်ရောက်လာကြပြီး “စနစ်ပြောင်းလဲရေး၊ ရာသီဥတုပြောင်းလဲရေး မဟုတ်” လို့ ဟစ်ကြွေး တောင်းဆိုခဲ့ကြတယ်။

အရေးပေါ် လုပ်ဆောင်မှု လိုအပ်နေတာ ရှင်းပါတယ်။ (ကာဗွန်ဒိုင်အောက်ဆိုဒ်) ထုတ်လွှတ်မှု၊ လေထုညစ်ညမ်းမှုကို တဟုန်ထိုး လျှော့ချပစ်ဖို့ မလွဲမသွေလုပ်ရမယ်။ ရေကာတာကြီးတွေ ဆောက်လုပ်တာ၊ သစ်တောတွေ ထိန်းသိမ်း ကျယ်ပြန့်လာအောင်လုပ်တာ၊ စတဲ့ ရာသီဥတု ကပ်ဘေးအန္တရာယ် လျှော့ချရေး လုပ်ဆောင်ချက်တွေ မဖြစ်မနေ ပြုလုပ်ရမယ်။

ဒါပေမယ့် အရင်းရှင်လူတန်းစားနဲ့ သူတို့ရဲ့ ကိုယ်စားလှယ်တော် နိုင်ငံရေးသမားတွေ ကတော့ လိုအပ်နေတဲ့ ရယ်ဒီကယ် အပြောင်းအလဲတွေကို လုပ်ဆောင်နိုင်စွမ်း လုံးဝ လုံးဝ မရှိဘူး။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာကို ဖြေရှင်းဖို့ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု လိုအပ်တယ်။ ဒါပေမယ့် အရင်းရှင်အစိုးရ တွေကတော့ မလုပ်နိုင်ဘူး။ ကမ္ဘာ့ခေါင်းဆောင်တချို့က "ရာသီဥတု အရေးပေါ်အခြေအနေ" လို့ အာပေါင်အာရင်းသန်သန် ပြောထားကြတယ်။ လက်ဝါးကြီးအုပ် အရင်းရှင်လုပ်ငန်းစုတွေရဲ့ ကိုယ်စားလှယ်တော် နိုင်ငံရေး သမားတွေ ပါးစပ်က ကြုံးဝါးလိုက်တဲ့ ဒီစကားဟာ အနှစ်မဲ့ဗလာချီစကားစုသက်သက်သာ ဖြစ်တော့တယ်။ အဆုံးမှာတော့ အရင်းရှင် စနစ်အောက်မှာ အဆုံးအဖြတ်တကယ်ပြုနိုင်တာ အဲဒီနိုင်ငံရေး သမားတွေ မဟုတ်။ လူ သားတရပ်လုံးနဲ့ ငါတို့ကမ္ဘာဂြိုဟ်တခုလုံးရဲ့ အနာဂတ်ဟာ စျေးကွက်ရဲ့ "မမြင်ရသောလက်" ဆိုတာကြီး ပြုသမျှ နနေရတယ်။

သိပ္ပံပညာရှင်တွေကို ချောင်ထိုးထားကြောင်း ဂရီတ သန်းဘတ်က ထောက်ပြခဲ့တယ်၊ အစိုးရတွေအနေနဲ့ သိပ္ပံ နည်းကျ အထောက်အထားတွေ၊ အကြံပြုချက်တွေကို လိုက်နာကြဖို့ တောင်းဆိုထားတယ်။ အလားတူပဲ၊ Extinction Rebellion လှုပ်ရှားမှုက တက်ကြွသူတွေကလည်း (ဥတုကပ်ဘေးအကြောင်း) လူအများ သိရှိမှု ပို များလာအောင် ကြိုးစားခဲ့ကြတယ်၊ အလွန်မြင်သာတဲ့ တိုက်ရိုက်လှုပ်ရှားမှုတွေကနေတဆင့် နိုင်ငံရေးသမား တွေကို ယုံကြည်လာအောင် စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားခဲ့ကြတယ်။

ဒါပေမယ့် အရင်းရှင်တွေနဲ့ သူတို့ရဲ့ ကိုယ်စားလှယ်တော် နိုင်ငံရေးသမားတွေကို ကိုယ်ကျင့်တရားရှုထောင့်က နေ တရားပြ စည်းရုံးလို့ ရမှာမဟုတ်သလို၊ ကိန်းဂဏန်းအချက်အလက်တွေကိုင်ပြီး တိုက်တွန်းလို့လည်း ရမှာ မ ဟုတ်ဘူး။ အဆုံးမှာတော့ အရေးကြီးဆုံးအချက်က လူထုနဲ့ ကင်းကွာနေတဲ့ ရေပေါ်ဆီလူတန်းစားက ကမ္ဘာမြေကို ကာကွယ်ပေးဖို့ မျှော်လင့်နေလို့ လုံးဝ မဖြစ်နိုင်ဘူး။ ကျန်တဲ့ လူသားတရပ်လုံး ကြေမွပျက်သုဉ်းသွားချင်

သွားပါစေ၊ (သေွးစုပ်သူ) အဲဒီ ရေပေါ်ဆီလူတန်းစားအဖို့ အမြတ် များနိုင်သမျှ များများရရေးသာ ပဓာနဖြစ်နေ တယ်။

ကော်ပရေးရှင်းတွေ (လက်ဝါကြီးအုပ် အရင်းရှင် လုပ်ငန်းကြီးတွေ)ဟာ ကုန်ကျစရိတ်လျှော့ချဖို့၊ ပြိုင်ဘက်ကို အလဲထိုးဖို့၊ ဈေးကွက်အသစ်တွေ မောင်ပိုင်စီးထားဖို့နဲ့ အမြတ်အစွန်း များနိုင်သမျှ များများ ရဖို့ လိုအပ်လာရင် ဘယ်စဉ်းမျဉ်း စည်းကမ်းကိုမှ လိုက်နာနေမှာ မဟုတ်ဘဲ ဘယ်သူသေသေ ငတေမာပြီးရော အလွယ်လမ်း၊ ဖြတ် လမ်း၊ အကုန်အကျ နည်းမယ့်လမ်းတွေကို လိုက် ကြမှာပဲ။

အရင်းရှင်လူတန်းစားကိုယ်စားလှယ် နိုင်ငံရေးသမားတွေကတော့ သူတို့သခင် အရင်းရှင်လူတန်းစားရဲ့ (ကမ္ဘာ) ဖျက်လုပ်ရပ်ကို တုံ့ပြန်ရင်ဆိုင်တာမျိုး ဘာတခုမှ မလုပ်နိုင်ဘူး။ သူတို့အကြံပြုနိုင် တာကတော့ အများပြည်သူက ငွေဝိုင်းထည့်ပြီး၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ဒဏ်ချက်တွေ လျှော့ပါးသက်သာအောင် တယောက်ချင်းစီက ဝိုင်းကြိုးစားကြဖို့ ဆိုတာပဲ။

ဒီလိုစဉ်းစားရာက ထွက်လာတဲ့ ဖြေရှင်းနည်း အားလုံးဟာ ဖောက်ပြန် ယိုယွင်းနေတယ်။ တကယ့်တကယ်ကျ တော့ ဒီဖြေရှင်း နည်းဆိုတာတွေက ကမ္ဘာ့အဖိနှိပ်ခံလူထုကို အငတ်ခံ ခြွေတာရေးလုပ်ခိုင်းတဲ့ 'greenwashing' (အရင်းရှင် လူတန်းစားက သဘာဝပတ်ဝန်းကျင် ပျက်စီးအောင် လုပ်နေပေမယ့် သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးလုပ်နေဟန် ထင်လာအောင် ဝါဒဖြန့် မှိုင်းတိုက်ခြင်း) လုပ်နည်းတမျိုးပဲ။ အရင်းရှင်လူတန်းစားနဲ့ ပုပ်ပွ နေတဲ့ အရင်းရှင်စနစ်ကြောင့် ဖြစ်ပေါ်လာရတဲ့ ပြဿနာကို ဖြေရှင်းဖို့ အလုပ်သမားလူတန်းစားနဲ့ ဆင်းရဲသား အ ဖိနှိပ်ခံ လူထုကို ရှိသမျှလေးနဲ့ ရောင့်ရဲကြ၊ ခြွေတာကြပါလို့ လှည့်ဖျားလိုက်ခြင်းပဲ။

အရေးအကြီးဆုံးကတော့ အဲဒီ လစ်ဘရယ်၊ တသီးပုဂ္ဂလ ဆုတောင်းသံဟာ တကယ့် အချက်အလက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဥပမာ၊ လတ်တလော လေ့လာချက်တခုကို ကိုးကားပြောရရင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းရဲ့ ၇၀% ဟာ

အရင်းရှင်လုပ်ငန်းကြီး တရာ (ကျောက်ဖြစ်လောင်စာထုတ်လုပ်ရေး လုပ်ငန်းကြီး တွေက အများစုပါဝင်) ကြောင့်ဖြစ်ရတာ။ ဒါကို ကြည့်ရင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာခြင်းရဲ့ လက်သည်တရားခံကို မြင်တွေ့ရမယ်။

ဒါကို တုံ့ပြန်ရင်ဆိုင်ဖို့ အမေရိကန်က အလက်ဇန်းဒရီယ အော်ကစီယို ကောတက်(ဇ်)လို လက်ဝဲနိုင်ငံရေးသမား တချို့က ‘Green New Deal’ ဆိုတာကို တောင်းဆိုလာကြတယ်။ ထပ်ကျော့ အသုံးချလို့ရတဲ့ စွမ်းအင်ထောက်ပံ့မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးလုပ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာရောက်တဲ့ အလုပ်အကိုင်တွေ (green jobs) ဖန်တီးပေးခြင်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှုကို ထိန်းချုပ်ဖို့ အစိုးရတွေကို တောင်းဆိုထားကြ တယ်။

ဝေတေ ဝါးတား ဒီတောင်းဆိုချက်တွေဟာ အရင်းရှင်စနစ်ကို ဇက်ကြိုးတပ်၊ စီမံခန့်ခွဲဖို့ ကြိုးစားတဲ့ “ကိန်း” ဗျူဟာ မျိုးသာဖြစ်သွားတယ်။ အရင်းရှင်စနစ်ကို အဲ့သလို ဇက်ကြိုးတပ်လို့ မရနိုင်ဘူး၊ ယဉ်ပါးအောင်လုပ်လို့ မရနိုင်ဘူး၊ ‘green’ (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း) ဖြစ်အောင်လုပ်လို့ မရနိုင်ဘူး။ အမြတ်အတွက်ထုတ်လုပ် ခြင်းပေါ် အခြေတည်ထားတဲ့ ကုန်ထုတ်စီးပွားရေးဖြစ်နေသရွေ့ အစိုးရတွေကို ကြိုးကိုင်မောင်းနှင်နေတာ လက် ဝါးကြီးအုပ် အရင်းရှင်လုပ်ငန်းကြီးတွေဖြစ်နေဦးမယ်၊ အစိုးရတွေက အရင်းရှင်လူတန်းစားကို ဇက်ခွံ့၊ မောင်းနှင် တာမျိုး ဘယ်တော့မှ ဖြစ်မလာဘူး။

ငါတို့ ကမ္ဘာဂြိုဟ်ကို သတ်နေတာ အရင်းရှင်စနစ်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်ထားရမယ်။ ဘယ် တော့မှ ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိတဲ့ မွတ်သိပ်မှုမျိုးနဲ့ အမြတ် နောက် ကောက်ကောက်ပါအောင် လိုက်နေတဲ့ အရင်းရှင်စနစ်ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူနေမှုဆိုင်ရာ အခြေအနေတွေအောက်ထိထိုးဆိုက်သွားအောင် နိမ့်ကျသထက်နိမ့်ကျလာရတယ်။ ဘယ်ဟာကို ထုတ်မယ်၊ ဘယ်လိုထုတ်မယ်ဆိုတာကို အမြတ် နောက် ကောက်ကောက်ပါအောင် လိုက်နေတဲ့ ကော်ပရေးရှင်းတွေ

(လက်ဝါးကြီးအုပ် အရင်းရှင်လုပ်ငန်းတွေ) က အဆုံးအဖြတ်ပြုနေတယ်။ စနစ်တကျ စီမံထားချက်အရ လုပ်နေခြင်းမဟုတ်ဘူး။ ငါတို့ကုန်ထုတ်စီးပွားဘဝ ကို စျေးကွက်ရဲ့ မင်းမဲ့ထင်ရာစိုင်းမှု အောက် ဖြစ်ချင်ရာဖြစ် လွှတ်ပစ်ထားတယ်။

အမြတ် ရရှိရေးကာ မောင်းနှင်အားဖြစ်နေတယ်၊ ကုန်ထုတ်စီးပွား တိုးတက်ရေးက မောင်းနှင်အားမဟုတ်ဘူး။ ဒါဟာ အရင်းခံပြဿနာ။ ဒါ့ကြောင့် 'green' လှုပ်ရှားမှုထဲက တချို့ပြောနေကြတဲ့ "ဖွံ့ဖြိုးမှုသုည" တောင်းဆိုချက်၊ "ဖွံ့ဖြိုးမှုလျှော့ချရေး" တောင်းဆိုချက်တွေဟာ ဖောက်ပြန် ယိုယွင်းနေတဲ့ တောင်းဆိုချက်တွေဖြစ်တယ်။ အရင်း ရှင်စနစ်အောက် "ဖွံ့ဖြိုးမှုသုည" ဆိုတာ ဆုတ်ယုတ်မှုကပ်ပဲ။ ဒီကပ်ဘေးကို တကယ်ခံရမှာ အလုပ်သမားလူတန်းစားနဲ့ အဖိနှိပ်ခံ ဆင်းရဲသား လူထုပဲ။ ထာဝရ ဆုတ်ယုတ်မှု တောင်းဆိုချက်အတွက် ဆင်ခြေပေး ပြင်းချက် ထုတ်ခြင်းဟာ ထာဝရ အငတ်ခံခြွေတာရေးအတွက် ဆင်ခြေပေး ပြင်းချက်ထုတ်ခြင်းပဲ။

ရေရှည်တည်တံ့တဲ့ ကုန်ထုတ်စီးပွားဘဝ (လူနေမှုအဆင့်အတန်း မြင့်လာခြင်းဟာ က မ္ဘာ ဂြိုဟ် ကို ကာ ကွ ယ်ေ ရး နဲ့ ဝိရောဓိဖြစ်မနေတဲ့ အခြေအနေ) ကို ဖော်ဆောင်ဖို့ရာ ဒီမိုကရေစီနည်းကျ၊ ဆင်ခြင်နည်းတကျ၊ ဆိုရှယ်လစ် ကုန်ထုတ်လုပ်ရေး စီမံမှုအပေါ် အခြေခံတည် ထားေရးသာ တခုတည်းသော လမ်းဖြစ်တယ်။

ပုဂ္ဂလိက လက်ထဲရောက်နေတဲ့ လက်ဝါးကြီးအုပ် အရင်းရှင်လုပ်ငန်း စုကြီးတွေဟာ ပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို ဒလဟော ဖြစ်စေတယ်။ ဒီလက်ဝါးကြီးအုပ် လုပ်ငန်းစုကြီးတွေကို ပုဂ္ဂလိက အရင်းရှင်တွေလက်ထဲက ပြန်သိမ်းယူပြီး ဆိုရှယ်လစ် ကုန်ထုတ်လုပ်ရေး စီမံမှုအောက် ထားလိုက်မယ်ဆိုရင် မကြာခင် နှစ်အနည်းငယ်အတွင်းမှာတင် လေထုညစ်ညမ်းမှု၊ ကာဗွန်ထုတ်လွှတ်မှုတွေ ဖြတ်တောက်ပစ်ဖို့ ခေတ်မီ ပတ် ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး 'green' နည်းပညာတွေကို အသုံးချလာနိုင်မယ်။ ရုပ်ကမ္ဘာကို ရေရှည် တည်တံ့အောင် လုပ်နေစဉ်မှာပဲ လူသားတိုင်းအတွက်

အရည်အသွေးပြည့်ဝတဲ့ စားဝတ်နေရေးကို ဖြည့်တင်း ပေးရုံမကသေး၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး စတာတွေကိုပါ ပြည့်ပြည့်ဝဝ ခံစားခွင့်ရစေမယ်။

အလုပ်သမား လူတန်းစားရဲ့ ဒီမိုကရေစီ နည်းကျထိန်းချုပ်မှုအောက်မှာ စက်ရုံအတွင်းက အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုကို အကောင်းဆုံး သိပ္ပံပညာရှင်တွေနဲ့ ပေါင်းစပ်ပြီး လူ့အစည်းအရုံး တရပ်လုံးရဲ့ နည်းပညာပိုင်းတိုးတက်မှု အစွမ်းအစတွေ၊ အရင်းအမြစ်တွေကို လူသားတရပ်လုံး၊ ကမ္ဘာ့ဂြိုဟ်တခုလုံး အကျိုးအတွက် အသုံးချ နိုင်မယ်။

နိုင်ငံတော်တော်များများမှာ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကို စိုးရိမ်ပူပန်လာခြင်း၊ အစဉ်အလာ နိုင် ငံရေးပါတီတွေကို လူထုက မယုံကြည်တော့ခြင်းကြောင့် (ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး) 'green' ပါတီတွေကို ထောက်ခံမှု များသထက် များလာတယ်။ ဒါပေမယ့် ဒီ 'green' ပါတီခေါင်းဆောင်တွေဟာ အခြေခံ အားဖြင့် လစ်ဘရယ် တွေဖြစ်ကြတယ်။ လက်ရှိ (အရင်းရှင်) စနစ်တခုလုံးကို မဆန့်ကျင်ကြတဲ့ သူတွေဖြစ်တယ်၊ လူ့အဖွဲ့အစည်းဟာ ဘယ်လိုမှ စေ့စပ်မရအောင် ဆန့်ကျင်နေတဲ့ လူတန်းစားတွေအဖြစ် ကွဲထွက်နေကြောင်း မ မြင်နိုင်တဲ့ လစ်ဘရယ်တွေဖြစ်တယ်။

အရင်းရှင် စနစ်ဟာ ပြဿနာရဲ့ဇစ်မြစ်ဖြစ်တယ် ဆိုတဲ့ သုံးသပ်ချက်အရ လူတန်းစားအခြေခံ ရယ်ဒီကယ် ပြောင်း လဲမှု အတွက် ငါတို့တိုက်ကြရမယ်။ သဘောက ကျောင်းသားလူငယ်တွေရဲ့ ရာသီဥတု သပိတ်တိုက်ပွဲတွေရဲ့ ရယ်ဒီ ကယ်ဆန်မှု၊ ရဲသွေးရဲမာန်ပြည့်ဝမှုကို ကျယ်ပြန့်တဲ့ အလုပ်သမား လူတန်းစား တိုက်ပွဲနဲ့ ပေါင်းစပ်ပေး ရမယ်၊ ရဲရင့်ပြတ်သားတဲ့ ဆိုရှယ်လစ် အမြင်အခြေခံ ပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီတွေ ကိုင်စွဲပြီး တိုက်ပွဲဝင်နေကြတဲ့ အလုပ်သမားထု၊ လူငယ်ထုတို့နဲ့ ကျောင်းသားလူငယ်တွေရဲ့ ရာသီဥတု သပိတ်တိုက်ပွဲတွေကို ချိတ်ဆက် ပေါင်းစပ်ပေးရမယ်။

ဒီရှုထောင့်အရကြည့်ရင် အခုလာမယ့် စက်တင်ဘာ ၂၀ရက်နေ့ကနေ ၂၇ရက်နေ့အတွင်း အပြည်ပြည်ဆိုင်ရာ

လှုပ်ရှားမှုရက်တွေဟာ လူထုလှုပ်ရှားမှုအဖို့ ရှေ့ကို အတော်ရောက်တဲ့ ခြေလှမ်းဖြစ်တယ်။ ဂရိတ သန်းဘတ် ဟာ ကမ္ဘာ့တဝှမ်းက အလုပ်သမားထုအနေနဲ့ ကျောင်းသားထုနဲ့အတူ လက်တွဲပြီး ကမ္ဘာလုံးနဲ့အဝှမ်း လမ်းပေါ်ထွက် တိုက်ပွဲဝင်ကြဖို့ မှန်မှန်ကန်ကန် ဆော်ဩထားတယ်။ တချို့ဒေသတွေမှာတော့ အလုပ်သမားသမဂ္ဂတွေ က ဒီဆော်ဩချက်ကို ထောက်ခံထားကြတယ်။ တက်ကြွလှုပ်ရှားသူ လူငယ်တွေနဲ့အတူ သပိတ်မှောက်ကြမယ် လို့လည်း ကတိပြုထားတယ်။

အလုပ်သမား လူတန်းစား လှုပ်ရှားမှု တရပ်လုံးအတွက် နောက်ခြေလှမ်းကတော့ ဒါတွေကို နမူနာယူပြီး ရာသီဥ တု သပိတ်တိုက်ပွဲတွေကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြဖို့ပဲ။ ဆိုရှယ်လစ် လုပ်ငန်းစဉ်ကိုင်ဆွဲချီတက်လာတဲ့အလုပ်သမား လူတန်းစားရဲ့ စုစည်းမှုအင်အားကို ဘယ်သူကမှ ရပ်တန့်အောင် မလုပ်နိုင်ဘူး။ မာ့(ခ်စ်)ဝါဒီတွေ အမြဲပြောလေ့ရှိသလိုပဲ အလုပ်သမား လူတန်းစား ခွင့်မပြုရင် မီးသီးတလုံးတောင် မလင်းနိုင်ဘူး၊ ဘီးတစင်းတောင် မလည်ပတ်နိုင်ဘူး။

အရင်းရှင်စနစ်ကို တိုက်ဖျက်ပစ်ပြီး ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးနိုင်မှသာ ကမ္ဘာ့ဂြိုဟ်ရဲ့ အရင်းအမြစ်တွေကို ဒီမိုကရေစီနည်းကျ စီမံ အသုံးချနိုင်မယ်။ လူ့အဖွဲ့ အစည်းတခုလုံးကို ဆိုရှယ်လစ်စနစ်အခြေခံ တော်လှန်ပြောင်းလဲပစ်မှသာ ကပ်ပါးကောင် လက်တဆုပ်စာအတွက် အမြတ်ရစေမှာ မဟုတ်ဘဲ ရုပ်ကမ္ဘာနဲ့ လူအများစုလိုအပ်ချက် သဟဇာတဖြစ်အောင် လုပ်လို့ရမယ်။

ရာသီဥတုပြောင်းလဲမှု ကို ရင်ဆိုင် ဖြေရှင်းနိုင်တဲ့ သိပ္ပံပညာရပ်နဲ့ နည်းပညာက ရှိနေပြီ။ ဒါပေမယ့် အရင်းရှင်စနစ် အောက်မှာ ဒီစွမ်းအားစုတွေဟာ ရုပ်ကမ္ဘာကို မကယ်တင်ဘဲ ဖျက်စီးပစ်နေတယ်။ ဆိုရှယ်လစ်စနစ်လား ဒါမှမ ဟုတ် နိုင်ရာစား ဗိုလ်ကျစနစ်လား။ ဒါဟာ ငါတို့ရွေးရမယ့် အနာဂတ်ပဲ။ ဒါ့ကြောင့် တော်လှန်ရေးကို လိုအပ်တယ်။

- စက်တင်ဘာ ရာသီဥတု
သပိတ်တွေအတွက် အပြင်းအထန်
စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်ကြ

- ကျောင်းသားထုနဲ့ အလုပ်သမားထု

ပေါင်းစည်း တိုက်ပွဲဝင်ကြ

- အရင်းရှင်စနစ်က ပြဿနာရဲ့ဇစ်မြစ်၊ ဆိုရှယ်လစ်စနစ်သာ အဖြေဖြစ်တယ်

- အပြည်ပြည်ဆိုင်ရာ မာ့(က်စ်)ဝါဒီအင်အားစုနဲ့ ချိတ်ဆက်ကြ

မူရင်း -

https://www.marxist.com/imt-statement-for-revolutionary-change-not-climate-
-change.htm

ကိုတင်ဦး (ဘာသာပြန်သည်)

၂၁ စက်တင်ဘာ၊ ၂၀၁၉



# ယူကရိန်းစစ်ပွဲ - အင်တာနေရှင်နယ်ဝါဒအရ လူတန်းစား ရပ်တည်ချက်

စစ်ပွဲတခုဖြစ်ရင် ပထမဆုံး အနာတရဖြစ်တဲ့သူဟာ အမှန်တရားပဲ။ ယူကရိန်းကို ရုရှားက စစ်ရေးကျူးကျော်တဲ့ လက်ရှိစစ်ပွဲမှာလည်း ဒီအတိုင်းပဲ။ မာ့(က်စ်)ဝါဒီတွေဟာ စစ်ပွဲကာလ အပြန်အလှန် ဝါဒဖြန့်မှုတွေ၊ မုသားတွေ ပိန်းပိတ်နေတဲ့ နှင်းမြူထုကို ထွင်းဖောက်ပြီး ဒီပဋိပက္ခနောက်ကွယ်က တကယ့် အကြောင်းတရားတွေကို ဆန်းစစ်နိုင်ဖို့ လိုအပ်တယ်။ ဒီစစ်ပွဲကို ဖြစ်စေတဲ့ အကြောင်းတရား၊ ဒီပဋိပက္ခမှာ ပါဝင်နေကြသူတွေ ဆင်ခြေပေးလေ့ရှိတဲ့ အကြောင်းပြချက်တွေ နောက်ကွယ်မှာ အမှန်တကယ် ရှိနေတဲ့ အကျိုးစီးပွားတွေကို ခွဲခြမ်းဆန်းစစ်နိုင်ဖို့ လိုအပ်တယ်။ အရေးတကာ့ အရေးကြီးဆုံးကတော့ ကမ္ဘာ့ အလုပ်သမားလူတန်းစား အကျိုးစီးပွား ရှုထောင့်ကနေ ချဉ်းကပ်ဖို့ပဲ။

ရုရှားရဲ့ ယူကရိန်း ကျူးကျော်စစ်ကို ကျနော်တို့ မှ(က်စ်)ဝါဒီတွေ ပြတ်ပြတ်သားသား ဆန့်ကျင်ကြတယ်၊ ဒါပေမယ့် ကျနော်တို့ ဆန့်ကျင်ရတဲ့ အကြောင်းတရားဟာ အရင်းရှင် မီဒီယာတွေ၊ နယ်ချဲ့သမား အာဘော်တွေနဲ့တော့ လားလားမှ မဆိုင်ဘူး။ ရုရှား အလုပ်သမား လူတန်းစားနဲ့ ရုရှား မှ(က်စ်)ဝါဒီတွေက ပူတင်အစိုးရကို အင်တိုက် အားတိုက် ဆန့်ကျင်ကြဖို့ တာဝန်ရှိသလို နေတိုး အုပ်စုဝင် အရင်းရှင်နယ်ချဲ့ တိုင်းပြည်တွေက မှ(က်စ်)ဝါဒီတွေ ကတော့ သက်ဆိုင်ရာ အရင်းရှင် နယ်ချဲ့အစိုးရတွေရဲ့ မုသားတွေ၊ ကြောင်သူတော်ဆန်မှုတွေ ဖွင့်ချပြီး ဆန့်ကျင်ဖို့ တာဝန်ရှိတယ်။

ရုရှားရဲ့ ယူကရိန်းကျူးကျော်စစ်ကို အနောက်အရင်းရှင်နယ်ချဲ့အုပ်စုက "နေရှင်နယ် အချုပ်အခြာ"နဲ့ "နိုင်ငံတကာ တရားဥပဒေ" ဆိုတဲ့ အခြေခံကနေ ကျယ်ကျယ်လောင်လောင်လေး ပြစ်တင်ရှုတ်ချလာကြတယ်။ အမေရိကန် အရင်းရှင်နယ်ချဲ့နဲ့ သူ့နောက်မြီးဆွဲ ဥရောပ အရင်းရှင်နယ်ချဲ့သမားတွေက ဒီလို အသံကောင်းဟစ်ကြတာဟာ အတော် ကြောင်သူတော်ဆန်တဲ့ လုပ်ရပ်ပဲ။ သမိုင်းတလျှောက် နေရှင်နယ် အချုပ်အခြာနဲ့ နိုင်ငံတကာ ဥပဒေဆိုတာ ကို ထင်သလို ချိုးဖောက်လာသူတွေက အခုလို ထအော်တော့ မရယ်ရတဲ့ ပြက်လုံးတခုလို ဖြစ်နေတယ်။

သူတို့ရဲ့ အရင်းရှင်နယ်ချဲ့ အကျိုးစီးပွားတွေ နောက်ကိုလိုက်ရင်း အချုပ်အခြာပိုင် နိုင်ငံတွေ (အီရတ်)ကို ကျူး ကျော်ဝင်ရောက်ပြီး ဗုံးကြဲခဲ့တာတွေ၊ (ဗီယက်နမ်) အရပ်သားတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တာတွေ၊ (ချီလီ)မှာ ဖက်ဆစ် စစ်အာဏာသိမ်းမှုတွေကို ပံ့ပိုးကူညီခဲ့တာတွေ၊ (Allende, Lumumba) တို့လို နိုင်ငံရေး လုပ်ကြံမှုကြီးတွေ ကျူးလွန်ခဲ့တုန်းက ဒီစကားလုံးတွေကို ယောင်လို့တောင် မဟာခဲ့ကြပါဘူး။ ဒီလို အရင်းရှင် နယ်ချဲ့သမားတွေမှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ လူသားချင်းစာနာမှု တန်ဖိုးတွေအကြောင်း လက်ချာရိုက်ပိုင်ခွင့် စိုးစဉ်းမျှ မရှိဘူး။

ယူကရိန်းရဲ့ အချုပ်အခြာ အာဏာပိုင်မှုလို့

ပြောနေကြတယ်၊ တကယ်တော့ ရုရှားရဲ့ ကျူးကျော်စစ်စလိုက်မှ ယူက ရိန်းရဲ့ အချုပ်အခြာအာဏာ ထိပါးသွားတာ မဟုတ်ဘူး။ ၂၀၁၄ ယူရိုမိုင်ဒန်လှုပ်ရှားမှု အောင်ပွဲရပြီးကတည်းက ယူကရိန်းဟာ အမေရိကန်ရဲ့ စိုးမိုးခြယ်လှယ်မှုအောက်ကို ရောက်နေခဲ့တာပါ။ ယူကရိန်းရဲ့ စီးပွားရေး အာဏာ၊ နိုင်ငံရေးအာဏာ အားလုံးဟာ ပုပ်ပွနေတဲ့ အိုလီဂါခီ လူတစုနဲ့ အစိုးရလက်ထဲ ရောက်နေခဲ့တယ်။ ဒီအုပ်စိုးသူ လူတန်းစားဟာလည်း အမေရိကန် ကြိုးဆွဲရာကရတဲ့ ရုပ်သေးအဆင့်ပဲ ရှိနေခဲ့တာပါ။

ယူကရိန်းရဲ့ စီးပွားရေး ပေါ်လစီတွေကို IMF က ပြဋ္ဌာန်းတယ်။ ယူကရိန်း အစိုးရအဖွဲ့ ဖွဲ့စည်းရာမှာ အမေရိကန် သံရုံးက အခရာကျတယ်။ ဒီလို အကြောင်းအချက်တွေကို နားလည်ထားမှသာ လက်ရှိစစ်ပွဲက ရုရှား-ယူကရိန်း သီးသန့်ဖြစ်နေတဲ့စစ် မဟုတ်ဘူး၊ အမေရိကန်-ရုရှား ပဋိပက္ခကို ယူကရိန်းမြေပေါ်မှာ ကြားခံစစ်ပွဲအနေနဲ့ ဆင်နွှဲ နေကြမှန်း သဘောပေါက်နိုင်မှာ ဖြစ်တယ်။

## • NATO ရဲ့ ဩဇာခံနယ်မြေချဲ့ထွင်မှု

ဆိုဗီယက်ပြည်ထောင်စု ပြိုကျသွားတဲ့အခါ ရုရှားက ကမ္ဘာ့ဇာတ်ခုံပေါ်မှာ အလွန်အမင်း အင်အားချိနဲ့သွားခဲ့တယ်။ အမေရိကန် အရင်းရှင်နယ်ချဲ့က ဆိုဗီယက် ပြည်ထောင်စုဝင်ဖြစ်ခဲ့တဲ့ နိုင်ငံတွေကို သူ့ဩဇာခံအဖြစ် မသိမ်းသွင်း ပါဘူးလို့ ကတိတွေ ဘယ်လိုပဲ ပေးခဲ့ပေမယ့် ဆန့်ကျင်ဖက်တွေချည်း လုပ်ခဲ့တယ်။ ရုရှား အားနည်းသွားတဲ့ အချက်ကို အခွင့်ကောင်းယူပြီး အရှေ့ဖက်ကို တောက်လျှောက် နယ်ချဲ့လာခဲ့တယ်၊ နောက်ဆုံး နေတိုး အုပ်စုဝင် က ရုရှား နယ်နိမိတ်နား ရောက်လာတဲ့အထိ အကြီးအကျယ် ချဲ့ထွင်လာခဲ့တယ်။

ဒီအနေအထားမှာ အမေရိကန် အရင်းရှင်နယ်ချဲ့က သူ့ကိုယ်သူ အင်အားအကြီးဆုံးလို့ ထင်လာတယ်။ ဝါရှင်တန် ပုဂ္ဂိုလ်တွေဟာ "ကမ္ဘာ့စနစ်သစ်"လို့ လက်ခမောင်း ခတ်လာခဲ့တယ်။

ယူဂိုဆလပ်ဗစ်ယား နဲ့ အီရတ်လို အရင် ဆိုဗီယက် ဩဇာခံနယ်တွေထဲကို အမေရိကန် နယ်ချဲ့က ဝင်ရောက်ကျူးကျော်ခဲ့တယ်။ နေတိုးရဲ့ ဆားဘီးယား စစ်ပွဲ မှာ ရုရှား အရှက်ရခဲ့တယ်။ ဒီနောက်မှာ အနောက်လိုလားတဲ့ အစိုးရတွေ နန်းတင်ပေးဖို့ "အရောင်" တော်လှန်ရေးတွေ တောက်လျှောက် လုပ်ခဲ့တယ်၊ အရှေ့ဥရောပကို စစ်တပ်တွေ စေလွှတ်တယ်၊ ရုရှား ခြံစည်းရိုးနားသွားပြီး စစ် ရေး အင်အားပြတာတွေ လုပ်တယ်၊ နေတိုး စစ်အုပ်စုဘက်က ဒီလိုမျိုး ရန်စမှုတွေ အကြိမ်ကြိမ် လုပ်ခဲ့တယ်။

ဒါပေမယ့် ဘယ်အရာမဆို အကန့်အသတ်ဆိုတာ ရှိစမြဲပဲ။ ပူတင် ကိုယ်စားပြုထားတဲ့ ရုရှား အုပ်စိုးသူ လူတန်းစား ဘက်က "တော်လောက်ပြီ"လို့ ပြောလာတဲ့ အမှတ်ကို ရောက်သွားခဲ့တယ်။ ၂၀၀၈ မှာအဲဒီအဆင့်ကို ရောက်လာခဲ့တယ်၊ နေတိုး စစ်အုပ်စုဝင်ဖြစ်ဖို့ ပြင်ဆင်နေတဲ့ ဂျော်ဂျာမှာ စစ်ဖြစ်တော့တယ်။

အဲဒီကာလမှာ အမေရိကန် နယ်ချဲ့က အီရတ် ကျူးကျော်စစ်မှာ ခြေကျွံနေပြီ။ ဒီအချက်ကို အခွင့်ကောင်းယူပြီး ရုရှားက ဂျော်ဂျာကို ဝုန်းခနဲဝင်တိုက်လိုက်တယ်၊ နေတိုး စစ်အုပ်စုက လေ့ကျင့်ပေးထားပြီး လက်နက်တပ်ဆင် ပေးထားတဲ့ ဂျော်ဂျာ စစ်တပ်ကို ချေမှုန်းပစ်ခဲ့တယ်။ ဂျော်ဂျာက ခွဲထွက်လာတဲ့ အတ်ဘ်ခါဇီးယန်းနဲ့ တောင်အော့စ်စက်တီးယန်း သမ္မတနိုင်ငံတွေမှာ ရုရှား ခြေကုပ်ခိုင်အောင် လုပ်ထားခဲ့တယ်။ ဒီနောက် ပြန်ဆုတ်လာခဲ့တယ်။

၂၀၁၄ တုန်းက ယူကရိန်းမှာ ယူရိုမိုင်ဒန် လှုပ်ရှားမှုကနေ ယာနူကိုဗစ်(ချ်) အစိုးရကို ဖြုတ်ချလိုက်ခြင်းဟာ အမေရိကန်နဲ့ နေတိုးစစ်အုပ်စု အကျိုးစီးပွားကို ထပ်တိုးမြှင့်တင်လိုက်ရာ ရောက်သွားတယ်။ ဒီတချီကတော့ ရုရှားရဲ့ သမိုင်းဆိုင်ရာ အိမ်နီးချင်း တိုင်းပြည်မှာ အခုလို လုပ်လိုက်ခြင်း ဖြစ်တယ်။ နေတိုး စစ်မဟာမိတ်အုပ်စုက ဒီလို လွန်လွန်ကဲကဲ ရန်စလိုက်တဲ့အခါရုရှားက ၂၀၁၄ မှာပဲ ခရိုင်းမီးယားကို ကျူးကျော်ပြီး လက်တုံ့ပြန်လိုက်တယ်။ ခရိုင်းမီးယား ဒေသဟာ ရုရှား ဘာသာစကားသုံး လူမျိုးတွေ အများစုနေထိုင်ရာ အရပ်လည်း ဖြစ်သလို ခရိုင်းမီး ယားရဲ့ အကြီးဆုံး ဆိပ်ကမ်းမြို့တော် ဆဗက်(စ်)တိုပို(လ်)မှာ ရုရှား ရေတပ်ဌာနချုပ် ရှိသေးတယ်။ ရုရှား ဘာသာ စကားပြော

ဒွန်ဘတ်(စ်) လူထုနဲ့ ကိယက်(ဗ်) က လက်ယာစွန်း အမျိုးသားရေးဝါဒီ အစိုးရကြားက ပြည်တွင်းစစ် မှာ အဲဒီကနေ ဒွန်ဘတ်(စ်) သူပုန်တွေကို စစ်ရေးအကူအညီ ပေးခဲ့တယ်။

အမေရိကန်က ဆီးရီးယားမှာ မြေပြင်စစ်တပ်တွေ မလွှတ်မှန်း သေချာသွားတာနဲ့ ၂၀၁၅မှာ ရုရှားက ဆီးရီးယား အစိုးရ အာဆတ်(ဒ်)ဘက်ကနေ ဝင်ပါခဲ့တယ်။ ဆီးရီးယား ပြည်တွင်းစစ်ရဲ့ ရလဒ်ကို ရုရှားက ပြဌာန်းပေးခဲ့တယ်။ ဆီးရီးယားဟာ ရုရှားအဖို့ အရေးကြီးတယ်။ မဒစ်တရိန်းနီးယန်း ပင်လယ်ထဲက ရုရှားရဲ့ တခုတည်းသော ရေတပ် အခြေခံဟာ ဆီးရီးယားမှာပဲ ရှိနေလို့ပါ။ ဆီးရီးယား ပြည်တွင်းစစ် ရလဒ်ဟာ အမေရိကန် အရင်းရှင်နယ်ချဲ့အဖို့ အတော် အထိနာသွားစေတယ်၊ အမေရိကန် နယ်ချဲ့အဖို့မဟာဗျူဟာမြောက် အရေးပါတဲ့ ဒေသမှာ ခံလိုက်ရခြင်း ဖြစ်တယ်။

အခု ဒီတချီမှာလည်း ပူတင်က ရုရှားရဲ့ ပါဝါကို ဆန့်ထုတ်ပြဖို့ နောက်ထပ် အခွင့်အရေးတခုလို မြင်ထားတယ်။ အမေရိကန်က အာဖဂန်နစ်(စ်)တန်မှာ အရှက်တကွဲ အရေးနိမ့်ထားကာစ ရှိသေးတယ်။ ရုရှားက အဇာဘိုင်ဂျန်- အာမေးနီးယန်း စစ်ပွဲကို ၂၀၂၀ ထဲမှာ ပြေငြိမ်းမှုရအောင် ပွဲစားလုပ်ပေးနိုင်ခဲ့တယ်။ ၂၀၂၀-၂၀၂၁ မှာ ဘယ်လာရုပ် (စ်)က လူကာရှန်ကာကို ရုရှားက ကျားကန်ပေးထားခဲ့တယ်။ အခု ၂၀၂၂ အစပိုင်းမှာပဲ ကာဇက်စတန်ကို ရုရှားက စစ်ရေးအရ ဝင်စွက်ဖက်ခဲ့သေးတယ်။

ဇယ်လင်စကီး အစိုးရကလည်း ရန်စရာမှာ ဝင်ကူလိုက်သေးတယ်။ ၂၀၁၄ ယာနူကိုဗစ်(ဂ်ျ) အစိုးရ ပြုတ်ကျပြီးတဲ့ နောက် ယူကရိန်းအစိုးရက နေတိုးနဲ့ အီးယူ အဖွဲ့ဝင်ဖြစ်ရေး ပြဿနာကို ရှေ့တန်းတင်လာခဲ့တယ်။ အဖွဲ့ဝင်ဖြစ် ရေးကိစ္စကို ၂၀၂၀ မှာ ခြေဥထဲ ရေးသားပြဌာန်းခဲ့တယ်။ အပြင်လူ ဖြစ်တယ်ဆိုတဲ့အားသာချက်နဲ့ လူပြက်ကနေ ၂၀၁၉ မှာ သမ္မတဖြစ်လာသူ ဇယ်လင်စကီးဟာ အစပိုင်းတော့ အိုလီဂါ့(ခ်)တွေကို ကိုင်တယ်၊ ရုရှားနဲ့ ငြိမ်းချမ်းဖို့ လုပ်တယ်။

သို့သော်လည်း လက်ယာစွန်းတွေရဲ့ ဖိအားနဲ့ ဝါရှင်တန်ရဲ့ ကြိုးကိုင်မောင်းနှင်မှုအောက်မှာ ဆန့်ကျင်ဖက် ပေါ်လစီ တွေပဲ သူလုပ်ခဲ့တယ်။ နေတိုး အဖွဲ့ဝင်ဖြစ်ရေး ကိစ္စကို တကျော့ပြန် ရှေ့တန်းတင်လာကြတယ်၊

အပြင်းအထန် တွန်းအားပေးလာတယ်။ ဒါကို ရုရှားဘက်က ခြိမ်းခြောက်မှုတခုလို မြင်တယ်။ ယူကရိန်း နေတိုးအဖွဲ့ဝင် ဖြစ်တာနဲ့ ခြိမ်းခြောက်ခံရတယ် မဆိုနိုင်ပါဘူး ပြောလာနိုင်တယ်။ ရုရှားနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တခြားတိုင်းပြည်တွေလည်း နေတိုး အဖွဲ့ ဝင် ဖြစ်နေပြီးသားတွေ ရှိတာပဲ။ ဒါပေမယ့် ဒီငြင်းချက်မှာ အရေးကြီး အချက်တစုံလုံး လွတ်နေတယ်။ ဒီကနေ့ အခြေအနေက အနောက် အရင်းရှင် နယ်ချဲ့အုပ်စုက ရုရှားကို ပတ်လည်ဝိုင်းထားဖို့ အရှေ့ကို ဆယ်စုနှစ်တွေနဲ့ချီ ပြီး တောက်လျှောက် ချဲ့လာခြင်းရဲ့ ရလဒ်ဖြစ်နေတာပဲ။ ဒီကနေ့ ရုရှားက ပြန်တွန်းထုတ်နေပြီ။

## • ကျူးကျော်မှုဟာ မလွှဲမရှောင်သာ ဖြစ်ခဲ့သလား

ဒိုင်ယာလက်တစ် နည်းကျပဲ အရည်အတွက်ကနေ အရည်အသွေးကို ပြောင်းလဲသွားခဲ့တယ်။ရုပဗေဒ အသုံးအနှုန်းကိုငှားသုံးရရင် ရန်ဘက်ပဋိပက္ခတွေ ပေါက်ကွဲထွက်ဖို့ သေချာသွားတဲ့ အဆုံးအဖြတ် အမှတ်ကို ရောက်ရှိခဲ့တယ်။

သို့သော်လည်း စစ်ပွဲလို ကိစ္စတွေမှာတောင် မတူညီတဲ့ ရွေးလမ်းတွေ ရှိစမြဲဖြစ်တယ်။ ပူတင်အနေနဲ့ သူ့ရည်မှန်းချက်တွေကို ကျူးကျော်စစ်ထိုးစရာမလိုဘဲ ရနိုင်ခဲ့ရင် အဲဒီလမ်းကို သူပိုကြိုက် လိမ့်မယ်။ ကျူးကျော်စစ်ထိုးပြီဆိုတာနဲ့ စတေးရမှာတွေ၊ နောက်ဆက်တွဲ အန္တရာယ်တွေ ကပ်ပါလာပြီးသားဖြစ်တယ်။ ကျူးကျော်တဲ့အဆင့်ကို ရှောင်လွှဲလို့ရနိုင်ချေ အစပိုင်းမှာ ရှိခဲ့တယ်။ ကျူးကျော်စစ်ကို ရွေးနိုင်ချေ အနည်းဆုံးလို့ ထင်ခဲ့ရတယ်။

အမေရိကန်ဘက်ကလည်း ပူတင်ရဲ့ လိုလားချက်တွေကို လိုက်လျောတော့မလို အရိပ်အယောင်တွေ ပြခဲ့တယ်။ ဘာ့ကြောင့် မလိုက်လျောခဲ့သလဲ။ ယူကရိန်း နေတိုးအဖွဲ့ဝင်ဖြစ်ရေးကိစ္စကို လောလောဆယ် ထည့်မစဉ်းစားသေး ဘူးလို့ ဘိုင်ဒင်ကိုယ်တိုင် လူသိရှင်ကြား ထုတ်ပြောခဲ့တယ်။ ဒါပေမယ့် အဆုံးမတော့ စစ်ရေး ကျူးကျော်မှု လမ်းကို သာ လျှောက်သွားခဲ့တယ်။

ပူတင်က စစ်ရေး လှုပ်ရှားမှုနည်းကို ခြိမ်းခြောက်စရာအနေနဲ့ အသုံးချပြီး အမေရိကန် အရင်းရှင်နယ်ချဲ့ကို စေ့စပ် ရေး စားပွဲဝိုင်းဆီ

တွန်းပို့ဖို့ ကြိုးစားခဲ့တယ်။ ပူတင်က သူ့လိုလားချက်တွေကို အတိအလင်း ထုတ်ပြထားတယ် - ယူကရိန်းကို နေတိုး အဖွဲ့ဝင်မဖြစ်ရေး၊ နေတိုး စစ်အုပ်စုရဲ့ အရှေ့ဘက်ဆီ ဩဇာခံနယ်ချဲ့ထွင်မှု အဆုံးသတ်ရေးနဲ့ ဥရောပမှာ ရုရှားအဖို့ လုံခြုံရေးအာမခံချက်ရှိရေး၊ စတဲ့အချက်တွေ ဖြစ်တယ်။

ဒီတောင်းဆိုချက်တွေဟာ ရုရှား အရင်းရှင်စနစ် အကျိုးစီးပွားတွေနဲ့ တထပ်တည်း ကိုက်ညီနေတယ်။ ဒါ့ကြောင့် လည်း ဝါရှင်တန်က အုပ်စိုးသူတွေရဲ့ အကျိုးစီးပွားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ ဒါ့ကြောင့် အမေရိကန် အရင်းရှင်နယ်ချဲ့ဘက်က ရုရှားရဲ့ တောင်းဆိုချက်တွေကို တလက်မမှ မပေးနိုင်ဘူး။ ဒါဖြင့် ယူကရိန်းကို ရုရှား ကျူးကျော်စစ်ကနေ ကာကွယ်ဖို့ အမေရိကန်က သူ့တပ်တွေ လွှတ်ပေးဖို့ ပြင်ထားသလိုဆိုလည်း လုံးဝစိတ်ကူးမရှိ ခဲ့ပါဘူး။ မြေပြင် စစ်အင်အား ကျားကန်ပေးထားခြင်းမရှိတဲ့ ဆန့်ရှင် ခြိမ်းခြောက်မှုတွေဟာ သဘာဝကျစွာပဲ ပူတင်ကို ဟန့်တားဖို့ ဘာမှမတတ်နိုင်ခဲ့ဘူး။

အချင်းအရာတွေဟာ သူ့ကိုယ်ပိုင် ဒိုင်းနန်းမစ်(ခ်)တွေနဲ့ လှုပ်ရှားနေကြတယ်။ ပူတင်က သူ့မျှော်မှန်းထားသလို စစ်ရေး အင်အားပြ ခြိမ်းခြောက်ရုံနဲ့ လိုက်လျောချက်တွေ မရနိုင်တဲ့အခါ ရှေ့ဆက်တိုးဖို့ပဲ ရွေးတော့တယ်။ ဟန်ပြ ခြိမ်းခြောက်တဲ့ ဂိမ်းပွဲတွေ တခန်းရပ်သွားတော့တယ်။

အမေရိကန်ဘက်က အဆိုပါ တောင်းဆို ချက်တွေကို ဘာ့ကြောင့် များ တချက်ကလေးမှ မလိုက်လျောနိုင်ဘဲ ခေါင်းမာမာနဲ့ ငြင်းပယ်ခဲ့ရသလဲ။ ပူတင် တောင်းတဲ့တချက်ချက်ကိုသာ လိုက်လျောပေးခဲ့ရရင် အမေရိကန်က ရုရှားရဲ့ ခြိမ်းခြောက်မှုကို အလျှော့ပေးလိုက်ရတယ်လို့ အမြင်ခံသွားရမယ်။ ဒီလိုသာ မြင်သွားကြရင် ကမ္ဘာ့ဆူပါပါဝါ အမေ ရိကန်အဖို့ ဩဇာထပ်ကျသွားဖို့ပဲ ရှိတယ်။ (အာဖဂန်ကနေ အရှုံးနဲ့ ပြန်ဆုတ်လာရတာ လပိုင်းပဲ ရှိသေးတယ် မဟုတ်လား။) ပူတင်ဘက်မှာလည်း ဒီသဘောပဲ၊ စစ်အင်အားပြ ခြိမ်းခြောက်ပြီး သူလိုချင်တာ တောင်းဆိုတာကို အဖက်အလုပ်မခံရတဲ့ အခြေအနေမှာ ခြိမ်းခြောက်ထားသလို တကယ်မလုပ်ရဲဘဲ အသာအမြီးကုပ် ငြိမ်လိုက်ရ တယ်ဆိုရင် ဂွမ်းပြီ။

အနောက် အရင်းရှင်နယ်ချဲ့အုပ်စုက ရုရှား တောင်းဆိုချက်တွေကို ထည့်တောင် စဉ်းစားမပေးနိုင်တဲ့အခါ ပူတင် အနေနဲ့ ခြိမ်းခြောက်ထားသလို ရှေ့ဆက်တိုးမလား ဒါမှမဟုတ် နောက်ပြန်ခေါက်မလား ဆိုတဲ့ အနေအထား ရောက်သွားတယ်။ ဒီအခြေအနေကနေ နောက်ဆက်တွဲ လမ်းကြောင်းကို ပြဌာန်းပေးခဲ့တာပဲ။

တကယ်တမ်း စစ်ရေး ကျူးကျော်မှု ဖြစ်လာရင် အနောက် အရင်းရှင် နယ်ချဲ့နိုင်ငံတွေက ယူကရိန်းကို သူတို့ စစ်တပ်တွေ တိုက်ရိုက် ဝင်ပါခိုင်းမှာ မဟုတ်ဘူးဆိုတဲ့ အချက်ကို ပူတင်က ထည့်တွက်ထားပြီးသား ဖြစ်တယ်။ အရေးယူပိတ်ဆို့မှု ဒဏ်တွေတော့ မှုကိုမမှုတော့တာ။ ယူကရိန်း နယ်စပ်မှာ စစ်အင်အား ၁၉၀၀၀၀ လောက် ပို့ထားပြီးသား အခြေအနေမှာ နောက်တလှမ်း ထပ်တိုးဖို့ဆိုတာ ကြိုတင်ပြဌာန်းထားပြီး ဖြစ်နေခဲ့ပြီ။

ဘယ် ကျူးကျော် စစ် မဆို တရားထူထောင်ပေးဖို့ လိုစမြဲဖြစ်တယ်။ ရုရှားက အများပြည်သူရဲ့ အမြင်ကို လှည့်ဖျားဖို့ ပူတင်က ဒွန်ညက်ဒေသကို ယူကရိန်း စစ်တပ်က ပုံးကြဲတိုက်ခိုက်ခဲ့တာတွေ အကြောင်းပြချက်အနေနဲ့ အသုံးချ တယ်၊ ယူကရိန်း အစိုးရရဲ့ ဒီလုပ်ရပ်ကို ပူတင်ကို “ဂျီနိုဆိုက်(ဒ်)”လို့ ကင်ပွန်းတပ်တယ်။ “ဂျီနိုဆိုက်(ဒ်)”လို့ ကင် ပွန်းတပ်တာကတော့ အလွန်အကျူး ပြောဆိုမှုပဲ၊ ဒါပေမယ့် ယူကရိန်း အစိုးရက ဒွန်းညက်ဒေသမှာ ပုံးကြဲတိုက် ခိုက်ခဲ့တာတွေကို အရင်းရှင်နယ်ချဲ့တွေ ခပ်လွယ်လွယ်လေး ပစ်ပယ်လိုက်သလိုမျိုး လစ်လျူရှုလို့တော့ မဖြစ်ဘူး။

ယူကရိန်း စစ်တပ်လက်ချက်နဲ့ ဒွန်းဘတ်(စ်) ဒေသက ရုရှား ဘာသာစကားသုံး လူထု ဖိနှိပ်မှုတွေ ရက်ရက်စက် စက်ခံခဲ့ရတာကို ယုံမှားသံသယ ဖြစ်စရာမရှိဘူး။ ပြီးခဲ့တဲ့ ရှစ်နှစ်အတွင်း ဒွန်းဘတ်(စ်)ဒေသမှာ လူပေါင်း ၁၄၀၀၀ အသတ်ခံခဲ့ရတယ်၊ အများစုက ဒွန်းညက် ဒေသမှာ နေထိုင်ကြတဲ့ အရပ်သားပြည်သူတွေ။ ပုံးကြဲတိုက်ခိုက်မှုရဲ့ ၈၀ %ကို ယူကရိန်း စစ်တပ်က ကျူးလွန်ခဲ့တာလို့ ခန့်မှန်းထားကြတယ်။

ပူတင်က ဒွန်းဘတ်(စ်) သမ္မတနိုင်ငံတွေကို အသိအမှတ်ပြုပြီး စစ်ကြေညာလိုက်တယ်၊ သူ့ဆုံးဖြတ်ချက်ကို ကျား ကန်ပေးထားဖို့ စစ်တပ်တွေ ပို့ထားလိုက်တယ်။ ဒါဟာ

ယူကရိန်းကို ထိုးစစ်ဆင်ဖို့ အချက်ပြခဲ့တာပဲ။

## • ပူတင် လုပ်ရပ်တွေရဲ့ နောက်ကွယ်က အကြောင်းတရားတွေဟာ ဘာတွေဖြစ်မလဲ

ပူတင်ရဲ့ လုပ်ရပ်တွေအားလုံးက သူ့အကျိုး စီးပွားတွေကို အကောင်အထည်ဖော်နေတာပဲ ဖြစ်တယ်။ စီးပွားရေး အကြပ်အတည်း၊ အလုပ်သမားထုအပေါ် ထိုးနှက်မှုတွေ၊ ပင်စင်လစာကိစ္စတွေနဲ့ ဒီမိုကရေစီ အခွင့်အရေး ချိုးဖောက်မှုတွေကြောင့်ပြီးခဲ့တဲ့နှစ်တွေအတွင်း ဆုံးရှုံးသွားတဲ့ သူ့ပေါ်ပြူလာဖြစ်မှုကို အမျိုးသားရေး စိတ်ခံစား ချက်တွေ ထိုးဆွပေးပြီး ပြန်အဖတ်ဆယ်ဖို့ ပူတင် မျှော်လင့်ထားတယ်။

ဒီနည်းက ခရိုင်းမီးယားကို ကျူးကျော်ခဲ့တဲ့ ၂၀၁၄ မှာ အလုပ်ဖြစ်ခဲ့တယ်။ အဲဒီပရိယာယ်ကို အခုတချီ ထပ်သုံးလို့ ရဦးမယ် ထင်နေပုံပဲ။

ပူတင်က သူ့ကိုယ်သူ အနောက်ကို ဆန့်ကျင်ပြီး ရုရှားတွေဘက်က ခုခံကာကွယ်ပေးတဲ့ လူစွမ်းကောင်ပုံစံ ဖမ်း ချင်တယ်။ ဒွန်းဘတ်(စ်)ဒေသက ရုရှား ပြည်သူ တွေဘက်က ရပ်တည်ကာကွယ်သူအဖြစ် ပုံဖော်တယ်။ ဒါဟာ လုံး၀ မှားတယ်။ ပူတင်က ဒွန်းဘတ်(စ်) ပြည်သူတွေရဲ့ ဒုက္ခကို စိတ်မ၀င်စားပါဘူး။

ယူကရိန်းမှာ သူ့ရည်မှန်းချက်တွေ အထမြောက်ဖို့ ဒွန်ညက်နဲ့ လူဟန့်(စ်) သမ္မတနိုင်ငံတွေကို ပူတင်က နယ်ရုပ် ကလေးလို အသုံးပြုလိုက်တာပါ။ မင့်(စ်) သဘောတူညီချက်တွေရဲ့ အဓိပ္ပါယ် အမှန်က ဒါပဲ။

အမှန်တော့ ပူတင်မှာ အင်ပိုင်ယာ အရှင်ကြီးဆိုတဲ့ ထင်ယောင်ထင်မှားဖြစ်မှုတွေ ရှိတယ်။ ပူတင်က သူ့ကိုယ်သူ ဇာဘုရင်တမျိုးလို မြင်တယ်။ ၁၉၁၇ မတိုင်မီက ရုရှား အင်ပိုင်ယာနဲ့ ဖောက်ပြန်တဲ့ မဟာရုရှား လူမျိုးကြီး၀ါဒ လမ်းကြောင်းမျိုးကို လိုက်နေတယ်။ ဒီလို လူမျိုးက ယူကရိန်းမှာ တိုးတက်တဲ့ အခန်းကနေ ပါ၀င်နိုင်တယ်လို့ ယူ ဆခြင်းဟာ သွက်သွက်ခါအောင် ပေါကြောင်မှုပဲ။

## • ရုရှား အရင်းရှင်နယ်ချဲ့စနစ်

ရုရှားက အရင်းရှင်နယ်ချဲ့စနစ် လွှမ်းမိုးခံ အားနည်း နိုင်ငံတခု မဟုတ်ဘူး။ အားနည်းနိုင်ငံ

ဖြစ်ဖို့ကားဝေးစွ။ နယ်ချဲ့ပေါ်လစီကျင့်သုံးနေတဲ့ ဒေသတွင်း အင်အားကြီး အရင်းရှင်နယ်ချဲ့ နိုင်ငံတခုဖြစ်နေပြီ။ ရုရှားရဲ့ ယူကရိန်း ကျူးကျော်စစ်နောက်ကွယ်က တကယ့် အကြောင်းတရားတွေဟာ သူ့ဩဇာခံနယ်တွေ ခိုင်မာအောင် ကြိုးပမ်းခြင်း ဖြစ်တယ်၊ ရုရှား အရင်းရဲ့ နေရှင်နယ် လုံခြုံမှု အကျိုးစီးပွားကို ကာကွယ်ဖို့ ဖြစ်တယ်။

သဏ္ဌာန်လော့ဂျစ်သမားဆိုရင်တော့ အရင်းရှင်နယ်ချဲ့ လို့ ဆိုရအောင် ရုရှားမှာ လီနင်ရဲ့ နာမည်ကျော် "အရင်းရှင် စနစ်ရဲ့ အမြင့်ဆုံးအဆင့် နယ်ချဲ့စနစ်"စာအုပ်မှာ ဖော်ပြထားတဲ့ ဝိသေသတွေ အားလုံး မရှိသေးဘူးလို့ ငြင်းပယ် ကောင်း ငြင်းပယ်နိုင်တယ်။ အဲဒီဝိသေသတွေအားလုံး မရှိသေးတာ ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ရုရှားဟာ အရင်းရှင်နယ်ချဲ့ မဖြစ်ဘူးလို့ အဓိပ္ပါယ်မထွက်ဘူး။ ဒီလိုငြင်းပယ်မှုမျိုးကို လီနင်ရဲ့ အဲဒီစာအုပ်ထဲမှာပဲ တပါတည်း ဖြေထားတယ်။

လီနင်က ဇာဘုရင်ခေတ် ရုရှားကို "မော်ဒန် အရင်းရှင်နယ်ချဲ့စနစ်က အရင်းရှင်စနစ်မတိုင်မီ ဆက်ဆံရေးတွေ ထူပိတ်နေသော ကွန်ယက်ထဲ နစ်ဝင်နေတဲ့ စီးပွားရေးအရ နောက်ကောက်အကျဆုံး တိုင်းပြည်တခု"လို့ ဆိုထား တယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ လီနင်က ဇာဘုရင်ခေတ် ရုရှားကို ခေါင်းဆောင် အရင်းရှင်နယ်ချဲ့ ငါးနိုင်ငံထဲ ထည့်ထားတယ်။ ဇာဘုရင်ခေတ် ရုရှားဟာစီးပွားရေးအရနောက်ကောက်ကျနေပြီး အရင်းတင်ပို့မှု တခုမှ မရှိခဲ့ တာတောင် လီနင်က အရင်းရှင်နယ်ချဲ့ နိုင်ငံတခုလို့ ဆိုခဲ့ခြင်း ဖြစ်တယ်။

ဒီကနေ့ ရုရှားဟာ ၁၉၁၇ မတိုင်ခင်က ရုရှားလို ခေတ်နောက်ကျနေဆဲ မဖွံ့ဖြိုးသေးတဲ့ တိုင်းပြည်တစ်ခု မဟုတ် တော့ဘူး။ ဖွံ့ဖြိုးပြီး စက်မှု နိုင်ငံတခုဖြစ်နေပြီ။ အရင်း စုစည်းမှု အဆမတန် မြင့်မားနေပြီ။ ဗဟိုချုပ်ကိုင်မှု ကြီးမား တဲ့ ဘဏ်လုပ်ငန်းက အရေးကြီးတဲ့ စီးပွားရေး ကဏ္ဍမှာ ရှိနေပြီ။

ဓာတ်ငွေ့နဲ့ လောင်စာဆီ တင်ပို့မှုက ရုရှား စီးပွားရေးမှာ အဓိက အခန်းကဏ္ဍက ပါဝင်နေလို့ ဒေသတွင်း အရင်း ရှင်နယ်ချဲ့ ဖြစ်နေပြီဆိုတဲ့ အချက်ကို ပြောင်းလဲမပစ်ပါဘူး။ နောက်ပြီး ဒီအရင်းအမြစ်တွေက ပြည်ပ နိုင်ငံစုံ ကော် ပရေးရှင်းကြီးတွေရဲ့ ထိန်းချုပ်မှုအောက်

ရောက်နေတာ မဟုတ်ဘူး၊ ရုရှား အိုလီဂါ့(ခ်)တွေ လက်ထဲမှာပဲရှိနေတာ။ ရုရှားရဲ့ နိုင်ငံခြားရေး ပေါ်လစီကို သူ့စွမ်းအင် တင်ပို့မှုအတွက် စျေးကွက်တွေ၊ ပို့ကုန်တင်ပို့ရေး လမ်းကြောင်းတွေ ခိုင်မာစေရေး လိုအပ်ချက်က အဓိက မောင်းနှင်ပေးတယ်။

ရုရှားကို အမေရိကန်နဲ့ တန်းတူထားလို့ မရနိုင်တာ မှန်ပါတယ်။ ဘာနဲ့တိုင်းတိုင်း အမေရိကန်က ကမ္ဘာ့အင်အား အကြီးဆုံး နယ်ချဲ့ပါဝါ ဖြစ်နေတုန်းပဲ။ အမေရိကန်နဲ့ယှဉ်ရင် ရုရှားက အသေးစား ဒါမှမဟုတ် အလတ်စား အရင်း ရှင်နယ်ချဲ့ပါဝါ အဆင့်ပဲ ရှိတယ်။ ရုရှားရဲ့ စီးပွားရေးက အမေရိကန်လောက် မကြီးဘူး၊ ပြောရရင် ဥရောပ အရင်း ရှင် နယ်ချဲ့ပါဝါတွေလောက်တောင် မရှိဘူး။

ဒါပေမယ့် ရုရှားဟာ ဗဟိုအာရှ၊ ကော့ကေးဆပ်(စ်)၊ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပနဲ့ ဘော(လ်)ကန်ဒေသတွေ မှာ ဩဇာခံနယ်တွေ ချဲ့ထွင်ဖို့ ရည်မှန်းချက်တွေ ရှိနေတဲ့ ဒေသတွင်း အရင်းရှင်နယ်ချဲ့ပါဝါတခု ဖြစ်တာတော့ စဉ်း စားတတ်သူတိုင်း မငြင်းနိုင်ဘူး။

ရုရှားက ဆိုဗီယက် ပြည်ထောင်စုဆီကနေ နျူကလီယာ လက်နက်တွေ အမွေဆက်ခံထားတယ်၊ ပြီးခဲ့တဲ့ နှစ်တွေ အတွင်း ရုရှား စစ်တပ်ကို ခေတ်မီအောင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားခဲ့တယ်။ ရုရှားက ကမ္ဘာပေါ်မှာ စစ်အသုံးစရိတ် အကြီးဆုံး ငါးနိုင်ငံထဲမှာ ရှိနေတယ်၊ ပြီးခဲ့တဲ့နှစ်တွေအတွင်း ရုရှားရဲ့ စစ်အသုံးစရိတ်ဟာ ၃၀% ပို များလာခဲ့တယ်။ ဂျီဒီပီနဲ့နှိုင်းစာရင် တတိယ စစ်အသုံးစရိတ် အကြီးဆုံးက ရုရှားပဲ။

ရုရှားရဲ့ ယူကရိန်း ကျူးကျော်စစ်ဟာ ဖောက်ပြန်တဲ့ အရင်းရှင်နယ်ချဲ့ စစ်ပွဲဖြစ်တယ်၊ ကျနော်တို့ မာ့က်စ်ဝါဒီတွေ လုံးဝမထောက်ခံနိုင်ဘူး။ ယူကရိန်းနဲ့ ရုရှားမှာသာမက ကမ္ဘာနဲ့ချီပြီး ဆိုးကျိုးတွေပဲ သက်ရောက်လာလိမ့်မယ်။ ဒီ အကြောင်းတရားတွေကြောင့် ရုရှားရဲ့ ယူကရိန်း ကျူးကျော်စစ်ကို ကျနော်တို့ ဆန့်ကျင်ကြခြင်း ဖြစ်တယ်။

ဒီစစ်ပွဲဟာ ညီရင်းအစ်ကိုသဖွယ် ချစ်ကြည်မှုတွေနဲ့ နီးနီးကပ်ကပ် စည်းနှောင်မှုရှိခဲ့တဲ့ ပြည်သူနှစ်ရပ်ကြား အမျိုး သားရေး မုန်းတီးမှုတွေကို ဖြစ်ပေါ်စေမယ်၊ တဖက်မှာ ဖောက်ပြန်တဲ့ ယူကရိန်း

အမျိုးသားရေးဝါဒကို ပိုလောင် ကျွမ်းစေပြီး အခြားတဖက်မှာ ဖောက်ပြန်တဲ့ မဟာရုရှား လူမျိုးကြီးဝါဒကို ပိုအားကောင်းလာစေမယ်၊ အလုပ်သ မား လူတန်းစားထဲမှာ တိုင်းပြည်အလိုက် လူမျိုးအလိုက် ဘာသာစကားအလိုက် အလွန်ဆိုးရွားတဲ့ အကွဲအပြဲတွေ ဖြစ်ပေါ်စေမယ်။

ဒီလို ဖြစ်ပေါ်လာမယ့် အမျိုးသားရေးဝါဒ အဆိပ်ပင်ကို ဆန့်ကျင်ဟန့်တားနိုင်ဖို့ ရုရှားအလုပ်သမားထုက ပစ္စည်းမဲ့ လူတန်းစား အင်တာနေရှင်ဝါဒကို ကြံ့ကြံ့ခံ ကိုင်စွဲပြီး မဟာလူမျိုးကြီး ရှိုဗင်ဝါဒနဲ့ ပူတင်ရဲ့ ပြည်တွင်း ပြည်ပ ဖောက်ပြန်သော ပေါ်လစီတွေ ပြတ်ပြတ်သားသား ဆန့်ကျင် ရပ်တည်ကြရမယ်။ အင်တာနေရှင်နယ် မာ့(က်စ်)ဝါဒီ အင်အားစု (IMT) က ရုရှား မာ့(က်စ်)ဝါဒီ ရဲဘော်တွေရဲ့ ရပ်တည်ချက်ဟာ ဒီနေရာမှာ စံပြပဲ။

ရုရှား ကျူးကျော်စစ်ကို ခုခံနေကြတဲ့ ယူကရိန်း အလုပ်သမားတွေအနေနဲ့တော့ မိတ်ဆွေတွေ၊ မဟာမိတ်တွေလို့ ဆိုနေကြသူတွေက ယူကရိန်း နိုင်ငံကို သစ္စာဖောက်ခဲ့ကြပြီး ဖြစ်တယ်ဆိုတဲ့ အချက်ကို နားလည်ဖို့ လိုပါတယ်။ အနောက် အရင်းရှင်နယ်ချဲ့ အချောင်သမားတွေဟာ ယူကရိန်းလူထုကို စစ်ပွဲထဲ တမင်တကာ တွန်းပို့ခဲ့တယ်၊ ပြီးမှ ယူကရိန်း ပြည်သူတွေ သွေးအိုင်ထဲ နစ်နေတာကို နောက်ဆုတ်လက်ပိုက်ကြည့်နေကြတယ်။ အနောက် အရင်းရှင် နယ်ချဲ့အုပ်စုက ယူကရိန်းကို စစ်လက်နက်တချို့ ထောက်ပံ့ဖို့ ကတိပေးထားပေမယ့် သူတို့စစ်တပ်တွေကိုတော့ မလွှတ်ပါဘူး၊ ဒီလိုကောက်ကျစ်တဲ့နည်းနဲ့ စစ်ပွဲပိုကြာအောင် ဖန်တီးပြီး နှစ်ဖက်လုံး အထိအခိုက် အများဆုံး ဖြစ် စေမယ်၊ ရန်ဘက် ရုရှားကို စစ်နွံထဲ နစ်သွားစေမယ်။

နေတိုး စစ်အုပ်စုဝင်တွေဘက်က တကယ့်မြေပြင်မှာ သူတို့စစ်သား တယောက်မှ မလွှတ်ဘဲ "အဆုံးထိ တိုက်သွားမယ့်"အကြောင်း ကြုံးဝါးတာ၊ ဆန့်ရှင်တွေ အာဝါးရိုက်တာ၊ သနားစရာ ယူကရိန်းတွေဆိုပြီး မိကျောင်းမျက်ရည် ကျပြတာ စသဖြင့်။ ဒါတွေ အားလုံးက သူတို့ရဲ့ ပါဝါနိုင်ငံရေး ကစားပွဲမှာ ယူကရိန်းကို နယ်ရုပ်ကလေးတခုအနေနဲ့ ယုတ်မာကောက်ကျစ်စွာ အသုံးပြုနေတယ်ဆိုတဲ့ အချက်ကို နည်းနည်းလေးမှ ဖုံးမထားနိုင်ပါဘူး။

ယူကရိန်း ပြည်သူအပေါင်းတို့၊


သင်တို့မျက်စိကို ဖွင့်ပြီး ကြည့်ကြပါလေ၊ သင်တို့ရဲ့ တိုင်းပြည်ကို အရင်းရှင်နယ်ချဲ့ ယစ်ပလ္လင်မှာ စတေးထားကြမှန်း သဘောပေါက်ကြပါလေ။ သင်တို့ရဲ့ မိတ်ဆွေအစစ်ဆိုလို့ ကမ္ဘာ့ အလုပ်သမားထုပဲ ရှိပါတယ်။

## • လေဘာ လှုပ်ရှားမှုရဲ့ ရပ်တည်ချက်

စစ်ဟာ လေဘာ လှုပ်ရှားမှုထဲက တိမ်းညွတ်မှု အင်အားစု အသီးသီးကို မှတ်ကျောက်တင် စမ်းသပ်တယ်။ တွက်ဆထားသလိုပဲ၊ ပြုပြင်ရေးဝါဒီတွေနဲ့ ဆိုရှယ်ဒီမိုကရက်တွေဟာ သူတို့တိုင်းပြည်က အုပ်စိုးသူ လူတန်းစားဆီ အ လျှင်အမြန် ပူးပေါင်းသွားကြတယ်။ ရုရှားအပေါ် ဒဏ်ခတ်အရေးခြင်းကို အားတက်သရော ထောက်ခံသူတွေ ဖြစ်နေတယ်။ အနောက် အရင်းရှင်တိုင်းပြည်တွေက လက်ဝဲ ပြုပြင်ရေးဝါဒီတွေကြားမှာ အစုတွေ အမျိုးမျိုး ကွဲထွက် သွားတယ် - တချို့က "ယူကရိန်းကို လွှတ်လိုက်"လို့ ကြွေးကြော်ပြီး အုပ်စိုးသူ လူတန်းစားနဲ့ ပြောင်လက်တွဲ လိုက်ကြတယ်၊ တချို့က အားကိုးမရတဲ့ ရွှေပြည်အေးဝါဒထဲ ကျဆင်းသွားကြပြီး နိုင်ငံတကာ တရားဥပဒေဆိုတာ ရဲ့ ဒဏ္ဍာရီဆန်ဆန်အုပ်စိုးမှုကို တောင်းဆိုနေကြတယ်၊ ပါးနပ်တဲ့ သံတမန်နည်းနဲ့ စစ်ကိုတားနိုင်မယ်လို့ မျှော်လင့် နေကြတယ်။

ခန့်မှန်းထားသလိုပဲ ရုရှားမှာ ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုက သူတို့အုပ်စိုးသူ လူတန်းစား နောက်မြီးဆွဲ ဖြစ်နေတယ်၊ ပူတင်ရဲ့ နယ်ချဲ့ကျူးကျော်မှုကို အပြည့်အဝ ထောက်ခံထားကြတယ်။ တခြားလက်ဝဲတွေကတော့ လစ်ဘ ရယ် နောက်မြီးဆွဲ လုပ်နေကြတယ်။

တော်လှန်သော မာ့(က်စ်)ဝါဒီတွေရဲ့ ရပ်တည်ချက်က ရှင်းလင်းနေသင့်တယ် - "အလုပ်သမား လူတန်းစားရဲ့ အဓိက ရန်သူက ပြည်တွင်းမှာ" ဆိုတဲ့ မူရိုးမာသော လူတန်းစား အခြေခံ ရပ်တည်ချက် ဖြစ်သင့်တယ်။ နေတိုးစစ်အုပ်စုနဲ့ အနောက် အရင်းရှင်နယ်ချဲ့ ဂန်းစတားတွေအပေါ် ဘယ်လိုယုံကြည်မှုမျိုးမှ ထားလို့မဖြစ်နိုင်ဘူး။ ဒီအ ဆိုဟာ အထူးသဖြင့် အနောက် နိုင်ငံတွေက ဆိုရှယ်လစ်တွေ၊ အလုပ်သမားတွေအတွက် ပိုမှန်တယ်။ (အနောက် နိုင်ငံတွေက အလုပ်သမား လူတန်းစားနဲ့ ဆိုရှယ်လစ်တွေဟာ အဓိက



ရန်သူက ကိုယ့်ပြည်တွင်းမှာဆိုတဲ့ လူတန်းစား အခြေခံ ရပ်တည်ချက်ကို ပစ်ပယ်ပြီး ရုရှားကို အဓိက ရန်သူထင်သွားရင် နေတိုးနဲ့ သက်ဆိုင်ရာ အုပ်စိုးသူ လူ တန်းစားကို ထောက်ခံမိရက်သား ဖြစ်သွားမယ်။ အလားတူပဲ၊ ရုရှား အလုပ်သမား လူတန်းစားက သူတို့ရဲ့ အဓိက ရန်သူဟာ ပူတင် ကိုယ်စားပြုတဲ့ ရုရှား အုပ်စိုးသူ လူတန်းစားပဲ ဆိုတဲ့ လူတန်းစား အခြေခံ ရပ်တည်ချက်ကို မေ့ သွားရင် ယူကရိန်းပြည်သူတွေရဲ့ မုန်းတီးမှုကို ခံလာရမယ်)။

ကရင်မလင်က ဖောက်ပြန်တဲ့ ဂန်းစတား အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့ အလုပ်ဟာ ရုရှား အလုပ်သမားထုရဲ့ တာဝန်သာ ဖြစ်တယ်။ အနောက်က တော်လှန်ရေးသမားတွေရဲ့ အလုပ်က သူတို့ အနောက်နိုင်ငံတွေက ဘူဇွာ လူတန်းစား၊ နေတိုး စစ်အုပ်စု၊ အမေရိကန် အရင်းရှင်နယ်ချဲ့စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရေး ဖြစ်တယ်။ အမေရိကန် အရင်းရှင်နယ်ချဲ့ဆိုတာ ကမ္ဘာ့ဂြိုဟ်ပေါ်မှာ

အဖောက်ပြန်ဆုံး တန်ပြန်တော်လှန်ရေး အင်အားစုပဲ။

ဒီစစ်ပွဲမှာ ဘယ်ဘက်ကိုမှ ကျနော်တို့ မထောက်ခံနိုင်ဘူး၊ နှစ်ဖက်စလုံးက ဖောက်ပြန်တဲ့ စစ်ပွဲဖြစ်နေလို့ပဲ။ နောက်ဆုံးသတ္တချုပ်လိုက်ရင် ဒီစစ်ပွဲဟာ အရင်းရှင်နယ်ချဲ့ အုပ်စုနှစ်ခုကြားက ပဋိပက္ခဖြစ်တယ်။ ဘယ်အရင်းရှင် နယ်ချဲ့အုပ်စုကိုမှ ကျနော်တို့ မထောက်ခံနိုင်ဘူး။ သွေးထွက်သံယို ဖြစ်နေတဲ့ ယူကရိန်း ဆင်းရဲသား လူထုဟာ ဒီ ပဋိပက္ခမှာ မြေစာပင် ဖြစ်နေရတယ်။ ဒီပဋိပက္ခကို သူတို့ဖန်တီးခဲ့တာ မဟုတ်သလို သူတို့အလိုမရှိဘူး။

ယူကရိန်း အလုပ်သမားတွေ၊ လူငယ်တွေအတွက် ဒုက္ခပင်လယ်ဝေစေတဲ့ စစ်ပွဲ၊ ဖောက်ပြန်တဲ့ သားသတ်ပွဲကို အဆုံးသတ်ပေးဖို့ တခုတည်းသော အော်တာနေးတစ်ကတော့ ယူကရိန်း အိုလီဂါ့(ခ်)တွေ၊ အမေရိကန် နဲ့ ရုရှား အရင်းရှင် နယ်ချဲ့စနစ်ကို လူတန်းစား သွေးစည်းမှုနဲ့ ဆန့်ကျင်တိုက်ပွဲဝင်ရေး ပေါ်လစီပဲ။ ယူကရိန်းရဲ့ အမျိုးသား ရေး ပြဿနာဟာ အလွန်ရှုပ်ထွေးပါတယ်၊ ယူကရိန်း အမျိုးသားရေးဝါဒ ဒါမှမဟုတ် ရုရှားလိုလားတဲ့ အမျိုးသား ရေးဝါဒကို အခြေခံပြီး ဒီတိုင်းပြည်ကို အုပ်စိုးဖို့ ကြိုးပမ်းမှုမှန်သမျှဟာ တိုင်းပြည် ပြိုကွဲမှု၊ လူမျိုးတုန်း သတ်ဖြတ် မှုနဲ့ ပြည်တွင်းစစ်ဆီ မလွဲမသွေ ဦးတည်သွားလိမ့်မယ်။

အဆုံးမတော့ အိုမင်းရင့်ရော် ယိုယွင်းလာတဲ့ အရင်းရှင်စနစ်ဆိုတာ စစ်နဲ့ စီးပွားရေး အကြပ်အတည်းပဲ ဖြစ်တော့ တယ်။ အရင်းရှင်စနစ်ရဲ့ အနိဋ္ဌာရုံတွေကို အပြီးတိုင် အဆုံးသတ်ပေးဖို့ တခုတည်းသော နည်းလမ်းကတော့ အလုပ်သမား လူတန်းစားက တနိုင်ငံပြီး တနိုင်ငံ အာဏာအရယူပြီး ပုပ်သိုးနေတဲ့ ဒီစနစ်ကို ဖယ်ရှားပစ်လိုက်ဖို့ပဲ။ ဒီလို လုပ်နိုင်ဖို့ဆိုရင် တော်လှန်ရေး ခေါင်းဆောင်မှု လိုအပ်တယ်။ ဆိုရှယ်လစ် အင်တာနေရှင်နယ်ဝါဒ မှုတွေပေါ် ခိုင်ခိုင်မာမာ အခြေတည်ထားတဲ့ တော်လှန်ရေး ခေါင်းဆောင်မှုမျိုး လိုအပ်တယ်။ ဒါ့ကြောင့် ဒီကနေ့ အရေးအကြီး ဆုံး အလုပ်က မာ့(က်စ်)ဝါဒ အင်အားစုတွေ စိတ်ရှည်လက်ရှည် တည်ဆောက်ရေးဖြစ်တယ်။

https://www.marxist.com/the-ukrainian-war-an-internationalist-class-position--imt-statement.htm

(ကောက်နုတ် ဘာသာပြန်ထားသည်။)



Marxist Perspective

WORLD AFFAIRS

# ပဋိပက္ခကို အရှိန်မြှင့်တင်လိုက်တဲ့ ပူတင်

မေဆန် ဘာသာပြန်သည်

[Jorge Martin and Fred Weston တို့ရေးတဲ့ ဖေဖော်ဝါရီ ၂၂ ရက်နေ့က ဆောင်းပါး "Ukraine: Putin ups the ante by recognising the Donbas republics and sending in troops" ကို ဘာသာပြန် ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီဆောင်းပါးကို ရေးစဉ်က ယူကရိန်း တပြည်လုံးကို ရုရှားစစ်တပ်တွေ ဝင်ရောက်ကျူးကျော်ခြင်း မရှိသေးပါဘူး၊ ဒွန်းဘတ်(စ်)ဒေသကိုပဲ ရုရှား စစ်တပ်တွေ ဝင်ရောက်ထားသေးချိန် ဖြစ်ပါတယ်။ ဖြစ်ရပ်တွေက အချိန်တိုအတွင်း တဟုန်ထိုး ဖြစ်ပေါ်သွားခဲ့တယ်။ ဒါပေမယ့် ဒီဖြစ်ရပ်တွေရဲ့ နောက်ကွယ်က အကျိုးစီးပွားတွေကို နားလည်ဖို့၊ ဘာ့ကြောင့် ဒီအခြေဆိုက်ခဲ့သလဲ ဆန်းစစ်နိုင်ဖို့ဆိုရင် အခုဆောင်းပါးက အထောက်အကူဖြစ်လိမ့်မယ်လို့ ယူဆပြီး ဘာသာပြန် ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။] အယ်ဒီတာ့မှတ်ချက်။

ရုရှား သမ္မတ ဗလာဒီမီယာ ပူတင်က ယူကရိန်း အရှေ့တောင်ပိုင်းမှာရှိတဲ့ ဒွန်ညက် ပြည်သူ့သမ္မတနိုင်ငံ (DPR) နဲ့ လူဟန့်(စ်) ပြည်သူ့သမ္မတနိုင်ငံ (LPR)တို့ရဲ့ သီးခြား လွတ်လပ်ခွင့်ကို အသိအမှတ်ပြုလိုက်ပြီး အဲဒီဒေသနှစ်ခုလုံးဆီ "ငြိမ်းချမ်းရေး ထိန်းသိမ်းရေး" တပ်ဖွဲ့တွေ စေလွှတ်ခဲ့တယ်။ ဒီအရွေ့ဟာ ရုရှားနဲ့ အနောက် အရင်းရှင်နယ်ချဲ့ ဂိုဏ်းကြားက ပဋိပက္ခကို သိသိသာသာ ကြီးထွားသွားစေတယ်။

ဒီပဋိပက္ခနောက်ကွယ်မှာ ဘယ်လိုအကျိုးစီးပွားတွေ ရှိနေသလဲ၊ နိုင်ငံတကာ လေဘာ လှုပ်ရှားမှုရဲ့ ရပ်တည်ချက်က ဘယ်လို ဖြစ်သင့်သလဲ။

အနောက်အုပ်စုကတော့ အရင်ခြိမ်းခြောက်ထားပြီးသား စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ တုံ့ပြန်သွားမယ်လို့ ကြေညာထားတယ်။ အမေရိကန် အရင်းရှင်နယ်ချဲ့၊ နေတိုးစစ်မဟာမိတ်အုပ်စု၊ ဥရောပ သမဂ္ဂနဲ့ အင်္ဂလန်တို့ အားလုံးကတော့ ပူတင်ရဲ့ ဆုံးဖြတ်ချက်တွေဟာ "ယူကရိန်းရဲ့ အချုပ်အခြာ အာဏာပိုင်စိုးမှုကို ချိုးဖောက်ခြင်း" ဖြစ်တယ်၊ "နိုင်ငံတကာ စံနှုန်းတွေနဲ့ ဥပဒေတွေကို ပြောင်ပြောင်တင်းတင်း စော်ကားလိုက်တာပဲ"လို့ အော်နေကြ တယ်။ လုံး၀ ကြောင်သူတော်ဆန်တဲ့ စကားတွေပဲ။ အခု ရုရှားရဲ့ လုပ်ရပ်တွေကို ပြစ်တင်ရှုတ်ချနေကြတဲ့ နိုင်ငံတွေကိုယ်တိုင် အရင်က ဒီလိုမျိုး လုပ်ရပ်တွေ တထပ်တည်း လုပ်လာခဲ့ကြသူတွေချည်း။

၁၉၉၂ တုန်းက ယူဂိုဆလပ်ဗီးယားကို ဖြိုခွဲဖို့ တွန်းဆော်ခဲ့သူဟာ အနောက် အရင်းရှင်နယ်ချဲ့ ဂိုဏ်းဖြစ်တယ်ဆိုတဲ့ အချက်ကို မမေ့သင့်ဘူး။ အဲဒီတုန်းက 'နေရှင်နယ် အချုပ်အခြာ အာဏာပိုင်စိုးမှု'ဆိုတဲ့ စကားကို မပြောခဲ့ကြဘူး၊ အကြောင်းပြချက်က ရှင်းပါတယ်၊ ဩဇာခံ နယ်မြေဟောင်းတွေ ပြန်ရရှိဖို့ ယူဂိုဆလပ်ဗီးယားကို ဖြိုခွဲပစ်ရေးဟာ သူတို့ အကျိုးစီးပွား ဖြစ်ခဲ့တယ်။ ဒီလို ဖြိုခွဲပစ်ခြင်းဟာ အလုံးစုံ ဖောက်ပြန်တဲ့ အရွေ့တခု ဖြစ်ခဲ့တယ်၊ ဥရောပရဲ့ နှလုံးသည်းပွတ်နေရာမှာ ပြည်တွင်းစစ် ဖြစ်စေခဲ့တယ်၊ လူမျိုးတုန်း ရှင်းလင်းရေး ဖြစ်စေခဲ့တယ်။

## • ကြောင်သူတော်ဆန်မှု

အမေရိကန် အရင်းရှင်နယ်ချဲ့နဲ့ ဥရောပ ဂျူနီယာ ပါတနာလေးတွေက ရုရှားအနေနဲ့ 'နေရှင်နယ် အချုပ်အခြာ အာဏာပိုင်စိုးမှု'ကို လေးစားသမှုရှိဖို့ လိုအပ်ကြောင်း အခုတော့ ပြောနေကြပြီ။ သူတို့ကိုယ်သူတို့ ဒီမိုကရေစီနဲ့ လူ့ အခွင့်အရေး ထိန်းသိမ်းစောင့်ရှောက်သူတွေအဖြစ် ပုံဖော်ထားကြတယ်။ အချုပ်အခြာ အာဏာပိုင် တိုင်းပြည်တွေကို ဗုံးကြဲပြီး ကျူးကျော်ဝင်ရောက်ခဲ့တုန်းက သူတို့တတွေ နည်းနည်းလေးမှ တွေဝေမနေခဲ့ဘူးဆိုတဲ့ အချက်ကို ကျနော်တို့ မေ့သွားပြီ ထင်နေသလား။ အမေရိကန် အရင်းရှင်နယ်ချဲ့ဂိုဏ်းက စစ်အာဏာသိမ်းပွဲတွေ ဖန်တီးပြီး တခြားတိုင်းပြည်တွေရဲ့ အရေးကို ဝင်ရောက်စွက်ဖက်တဲ့နေရာမှာ ဆရာတဆူ

ကျွမ်းကျင်သူတွေ ဖြစ်တယ်၊ သူတို့ အကျိုးစီးပွားနဲ့ ကိုက်ညီတဲ့အခါတိုင်း ဒီလိုဝင်စွက်ဖက်ခဲ့ကြတယ်။ အီရတ်ကနေ အာဖဂန်၊ ဟွန်ဒူးရပ်(စ်)ကနေ ဗင်နီဇွဲလား၊ လစ်ဗျားကနေ ဆိုမာလီယာအထိ၊ သူတို့ဝင်စွက်ဖက်ခဲ့တဲ့ တိုင်းပြည်စာရင်း အရှည်ကြီး ရှိခဲ့ပြီးသားပါ။ သူတို့အကျိုးစီးပွားနဲ့ မကိုက်ဘူးဆိုရင် မမြင်ချင်ယောင်ဆောင်ထားကြတာပဲ။ ယီမင်မှာ ကျနော်တို့ တွေ့ခဲ့ရပြီးပြီ။ ဆော်ဒီအာရေးဗျကို ယီမင် တနိုင်ငံလုံး ချေမွဖျက်ဆီးခွင့် ပေးထားတယ်၊ သန်းပေါင်းများစွာသော ပြည်သူတွေ ငတ်ပြတ်နေခဲ့တယ်။ ဆော်ဒီအာရေးဗျက အနောက်အရင်းရှင်နယ်ချဲ့ဂိုဏ်းအဖို့ မိတ်ဆွေဖြစ်နေလို့ပဲ၊ ရုရှားကတော့ သူတို့မိတ်ဆွေ မဟုတ်တဲ့အတွက် အခုလို အော်နေခြင်း ဖြစ်တယ်။

နိုင်ငံအားလုံးက အလုပ်သမား လူတန်းစားရဲ့ အကျိုးစီးပွား ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် "ဘယ်သူက စသလဲ" ဒါမှမဟုတ် လက်ရှိ ပဋိပက္ခအတွက် ဘယ်သူ့ကို အပြစ်တင်ရမလဲဆိုတဲ့ မေးခွန်းမျိုးနဲ့ အရှုံးလုပ်ခံလို့ မဖြစ်ဘူး။ နှစ်ဖက်စလုံးမှာ အရင်းရှင်နယ်ချဲ့ လိုအင်ဆန္ဒတွေ ရှိနေတယ်။ ၁၉၉၁ ခုနှစ်မှာ ဆိုဗီယက် ပြည်ထောင်စု ပြိုကျပြီးကတည်းက အမေရိကန် အရင်းရှင်နယ်ချဲ့နဲ့ သူ့ရဲ့ ဥရောပ နေတိုး စစ်မဟာမိတ်တွေဟာ ရုရှား ဩဇာခံဖြစ်ခဲ့ဖူးတဲ့ နိုင်ငံတွေအပေါ် တစထက်တစ လောင်းရိပ်မိုးလာခဲ့တယ်။ တဖြည်းဖြည်းနဲ့ အရှေ့ဥရောပ တိုင်းပြည်တွေကို သူတို့ မဟာမိတ်အုပ်စုအတွင်း ဆွဲသွင်းလာခဲ့တယ်။

ယူကရိန်းက အမေရိကန် ခေါင်းဆောင်တဲ့ နေတိုး မဟာမိတ်အုပ်စုဝင် ဖြစ်လာဖို့ လျာထားခံနေရသူ ဖြစ်တယ်။ နေတိုး စစ်မဟာမိတ်အုပ်စု အခုလို ချဲ့ထွင်လာခြင်းဟာ ရုရှားရဲ့ ဒေသတွင်း အရင်းရှင်နယ်ချဲ့ မျှော်မှန်းချက်တွေကို ကန့်သတ်ထိန်းချုပ်ဖို့ ရည်ရွယ်ထားကြောင်း မျက်လုံးပါသူတိုင်း အထင်အရှား မြင်နိုင်ပါတယ်။ တနည်းဆိုရရင် ရုရှား အရင်းရှင် လူတန်းစားကို ကန့်သတ်ထားပြီး အနောက် အရင်းရှင်နယ်ချဲ့ အကျိုးစီးပွားတွေကို မြှင့်တင်ပေးဖို့ ဖြစ်တယ်။ နေတိုး စစ်မဟာမိတ်အုပ်စုကသာ အရှေ့ဘက်ကို ချဲ့ထွင်မလာဘူးဆိုရင် ဥရောပမှာ နောက်ထပ် စစ်ပွဲ ဖြစ်လာနိုင်တဲ့ အခြေအနေကို ငါတို့ရင်ဆိုင်နေရမှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီလိုပြောတာဟာ 'နေတိုး မဟာမိတ် စစ်အုပ်စုက အရင်းရှင် နိုင်ငံကြီးတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်ပေးဖို့ ဖွဲ့စည်းထားတဲ့ အရင်းရှင် ပါဝါကြီးတွေရဲ့ မဟာမိတ်အုပ်စု မဖြစ်ခဲ့ရင် အခုလို အခြေအနေမျိုး ငါတို့ကြုံနေရမှာ မဟုတ်ဘူး'လို့ ပြောတာနဲ့

အတူတူပဲ။ အရင်းရှင်စနစ်ဟာ တိကျတဲ့ အချိန်တခုရောက်လာရင် စစ်ပွဲကို မလွဲမသွေ ဖန်တီးပေးတဲ့ စနစ်တခု ဖြစ်တယ်။ "ငြိမ်းငြိမ်းချမ်းချမ်း ယှဉ်ပြိုင်ခြင်း"နည်းနဲ့ တိုင်းပြည်အသီးသီးက အုပ်စိုးသူ လူတန်းစားတွေရဲ့ အကျိုးစီးပွားတွေကို မဖြည့်ဆည်းပေးနိုင်တော့တဲ့အခါ သာမန် ဆက်ဆံရေးတွေနဲ့ မလုံလောက်တော့တဲ့အခါ စစ်ပွဲက ရွေးစရာတခု ဖြစ်လာတယ်။

၁၉၈၉-၉၁ နှစ်တွေကတည်းက အရှေ့ဥရောပ တိုင်းပြည်တွေမှာ တွေ့ခဲ့ရတဲ့ "အရောင် တော်လှန်ရေး" အမျိုးမျိုး ဟာ အဲဒီတိုင်းပြည်တွေက လူထုရဲ့ လိုအင်ဆန္ဒ ဖော်ထုတ်ချက်တွေ မဟုတ်ဘူး။ ကျန်နေသေးတဲ့ နိုင်ငံတော်ပိုင် ထုတ်လုပ်ရေး ပစ္စည်းတွေကို ပုဂ္ဂလိကပိုင် ပြောင်းလဲပစ်ရေး၊ ဒေသတွင်း ဈေးကွက်တွေကို ထိန်းချုပ်နိုင်ရေး၊ အနောက် အရင်းရှင်နယ်ချဲ့ ဩဇာခံနယ်မြေတွေ ချဲ့ထွင်ပြီး ရုရှား ဩဇာကို သေးကျုံ့သွားစေရေး အထောက်အကူ ဖြစ်စေမယ့် အစိုးရတွေ ပေါ်ပေါက်လာအောင် အနောက်အုပ်စုက ကြိုးကိုင်ကစားခဲ့လို့ အရောင် တော်လှန်ရေးတွေ ဖြစ်လာခဲ့ရတယ်။ ဒီတော့ ဒါဟာ 'ဒီမိုကရက်တစ်' အနောက်အုပ်စု နဲ့ 'အာဏာရှင်' ပူတင် တို့ကြားက ပဋိပက္ခတခု မဟုတ်ပါဘူး။ ဒေသတွင်း ထိန်းချုပ်နိုင်ရေး ဆန့်ကျင်ဖက် အရင်းရှင်နယ်ချဲ့ ပါဝါတွေကြားက တိုက်ပွဲတခု သာဖြစ်တယ်။ အနောက် အရင်းရှင်နယ်ချဲ့ဂိုဏ်းက ရန်စကျူးကျော်တဲ့အခါတိုင်း တခြားသူကို အပြစ်ပုံချဖို့ အမြဲ ကြိုးစားတယ်၊ သူ့ကိုယ်သူ 'ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ'အတွက် တိုက်ပွဲဝင်နေသူလို ပုံဖော်ထားတယ်။

လက်ရှိအခြေအနေရဲ့ အိုင်းရနီက ဒီရွေ့ကွက်ကို သုံးတဲ့နေရာမှာ ပူတင်က ဝါရှင်တန် ရေးထားတဲ့ နည်းပရိယာယ် စည်းမျဉ်းစာအုပ်အတိုင်း ကျင့်သုံးနေပုံပဲ။ ဒွန်းဘတ်(စ်) ဒေသကို စေလွှတ်လိုက်တဲ့ ရုရှားစစ်တပ်ကို "ငြိမ်းချမ်းရေး ထိန်းသိမ်းသူတွေ"အဖြစ် ဖော်ပြတဲ့နေရာမှာပါ အသေးစိတ် လိုက်တုထားတယ်။ ရုရှားရဲ့ မဟာမိတ် ဆားဘီးယားကို ဗုံးကြဲတုန်းက ကိုဆိုဗို အယ်(လ်)ဘေးနီးယန်းတွေ ဒုက္ခပင်လယ်ဝေနေတဲ့ အခြေအနေကို အမေရိကန်က ယုတ်ယုတ်မာမာ အသုံးချခဲ့သလို ပူတင်က အတုလိုက်ခိုးနေပုံရတယ်။ လက်ရှိအချိန်မှာ ယူကရိန်းနဲ့ အနောက်အုပ်စုကို ပြန်ထိုးနှက်ဖို့ ဒွန်းဘတ်(စ်)ဒေသရဲ့ ရုရှားစကားပြော လူထု ဒုက္ခပင်လယ်ဝေနေတဲ့ အခြေအနေကို ပူတင်က ယုတ်ယုတ်မာမာ အသုံးချနေပြီ။ အမေရိကန်နဲ့ ဥရောပ ပါဝါတွေကတော့ 'နိုင်ငံတကာ ဥပဒေ'ကို ချိုးဖောက်နေလို့ မိကျောင်းမျက်ရည်

ကျပြနေကြတယ် ('နိုင်ငံတကာ ဥပဒေ' ဆိုတာ မြေပြင်မှာ ဘာအဓိပ္ပါယ်မှ မရှိတဲ့ အယူအဆတခုပဲ)။ အရင်းရှင်နယ်ချဲ့စနစ်ခေတ်ရဲ့ နိုင်ငံတကာ ဆက်ဆံရေးတွေကို ဥပဒေနဲ့ စိုးမိုးထားတာ မဟုတ်ဘူး၊ စီးပွားရေးနဲ့ စစ်အင်အားက စိုးမိုးနေခြင်း ဖြစ်တယ်။

DPR နဲ့ LPR ကို သီးခြား လွတ်လပ်ရေး အသိအမှတ်ပြုရခြင်း တရားထူထောင်နေတဲ့ မိန့်ခွန်းရှည်ကြီးထဲမှာ ဒီလို ဝင်ရောက်ခြယ်လှယ်ခြင်းရဲ့ နောက်ကွယ်က ဖောက်ပြန်သော မဟာလူမျိုးကြီးဝါဒကို ပူတင်က ရှင်းရှင်းလင်းလင်း ထုတ်ပြသွားတယ်။ ယူကရိန်းဆိုတာ ရုရှား မိခင်ကိုယ်ထည်ကြီးကနေ လီနင်နဲ့ ဘော်ရှီဗစ်တွေ ဖြတ်ထုတ်ခဲ့လို့ ပေါ်လာရတဲ့ လူလုပ်တိုင်းပြည်တခုအဖြစ် ပူတင် ပြောသွားခဲ့တယ်။ "ခေတ်သစ် ယူကရိန်းကို ရုရှားက ဖန်တီးပေးခဲ့တာ၊ ဒီထက်တိတိကျကျ ဆိုရရင် ဘော်ရှီဗစ် ကွန်မြူနစ် ရုရှားက ဖန်တီးပေးခဲ့တာ"လို့ ပူတင် ပြောခဲ့တယ်။ "လီနင်နဲ့ သူ့ထောက်ခံသူတွေက အရိုင်းနည်းနဲ့ ဒီလို ဖဲ့ထုတ်ခဲ့ကြတာ၊ ရုရှားရဲ့ သမိုင်းဝင် နယ်မြေတွေကို သီးခြား ခွဲပစ်ခဲ့ကြတယ်။ အဲဒီဒေသတွေမှာ နေထိုင်ကြတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ သဘောဆန္ဒကိုတောင် မမေးခဲ့ကြဘူး"လို့ ဆိုထားတယ်။ ပူတင်က ဆက်ပြောတယ် "အခုတော့ ကျေးဇူးသိတတ်တဲ့ နောက်မျိုးဆက်တွေက ယူကရိန်းမှာရှိတဲ့ လီနင်ရုပ်တုတွေကို ဖြိုချထားကြပြီ။ သူတို့အခေါ် ဒီကွန်မြူနစ်(စ်)တိုင်ဖေးရှင်းပေါ့။ ဒီကွန်မြူနစ်(စ်)တိုင်ဖေးရှင်းကို ခင်ဗျားတို့ အလိုရှိသလား။ ကောင်းတယ်၊ ကျနော်တို့လည်း သဘောတူတယ်။ ဒါပေမယ့် မစို့မပို့တော့ လုပ်လို့မဖြစ်ဘူး။ ယူကရိန်းအတွက် ဒီကွန်မြူနစ်(စ်)တိုင်ဖေးရှင်း အစစ်အမှန်ဆိုတာ ဘယ်လိုမျိုးလဲပြဖို့ ကျနော်တို့ အဆင်သင့်ပဲ"။ ဒီနေရာမှာ ပူတင်က အင်ပီရီယယ် ရုရှားကို စံနမူနာအဖြစ် ယူထားကြောင်း ရှင်းရှင်းလင်းလင်း ပြောသွားတယ်။ ဒီလိုလုပ်ရင်း ယူကရိန်းရဲ့ တည်ရှိမှုကိုတောင် ပူတင်က မေးခွန်းထုတ်နေပြီ။ ယူကရိန်းဆိုတာ "လီနင်ရဲ့ ဖန်တီးမှု"အဖြစ် ပူတင်က စဉ်းစားနေတယ်။

ပူတင် အခုလို လုပ်နေတာက ယူကရိန်းမှာ ရှိနေတဲ့ ရုရှား လူမျိုးစုတွေ ဒုက္ခအတိရောက်နေတာ စာနာလို့ မဟုတ်သလို ဒွန်းဘတ်(စ်) လူထု ဒုက္ခပင်လယ်ဝေနေလို့လည်း မဟုတ်ပေ၊ ရုရှား အရင်းရှင် လူတန်းစားရဲ့ အကျိုးစီးပွားကို ကာကွယ်တိုးမြှင့်ဖို့သာ ဖြစ်တယ်။ ရုရှား အရင်းရှင် လူတန်းစားက ရုရှားရဲ့ အခန်းကဏ္ဍကို အင်အားကြီး နိုင်ငံတခုအဖြစ် ပြန်လည်ဖော်ထုတ်ဖို့

အသည်းအသန် လိုလားနေကြတယ်။ ပူတင်ဘက်က ပဋိပက္ခအရှိန်မြှင့်တင်ခြင်းဟာ အရင်းရှင် ရုရှားရဲ့ နေရှင်နယ် လုံခြုံရေး အကျိုးစီးပွားတွေကို ထင်ဟပ်နေတယ် - အရင်းရှင် ရုရှားဟာ ဒေသတွင်း နယ်ချဲ့ ရည်မှန်းချက်တွေနဲ့ ရန်လိုနေသော ဖောက်ပြန်ရေး ပါဝါတခုဖြစ်တယ်၊ သူ့ရဲ့ အရင်းရှင် နယ်ချဲ့ ရည်မှန်းချက်တွေကို ဂျော်ဂျာမှာ၊ အာမေးနီးယား--အဇာဘိုင်ဂျန် ပဋိပက္ခမှာ၊ ဘယ်လာရုပ်(စ်)နဲ့ ကာဇက်စတန်မှာ၊ ဒါ့အပြင် ဆီးရီးယားပြည်တွင်း ဝင်ရောက်စွက်ဖက်မှုမှာ ဖော်ထုတ်ပြခဲ့ပြီး ဖြစ်တယ်။ ရုရှားပြည်တွင်းမှာ ဆင်းရဲမွဲတေမှု မြင့်မားလာခြင်း၊ လူမှုစီးပွား ပြဿနာတွေ ကြီးထွားလာခြင်း အကျိုးဆက်အနေနဲ့ ကျဆင်းလာသော ပူတင်ရဲ့ ပေါ်ပြူလာဖြစ်မှုကို ကျားကန်ပေးထားဖို့ မဟာရုရှား လူမျိုးကြီးဝါဒ အလံထူပြီး ရန်စကျူးကျော်လာခြင်း ဖြစ်တယ်။

## • ပူတင် ဘာ့ကြောင့် ဒီလိုလုပ်သလဲ

ပူတင်ရဲ့ ရည်မှန်းချက်တွေ၊ စေ့ဆော်မှုတွေကို သူကိုယ်တိုင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်တယ်၊ ပြောင် ကြေညာထားပြီး ဖြစ်တယ်။ နေတိုး စစ်မဟာမိတ်အုပ်စုဆီ ပူတင်ရဲ့ပေးစာမှာ ဥရောပအတွင်း ရုရှားအတွက် လုံခြုံ ရေး အာမခံချက်တွေပေးဖို့ တောင်းဆိုထားတယ်။ ဒီထဲမှာ ယူကရိန်းက နေတိုး စစ်မဟာမိတ်အုပ်စုထဲ ဘယ်တော့မှ မဝင်ပါဘူးဆိုတဲ့ အာမခံချက်လည်း တောင်းဆိုထားတယ်။ ရုရှား နယ်စပ်မှာ စစ်ရေး လေ့ကျင့်မှုတွေ ကန့်သတ် ပေးဖို့နဲ့ တာလတ်ပစ် ဒုံးတွေ ချထားခြင်း မပြုဖို့ တောင်းဆိုထားတယ်။ နှစ် ၃၀ အလွန်က စတာလင်နစ်ဇင် ပြိုကျပြီးတဲ့နောက် နေတိုး စစ်မဟာမိတ်အုပ်စုရဲ့ အရှေ့ဘက် တိုးချဲ့ရေးမူဝါဒကို တုံ့ပြန်ချက်တခု ဖြစ်ပါတယ်။ အဲဒီကာ လတုန်းက ရုရှား စီးပွားရေး ဖရိုဖရဲဖြစ်သွားခဲ့တယ်၊ အမေရိကန် အရင်းရှင်နယ်ချဲ့က ဒီအခြေအနေကို အမြတ်ထုတ်ပြီး အရှေ့ဥရောပမှာ သူ့အာဏာစက် အခြေခိုင်အောင် လုပ်ခဲ့တယ်။ ဝါရှင်တန်ရဲ့ ပါဝါ အရင်နဲ့စာရင် ကျဆင်းသွားမှန်း ခံစားမိလာတဲ့ ရုရှားက ဒီကနေ့အချိန်မှာ သူ့ဩဇာပြန်ချဲ့ဖို့ အမေရိကန် အရင်းရှင်နယ်ချဲ့ကို ပြန်တွန်းထုတ်လာတယ်။

အရင်ကနဲ့စာရင် အမေရိကန် အားပျော့လာတဲ့အချက်ကို ဒီပဋိပက္ခ စတင်ချိန်ကတည်းက လှစ်ဟပြခဲ့တယ်။ "သိပ်မကြာခင် ကျူးကျော်ဝင်ရောက်တော့မယ်"လို့ တောက်လျှောက်ပြောနေပေမယ့် အမေရိကန် တပ်တွေကို ယူကရိန်းဆီ ပို့မှာမဟုတ်ကြောင်း အမေရိကန် သမ္မတ ဂျိုးဘိုင်ဒန်က ရှင်းရှင်းလင်းလင်း

ပြောထားတယ်။ ၂၀၁၄ တုန်းက ခရိုင်းမီးယားကို ရုရှား ကျူးကျော်သိမ်းပိုက်တုန်းကလည်း အနောက် အရင်းရှင်နယ်ချဲ့ဂိုဏ်း ဘာမှမလုပ်နိုင်ခဲ့ဘူး။ အခုလည်း ဒီအတိုင်းပဲ။ ပူတင်က အနောက်နယ်ချဲ့ အုပ်စုဆီကနေ သတင်းစကားတခုကို ရှင်းရှင်းလင်းလင်းနဲ့ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ် - ယူကရိန်းနဲ့ပတ်သက်လို့ ပူတင်စိတ်ကြိုက် လုပ်နိုင်တယ်၊ နောက်ဆက်တွဲ သက်ရောက်မှု သိပ်မကြီးမားနိုင်ဘူး၊ စီးပွားရေး ဒဏ်ခတ်အရေးယူတာတွေပဲ ရှိမယ်၊ စစ်ရေးအရ လက်တုံ့ပြန်မှာ မဟုတ်ဘူးဆိုတဲ့ သတင်းစကား။

ဒါ့ကြောင့် ဒါဟာ ပါဝါကြီး နှစ်ခုကြားက အခြေခံအားဖြင့် ဖောက်ပြန်လှတဲ့ ပဋိပက္ခဖြစ်တယ်။ တဖက်မှာ အမေရိကန် အရင်းရှင်နယ်ချဲ့ (ဒီကနေ့အချိန်အထိ ဂြိုဟ်ပေါ်မှာ ပါဝါအကြီးဆုံးနဲ့ အဖောက်ပြန်ဆုံး အင်အားဖြစ်နေဆဲ) နဲ့ သူ့မဟာမိတ်တွေ၊ ကျန်တဖက်မှာက ဖောက်ပြန်သော ဒေသတွင်း အရင်းရှင်နယ်ချဲ့ ရည်မှန်းချက်တွေနဲ့ ရုရှား။ ကမ္ဘာ့ အလုပ်သမား လူတန်းစားအဖို့ ဘယ်ဘက်ကိုပဲ ထောက်ခံထောက်ခံ ဘာအကျိုးကျေးဇူးမှ မရနိုင်ဘူး။

ကနဦး စကတည်းက ပူတင်က သူ့ရည်မှန်းချက်တွေကို ရုရှားရဲ့ စစ်အင်အားပြပြီး အရယူဖို့ ကြိုးစားခဲ့တယ်၊ နယ်စပ်မှာ ရုရှားတပ်တွေ အလုံးအရင်းချထားခဲ့တယ်၊ ဘယ်လာရုပ်(စ်) နဲ့ စစ်ရေးလေ့ကျင့်မှုတွေ ပူးတွဲလုပ်ခဲ့တယ်၊ ရုရှား ဒုံးတွေ စမ်းသပ်ပြတယ်။ တချိန်တည်းမှာပဲ အမေရိကန်ကို ဘာလင်နဲ့ ပါရီက ဥရောပ မဟာမိတ်တွေနဲ့ အကွဲအပြဲ ပိုဆိုးသွားအောင် အတိုင်းအတာတခုအထိ လုပ်နိုင်ခဲ့တယ်။ သူ့ရဲ့ နောက်ဆုံးအရွှေ့မှာ ပူတင်က ပြင်သစ် သမ္မတ အီမန်နျူရယ် မာခရွန်နဲ့ ဂျာမန် အဓိပတိ အိုလာ့(ဖ်)ရှော(ဇ်)တို့ကို ကြိုတင် သတိပေးခဲ့ပေမယ့် ဘိုင်ဒန်ကို သတိမပေးခဲ့ပါဘူး။ ဒီအချက်က မှတ်သားဖို့ ကောင်းတယ်။

သူ့ဘက်က ပြဌာန်းချက် တွေနဲ့ ညှိနှိုင်းဆွေးနွေးမှုကို အလိုရှိကြောင်း ပူတင် တလျှောက်လုံး တောင်းဆိုခဲ့တယ်၊ အနောက် နယ်ချဲ့ဂိုဏ်းက ယူကရိန်း သမ္မတ ဇယ်လင်စကီးကို ၂၀၁၄-၁၅ ကာလမှာ ညှိနှိုင်းထားခဲ့တဲ့ မင့်(စ်) သဘောတူညီချက်တွေ အကောင်အထည်ဖော်လာအောင် ဖိအားပေးဖို့ ပူတင် တစိုက်မတ်မတ် ပြောခဲ့တယ်။ မင့်(စ်) သဘောတူညီချက်တွေထဲမှာ ဒွန်ညက်နဲ့ လူဟန့်(စ်) ပြည်သူ့သမ္မတနိုင်ငံတွေကို ယူကရိန်းရဲ့ အစိတ်အပိုင်း ဆက်ဖြစ်ခွင့်ပေးပြီး အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အနေအထား အပ်နှင်းဖို့ ပါဝင်တယ်။ ဒီသဘောတူညီမှုက ပူတင်ကို ယူကရိန်း

နိုင်ငံအတွင်း အမြဲတမ်း လွှမ်းမိုးခြယ်လှယ်ခွင့် ပေးထားလိမ့်မယ်။ (အရင်ယူကရိန်း သမ္မတ Poroshenko ဒွန်ဘတ်စ်ဒေသကို ထိုးစစ်ဆင်ရာမှာ အရေးနိမ့်သွားခဲ့လို့ သဘောတူ လက်မှတ်ရေးထိုးထားခဲ့တဲ့) အဲဒီအချက်တွေကို လက်ရှိ ယူကရိန်း သမ္မတ ဇယ်လင်စကီးသာ သဘောတူခဲ့ရင် ယူကရိန်းပြည်တွင်းက လက်ယာစွန်း အမျိုးသားရေးဝါဒီတွေနဲ့ လက်ယာစွန်းအုပ်စု ကြိုးကိုင်ထားသော စစ်တပ်တွေက ယူကရိန်း သမ္မတကို ဒေါသတကြီး တုံ့ပြန်လာကြလိမ့်မယ်၊ ယူကရိန်း အစိုးရကိုတောင် ဖြုတ်ချပစ်နိုင်ချေရှိတယ်လို့ ပူတင် တွက်ချက်ထားနိုင်တယ်။

ဒီမှာလည်း ပူတင်အဖို့ ပြည်သူ့ သမ္မတနိုင်ငံတွေဟာ ဘာမှအရေးမပါဘူး၊ အရင်းရှင်နယ်ချဲ့ ရည်မှန်းချက်တွေ အထမြောက်ဖို့ဆိုရင် စတေးဖို့ ပြင်ဆင်ထားကြောင်း သက်သေပဲ။ ၂၀၁၄ တုန်းက ဒွန်းဘတ်(စ်)ဒေသ အုံကြွမှုဟာ ကြီးမားကျယ်ပြန့်တဲ့ လူထု လှုပ်ရှားမှုကြီးရဲ့ အစိတ်အပိုင်း ဖြစ်ခဲ့တယ်ဆိုတဲ့ အချက်ကို မမေ့သင့်ပေ။ နာဇီလက်သစ် လက်နက်ကိုင် အဖွဲ့အစည်းတွေ ကျားကန်ပေးထားတဲ့ ယူကရိန်း အစိုးရ အာဏာရလာခြင်းကို ဆန့်ကျင်တဲ့ လူထု လှုပ်ရှားမှုကြီး ၂၀၁၄ မှာ ဖြစ်ပွားခဲ့တယ်။

နာဇီလက်သစ်တွေ ကျားကန်ပေးထားတဲ့ အဲဒီယူကရိန်း အစိုးရက အင်မတန် ဖောက်ပြန်တဲ့ ယူကရိန်း အမျိုးသားရေးဝါဒတမျိုးကို ရေလောင်း ပေါင်းသင်ပေးခဲ့တယ်။ ဒီအမျိုးသားရေးဝါဒက ရုရှား လူမျိုးရေး ဆန့်ကျင်မှုကြီးမားပြီး ဒုတိယကမ္ဘာစစ်ကာလ နာဇီ ထောက်ခံသူတွေရဲ့ အစဉ်အလာကို ပြန်လည်ဖော်ထုတ်ခဲ့ကြတယ်။

အဲဒီကာလတုန်းက ယူကရိန်း အရှေ့ပိုင်း သမ္မတနိုင်ငံ ၂ခုလုံးမှာ အင်အားစု မျိုးစုံ ပူးပေါင်းခဲ့ကြတယ်၊ ကွန်မြူနစ်လို့ ဖြောင်ကြေညာထားတဲ့ သူတွေကနေ နာဇီဆန့်ကျင်ရေး ဆိုဗီယက် ခုခံမှုကို အမှတ်လက္ခဏာ အခြေခံထားတဲ့ သူတွေအထိ၊ ရုရှား အင်ပိုင်ယာခေတ်ကို ပြန်လွမ်းနေတဲ့ ဖောက်ပြန်ရေးသမား မဟာရုရှား လူမျိုးကြီးဝါဒီတွေအထိ ပါဝင်တယ်။

သို့သော်လည်း အချိန်ကြာလာတာနဲ့အမျှ သမ္မတနိုင်ငံတွေဟာ မော်စကိုအပေါ် လုံးလုံးလျားလျား မှီခိုလာရတယ်။ စီးပွားရေးအရသာမက စစ်ရေးအရပါ မှီခိုထားကြရတယ်၊ ဒွန်ညက်နဲ့ လူဟာန့်(စ်) သမ္မတနိုင်ငံတွေရဲ့ ခေါင်းဆောင်ပိုင်း နေရာယူထားသူတွေက ပိုပြီးလွတ်လပ်တဲ့၊ အောက်ခြေ ပြည်သူအစိတ်အပိုင်းတွေကို ဖယ်ရှားပစ်ခဲ့တယ်။ အဲဒီလို ဖယ်ရှားပေးဖို့ ပူတင်က တောင်းဆိုလာတဲ့အခါသမ္မတနိုင်ငံ ၂ခုရဲ့

ခေါင်းဆောင်တွေက အရပ်သားပြည်သူတွေကို မောင်းထုတ်ဖို့ အမိန့်ထုတ်ခဲ့တယ်၊ တိုက်ခိုက်နိုင်တဲ့ အရွယ်ရှိသူ အမျိုးသားအားလုံးကို တပ်လှန့်ပြင်ဆင်တယ်၊ ဒီနောက် အသိအမှတ်ပြုပေးဖို့ မော်စကိုဆီ ပြေးသွားခဲ့တယ်၊ ပူတင်က တလေးတစားနဲ့ လိုက်လျောပေးခဲ့တယ်။

ဒီသမ္မတနိုင်ငံ ၂ခုလုံးက မော်စကိုအပေါ် လုံးလုံးလျားလျား မှီခိုထားနေပြီးဖြစ်လို့ ရုရှားက သူတို့ရဲ့ 'သီးခြား လွတ်လပ်ရေး' အသိအမှတ်ပြုကြောင်း ကြေညာတာဟာ ဘာအဓိပ္ပါယ်မှ မရှိဘူး။ တခုတည်းသော အပြောင်းအလဲက ဒီဒေသတွေဟာ ယူကရိန်းရဲ့ အစိတ်အပိုင်း မဟုတ်တော့ဘူးလို့ ပူတင်က လူသိရှင်ကြား ထုတ်ပြန်လိုက်တဲ့ အချက်ပဲ။

## • ဘာပြောင်းသွားသလဲ

ပူတင်ရဲ့ တောင်းဆိုချက်တွေကို တုံ့ပြန်ရာမှာ အမေရိကန်က စစ်လိုလားတဲ့ ရပ်တည်ချက်မျိုး ချထားခဲ့တယ်၊ ယူကရိန်းကို ရုရှားက "နေ့ချင်းညချင်း" ကျူးကျော်ဝင်ရောက်လာတော့မယ်လို့ တောက်လျှောက် ပြစ်တင်ရှုတ်ချလာ ခဲ့တယ်၊ ပူတင်ရဲ့ တောင်းဆိုချက်တွေကို လိုက်လျောချက် ဘာတခုမှ မပေးဘဲ ငြင်းဆန်လာခဲ့တယ်။ ကျောင်းကစားကွင်းမှာ ကလေးတိုင်းကို ဗိုလ်ကျနေတဲ့ အကောင်ကြီးတကောင်က သူ့မှာ အားနည်းချက်တစုံတရာ ရှိနေကြောင်း တခြားကလေးတွေ အမြင်မခံဝံ့ဘူး။ သူ့မှာ အားနည်းချက်ရှိနေမှန်း သိသွားကြရင် ကလေးတိုင်းက သူ့ကို စိန်ခေါ်လို့ရနိုင်မှန်း ခံစားမိလာလိမ့်မယ်။ ဒီလိုပဲ ဘိုင်ဒန်ဟာ ရုရှားကို ယူကရိန်းအရေးနဲ့ ပတ်သက်လို့ စစ်ရေးအရ ရင်မဆိုင်လိုဘူး၊ ရင်ဆိုင်နိုင်စွမ်း မရှိဘူးဆိုပေမယ့် သူ့ဘက်က အားနည်းနေလို့ လိုက်လျောချက်တွေ ပေးလိုက်ရတယ်ဆိုတာမျိုးလည်း အမြင်မခံနိုင်ဘူး။ အဲဒီလို ရှေ့တိုးတံပိုး နောက်ဆုတ် လှည်းထုပ်ဖြစ်နေတဲ့ အခြေအနေက လက်ရှိ ပဋိပက္ခကို ပိုမြင့်တက်သွားစေတာပဲ။

အနောက် အရင်းရှင်နယ်ချဲ့တွေက ပြင်းပြင်းထန်ထန် စကားလုံးတွေသုံးပြီး ရှုတ်ချနေပေမယ့်လည်း တကယ့် လက်တွေ့မှာ သူ့ကို ဟန့်တားနိုင်စွမ်း မရှိဘူးဆိုတဲ့အချက်ကို ပူတင်က ရှင်းရှင်းလင်းလင်း တွက်ချက်ထားတယ်။ ဒီကနေ့အချိန်အထိ အနောက်အုပ်စုရဲ့ တုံ့ပြန်မှုက ရုရှားအပေါ် ဒဏ်ခတ်အရေးယူခြင်းမျိုးစုံ ကြေညာထားတာပဲ ရှိသေးတယ်။ ဥရောပ သမဂ္ဂရဲ့ ဒဏ်ခတ်အရေးယူမှုတွေက ခွဲထွက်သွားတဲ့ သမ္မတ ၂နိုင်ငံလုံးနဲ့ ကုန်သွယ်သူ ဘယ်သူ့မဆို

ပစ်မှတ်ထား ပိတ်ဆို့တယ်။ တကယ့်ပြဿနာက ဥရောပ သမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံလုံးက တသဘောတည်း ဖြစ်ဖို့ လိုသေးတယ်၊ သူတို့ကြားထဲမှာ သဘောထား ကွဲလွဲမှုတွေ ရှိနေတာလည်း အထင်အရှားပဲ၊ အီတလီ၊ ဩစထရီးယားနဲ့ ဂျာမနီတို့က ဓာတ်ငွေ့ တင်သွင်းမှု ပြတ်တောက်သွားမှာကို အထူးစိုးရိမ်နေကြတယ်။ ရုရှားက ဥရောပရဲ့ ဓာတ်ငွေ့ သုံးစွဲမှု စုစုပေါင်းရဲ့ ၄၀%ကို ထောက်ပံ့ပေးထားတာ။ ဥရောပတလွှား စွမ်းအင်ဈေးတွေ အလွန်အမင်း ထိုးတက်နေလို့ သန်းပေါင်းများစွာသော လူထုက မကျေမချမ်းနဲ့ ဒေါသထွက်နေကြချိန်လည်း ဖြစ်တယ်။ အခုနောက်ဆုံး ဖြစ်ထွန်းမှုတွေက ဓာတ်ငွေ့ဈေးတွေ ဒီထက် ပိုတက်သွားအောင် တွန်းပို့နေတယ်၊ ရေနံစိမ်းဈေးလည်း ဒီထက် ပိုတက်လာလိမ့်မယ်၊ ရုရှားက ရေနံစိမ်း အဓိက ထုတ်လုပ်သူ ဖြစ်တယ်။

ဗြိတိန် ဝန်ကြီးချုပ် ဘိုးရစ်(စ်) ဂျွန်ဆန်က သူ့ပြည်တွင်းရေး ပြဿနာတွေကနေ လူထုကို အာရုံလွှဲဖို့ အရေးတကြီး လိုအပ်နေတယ်၊ လူထုရဲ့ မကျေနပ်ချက်တွေ တိုးသထက်တိုးလာနေတဲ့ အခြေအနေမှာ ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ဘိုးရစ်(စ်)ဂျွန်ဆန်ရဲ့ ပေါ်ပြူလာဖြစ်နှုန်း ထိုးကျနေတယ်။ ယူကရိန်းကို ကာကွယ်ဖို့ ကျယ်ကျယ်လောင်လောင် အော်နေတယ်၊ ရုရှား သူဌေးကြီး သုံးဦးရဲ့ ပိုင်ဆိုင်မှုတွေကို ဗြိတိန်က တားမြစ်ပိတ်ပင်လိုက်မယ်၊ ရုရှား ဘဏ်ကြီး ငါးခုကိုလည်း ဒဏ်ခတ်အရေးယူမှုတွေ လုပ်ဦးမယ်လို့ ကြုံးဝါးထားတယ်။

ဘိုင်ဒန်ကလည်း ရုရှား ကျောထောက်နောက်ခံပြု ခွဲထွက်ရေးသမားတွေ ထိန်းချုပ်ထားတဲ့ ယူကရိန်း ဒေသတွေနဲ့ အမေရိကန် နိုင်ငံသားတွေ ကုန်သွယ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အသစ်တွေလုပ်ခြင်း၊ ဘဏ္ဍာရေးကိစ္စတွေ လုပ်ဆောင်ခြင်းကို ပိတ်ဆို့အရေးယူသွားမယ်လို့ ကြေညာထားတယ်။ ဒါပေမယ့် ဂျော့(ဂ်ျ) ဘွတ်(ရှ) လက်ထက် မှာ အိမ်ဖြူတော်က နိုင်ငံလုံခြုံရေး ကောင်စီရဲ့ ရုရှားနိုင်ငံဆိုင်ရာ ညွှန်မှူးလုပ်ခဲ့သူ ထောမတ်(စ်) ဂရေဟမ်က ဒီဒဏ်ခတ် ပိတ်ဆို့မှုတွေဟာ ရုရှား နောက်ထပ်ဘာလုပ်မလဲ ဆိုတဲ့အပေါ် "ဘာမှ ကြီးကြီးမားမား သက်ရောက်မှု ရှိမှာမဟုတ်ဘူး"လို့ ဆိုထားတယ်။ ၂၀၁၄ တုန်းက ခရိုင်းမီးယားကို ရုရှား သိမ်းပိုက်လိုက်တဲ့နောက် ရုရှားအပေါ် ချမှတ်လိုက်တဲ့ ဒဏ်ခတ်အရေးယူမှုတွေလိုပဲ ဖြစ်လိမ့်မယ်။ ပူတင်အပေါ် သက်ရောက်မှုကလည်း အဲဒီတုန်းကလိုပဲ ဖြစ်လိမ့်မယ်။

ယူကရိန်း အစိုးရ အားချိနေတာကိုလည်း ပူတင် သိတယ်။ အခုဆိုရင် သမ္မတနိုင်ငံ

၂ခုဆီ ရုရှား စစ်တပ်တွေ ပို့ထားပြီးပြီ၊ နောက်ဘာထပ်ဖြစ်မလဲ။ နောက်ထပ်ဘာတွေဆက်ဖြစ်မလဲ ပြောဖို့ခက်ပါတယ်။ စစ်ပွဲဆိုတာ အလွန် ရှုပ်ထွေးပါတယ်၊ စမ်ပြီဆိုတာနဲ့ နောက်ဆုံး ရလဒ်ဘာဖြစ်လိမ့်မလဲ ဘယ်သူမှ မပြောနိုင်ပါဘူး။ အချိုးအကွေ့တိုင်းမှာ ဖြစ်ထွန်းနေတဲ့ အခြေအနေတွေ ဘယ်ကိုဦးတည်ရွေ့လျားနေသလဲ ပူတင် အသေအချာ စဉ်းစားရလိမ့်မယ်၊ ဒီအပေါ်မူတည်ပြီး သူ့နောက်ခြေလှမ်းကို ပြင်လိမ့်မယ်။

အရင်ဆောင်းပါးတွေတုန်းက ရုရှားနဲ့ ယူကရိန်းကြား ဒင်ပြည်ကျပ်ပြည့် စစ်ပွဲကြီးတခု ဖြစ်နိုင်ချေ အလွန်နည်းတယ်လို့ ကျနော်တို့ စဉ်းစားခဲ့တယ်။ ဆိုတော့ ဘာတွေ ပြောင်းသွားပြီလဲ။ အဲဒီတုန်းက ပူတင်ဟာ အမေရိကန်နဲ့ ဥရောပ မဟာမိတ်တွေက ဥရောပမှာ အလွန်ဆိုးရွား ပြင်းထန်တဲ့ စစ်ပွဲကြီးတခု ဖြစ်နိုင်ချေကို ရင်ဆိုင်မယ့်အစား သူ့တောင်းဆိုချက်တွေကို လိုက်လျောပေးလိမ့်မယ်လို့ တွက်ချက်ထားတယ်။ ပူတင်ဘက်က မင့်(စ်)သဘောတူညီချက်ကို အကောင်အထည်ဖော်ပေးဖို့ တွန်းအားပေးနေခဲ့တယ်။ ဒါပေမယ့် အမေရိကန် အရင်းရှင်နယ်ချဲ့ လွှမ်းမိုး ထားတဲ့ နေတိုး မဟာမိတ်စစ်အုပ်စုက နောက်ပြန်မဆုတ်နိုင်ဘူး၊ ပူတင်ရဲ့ တောင်းဆိုချက်တွေကို မပေးနိုင်ဘူးဆိုတာ တွေ့ခဲ့ရတယ်။ သူတို့အမြင်မှာ လိုက်လျောချက်တွေ ပေးလိုက်ရရင် ရုရှားကို ပိုအားကောင်းစေလိမ့်မယ်၊ ဒါမျိုး မဖြစ်ချင်ဆုံးပဲ။ အမေရိကန်က နေတိုး စစ်မဟာမိတ် ချဲ့ထွင်ခြင်း ပြဿနာမှာ သဘောထားပြောင်းလဲဖို့ လုံးဝ ငြင်းဆန်နေခဲ့တယ်။

ဒီအခါ ပူတင်အဖို့ သူခြိမ်းခြောက်ထားတဲ့အတိုင်း ဆက်လုပ်မလား ဒါမှမဟုတ် နောက်ပြန်ခါက်မလား ရွေးရမယ့် အခြေဆိုက်သွားတယ်။ ပူတင်ရဲ့ အစောပိုင်း ခြိမ်းခြောက်မှုတွေ အရာမထင်ခဲ့ဘူး၊ ဒီတော့ သူ့ရဲ့တခုတည်းသော ရွေးလမ်းက လက်ရှိ ပဋိပက္ခကို အရှိန်ထပ်တင်ဖို့သာ ရှိတော့တယ်၊ ခွဲထွက်ရေး သမ္မတနိုင်ငံ ၂ခုဆီ စစ်တပ်တွေ ပို့ဖို့ရာ ရမယ်ရှာဖို့ ဖြစ်လာတယ်။ အဲဒီဒေသကို ရုရှား စစ်တပ်တွေ ပို့ရာမှာ ပူတင်အဖို့ အားသာချက်ရှိတဲ့အချက်က ဒေသခံ ပြည်သူ အတော်များများက ရုရှား တပ်တွေကို ကြိုဆိုလိမ့်မယ်။ ဒီဒေသတွေမှာ တပ်စွဲပြီးသွားရင် ပူတင်က အထက်စီးကနေ ညှိနှိုင်းရေး လုပ်နိုင်လာမယ်။ သို့သော်လည်း ပူတင်သာ ယူကရိန်း တပြည်လုံးကို ကျူးကျော် ဝင်ရောက်ခဲ့ရင် ပူတင်ရဲ့ ကျဆုံးခန်း ဖြစ်သွားနိုင်တယ်၊ ရုရှား အုပ်စိုးမှုကို ဆန့်ကျင်လာမယ့် ပြည်သူတရပ်လုံးကို ပူတင် ရင်ဆိုင်ရလိမ့်မယ်။

## • စစ်ပွဲအလိုမရှိ၊ အဓိကရန်သူက ကိုယ့်ပြည်တွင်းမှာ

ပူတင်က အနောက် အရင်းရှင်နယ်ချဲ့အုပ်စုကို စားပွဲဝိုင်း တွန်းပို့ပြီး သူတောင်းဆိုချက်တွေ လိုက်လျောလာအောင် လုပ်နေမှန်း ရှင်းပါတယ်။ ဒါပေမယ့် အနောက်အုပ်စုက လက်မခံနိုင်ဘူး။ ဒ့ါကြောင့် နောက်ဆုံးမှာ ပူတင်အနေနဲ့ ပဋိပက္ခကို ပိုမြှင့်တင်ဖို့ပဲ ဆုံးဖြတ်ခဲ့တယ်။ ခွဲထွက်ထားတဲ့ သမ္မတနိုင်ငံ ၂ခုကိုပဲ ပူတင် ဆက်ပြီး ခြေကုပ်ယူထားမလား၊ ဒါမှမဟုတ် ယူကရိန်းတပြည်လုံးကို ကျူးကျော်သိမ်းပိုက်ဖို့ ရှေ့ဆက်တိုးမလား။

ရုရှား ဒူးမား လွှတ်တော်ရဲ့ Commonwealth of Independent States ရေးရာ ကော်မတီ ဥက္ကဋ္ဌ လီယိုနစ်(ဒ်) ကလတ်(ရှ်) နစ် ကော့(ဗ်)က ဒွန်ညက်နဲ့ လူဟန့်(စ်) ပြည်သူ့ သမ္မတနိုင်ငံတွေကို ဒီနာမည်နဲ့ ဒေသတွေအတွင်း ကျ ရောက်နေတာ အသိအမှတ်ပြုထားပြီး ဖြစ်ကြောင်း ထောက်ပြခဲ့တယ် (ခွဲထွက်ရေးသမားတွေက ဒီဒေသတွေရဲ့ အစိတ်အပိုင်းတခုကိုပဲ ထိန်းချုပ်ထားတာ)။ ဒ့ါကြောင့် သူတို့ရဲ့ နိုင်ငံဖြစ်မှုကို ကျန်နေသေးတဲ့ ဒေသတွေအထိ တိုးချဲ့သွားဖို့ တောင်းဆိုနိုင်တယ်။ “ဒီနယ်နိမိတ်တွေကို ဘယ်လိုမျိုး ပြန်သတ်မှတ်မလဲဆိုတာတော့ ဒီသဘောတူညီချက်ထဲ မပါဘူး။ LPR နဲ့ DPR တို့က ဒီကိစ္စကို ဘာဆက်လုပ်မလဲ ဆိုတာက ငါတို့တတ်နိုင်တဲ့အရာ မဟုတ်ဘူး”လို့ ကလတ်(ရှ်) နစ်ကော့(ဗ်)က ဆိုထားတယ်။

ဒါဟာ လက်ရှိ ခွဲထွက်ထားတဲ့ နယ်မြေတွေကို ကျော်ပြီး ယူကရိန်းနဲ့ ရုရှား စစ်တပ်တွေ တိုက်ရိုက် စစ်ပွဲဖြစ်လာနိုင်တဲ့ အခင်းအကျင်းကို တံခါးဖွင့်ပေးထားတာပဲ။ အနောက်အုပ်စုက ဒဏ်ခတ်အရေးယူမှုတွေ စလုပ်နေပြီ၊ ပူတင်သာ ယူကရိန်းထဲ ကျူးကျော်ပြီး လက်ရှိအစိုးရကို ဖြုတ်ချဖို့ လုပ်လာရင် နေတိုး စစ်မဟာမိတ်အုပ်စုက တခြား ဘာလုပ်နိုင်မလဲ။ စစ်ရေးရှုထောင့်သက်သက်က ကြည့်မယ်ဆိုရင် ရုရှားက ယူကရိန်းကို လွယ်လွယ်လေး အနိုင်ယူနိုင်တယ်၊ ဘယ်ဥရောပ ပါဝါတွေကမှ စစ်မြေပြင်မှာ သူတို့တပ်တွေထုတ်သုံးပြီး ဝင်မပါချင်ဘူး။ ခွဲထွက်ထားတဲ့ သမ္မတနိုင်ငံတွေမှာသာ ရုရှား တပ်တွေကို လိုလားကြောင်းပြတဲ့ ဒေသခံ ပြည်သူတွေ ရှိပေမယ့် ယူကရိန်းရဲ့ နလုံးသည်းပွတ်နေရာတွေကို ပူတင် ကျူးကျော်ဝင်ရောက်သွားရင် အခင်းအကျင်းက လုံးဝခြားနားသွားမယ်၊ ကျယ်ပြန့်တဲ့ လူထု

ဆန့်ကျင်တွန်းလှန်မှုတွေ ရင်ဆိုင်ရလိမ့်မယ်။ ဒီအခါ နယ်မြေသိမ်းပိုက်ရေးဟာ အလွန်ခက်ခဲသွားမယ်၊ ရေရှည်ထိန်းထားနိုင်ဖို့ဆိုရင် အရင်းအနှီး အလွန်များမှာပဲ။

ခေးယစ်(ဗ်) အစိုးရဟာ အလွန်ကြီးမားတဲ့ ဖိအားတွေ ကြုံနေရပြီ။ ခေးယစ်(ဗ်) အစိုးရ ရှုထောင့်ကကြည့်ရင် ယူကရိန်းရဲ့ နယ်မြေတွေကို တရားဝင်သဘောအရ ကျူးကျော်ခံထားရပြီ။ ဒါပေမယ့် သူလုပ်နိုင်တာ ဘာမှမရှိလှဘူး။ ပြီးခဲ့တဲ့ ရှစ်နှစ်တုန်းက ခရိုင်းမီးယား ဝင်သိမ်းခံခဲ့ရတယ်၊ ရုရှားအပေါ် ဒဏ်ခတ်အရေးယူမှုတွေ ရှိပေမယ့် အခုထိ ရုရှား ဖက်ဒရေးရှင်းရဲ့ အစိတ်အပိုင်း ဖြစ်နေဆဲ။ ဒွန်းဘတ်(စ်)ဒေသကို ခေးယစ်(ဗ်) အစိုးရ နောက်ဆုံးအကြိမ် ထိုးစစ်ဆင်တုန်းကလည်း အရေးနိမ့်ခဲ့တယ်၊ သူ့ဘက်ကနေ ဘယ်သူမှ ဝင်မကူခဲ့ဘူး။ ယူကရိန်းက ကုလ လုံခြုံရေး ကောင်စီကို အရေးပေါ် အစည်းအဝေး ကျင်းပပေးဖို့ တောင်းဆိုထားတယ်၊ ဒါပေမယ့် ကုလ လုံခြုံရေး ကောင်စီက ရုရှားရဲ့ လုပ်ရပ်တွေကို ရှုတ်ချတဲ့ ထုတ်ပြန်ချက်လောက်မှ ထုတ်နိုင်ပါ့မလား သံသယဝင်စရာပဲ။ ကုလ လုံခြုံရေး ကောင်စီထဲမှာ ရုရှားက ဗီတိုကိုင်ထားတယ်။ ဇယ်လင်စကီး အစိုးရအဖို့ ဘာမှမတတ်နိုင်တဲ့အဆုံး ပြုတ်ကျသွားနိုင်တယ်။

အမေရိကန်ရဲ့ ပထမဆုံး လက်တွေ့တုံ့ပြန်ချက်က ယူကရိန်းကနေ State Department ဝန်ထမ်းတွေအားလုံး ကယ်ထုတ်တယ်၊ ယူကရိန်းမှာ ရှိနေတဲ့ အမေရိကန် သံရုံးကို နေရာရွှေ့တယ်။ ဒီအချက်က အရင်နဲ့စာရင် အမေရိကန် အရင်းရှင်နယ်ချဲ့ အားချိနေခြင်းကို မီးမောင်းထပ်ထိုးပြလိုက်တာပဲ။ ဒီမတိုင်ခင်ကတည်းက အမေရိကန် သံရုံးကို ခေးယစ်(ဗ်)ကနေ လေးယစ်(ဗ်)ကို ရွှေ့ထားပြီးသား၊ အခုတော့ ပိုလန်(ဒ်)အထိ ရွှေ့သွားပြီ။ ဇယ်လင်စကီးအနေနဲ့ ဝါရှင်တန်က ကြိုးကိုင်အရှင်ကြီးက ယူကရိန်းကို ရုရှားရန်ကနေ ကာကွယ်ပေးဖို့ ဘယ့်ကလောက် ပြင်ဆင်ထားသလဲ အထင်အရှား မြင်နေရပြီ။

ပူတင်ရဲ့ ရည်မှန်းချက်က အဆုံးမတော့ နဂိုအတိုင်းပဲဆိုတာ ထင်ရှားတယ် - ရုရှားကို ဒေသတွင်း ပါဝါအဖြစ် အသိအမှတ်ပြုခံချင်တာ၊ "သူ့အိမ်နီးချင်း"က သူ့အကျိုးစီးပွားတွေအတွက် အန္တရာယ် ဖြစ်မလာနိုင်မယ့် အာမခံချက် ရထားချင်တာ။ သူဝင်ရောက်ထားပြီးသား ဒွန်ညက်နဲ့ လူဟန့်(စ်) ဒေသတွေကို ပူတင်စွန့်လွှတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဆက်ချဲ့သွားနိုင်တယ်။ ဒါကတော့ ကျနော်တို့ နီးနီးကပ်ကပ် စောင့်ကြည့်သွားရမယ့် အခြေအနေတခုပဲ။

ယူကရိန်းနဲ့ ရုရှားက အလုပ်သမား လူတန်းစား ရှုထောင့်ကကြည့်ရင် ဘာတခုမှ ပြေလည်မသွားသလို ဘာအကျိုးမှ မခံစားရဘူး။ ယူကရိန်းက လီနင်ရဲ့ ဖန်တီးချက်လို့ ပူတင်ပြောတာဟာ မမှန်ပါဘူး၊ ယူကရိန်းရဲ့ ရှုပ်ထွေးလှတဲ့ နေရှင်နယ် ပြဿနာဟာ ၁၉၁၇ မတိုင်ခင်ကတည်းက ရှိခဲ့တာပါ။ ဒါပေမယ့် လူမျိုးစု တိုင်းပြည်တွေရဲ့ ကိုယ်ပိုင် ပြဌာန်းခွင့်အပေါ် လီနင်ရဲ့ အလေးအနက်ထားတဲ့ ပေါ်လစီ (စတာလင်နဲ့ ပဋိပက္ခဖြစ်ခဲ့တဲ့ ပြဿနာတခု) ကြောင့် ဆိုဗီယက် ယူကရိန်းနဲ့ ဆိုဗီယက် ရုရှားတို့ဟာ မိမိတို့ဆန္ဒအလျှောက် တန်းတူရည်တူ စုပေါင်းနိုင်ခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ် ၁၀၀ တိတိ ၁၉၂၂ ခုနှစ်မှာ ဆိုဗီယက် ပြည်ထောင်စု ထူထောင်တော့ ဒီလို တန်းတူရည်တူ ပေါင်းစည်းမှုကို အသိအမှတ်ပြုခဲ့တယ်။ ဒီအဓိပ္ပါယ်နဲ့သာ ယူကရိန်းကို လီနင် ဖန်တီးခဲ့တယ်လို့ ပြောနိုင်တယ်၊ Euromaidan လှုပ်ရှားမှုကနေ အာဏာရလာတဲ့ ဖောက်ပြန်သော ယူကရိန်း အမျိုးသားရေးဝါဒီတွေက အဲဒီအခြေအနေကို ဖျက်ဆီးပစ်လိုက်ပြီ။

ယူကရိန်း နဲ့ ရုရှားက အလုပ်သမားထုဟာ ခိုင်မာတဲ့ သမိုင်းကြိုးတွေနဲ့ တွယ်နှောင်ထားကြတယ်။ ဒီချိတ်ဆက်မှုကို ဖောက်ပြန်သော ယူကရိန်း အမျိုးသားရေးဝါဒနဲ့ မဟာရုရှား လူမျိုးကြီးဝါဒ အဆိပ်တွေက အားနည်းသွားစေခဲ့တယ်၊ အထူးသဖြင့် ၂၀၁၄ နောက်ပိုင်းမှာ။ ယူကရိန်းဟာ ပြည်တွင်းစစ်ထဲ နစ်မွန်းနေခဲ့တယ်၊ စီးပွားရေး အကျပ်အတည်းကြောင့် သန်းပေါင်းများစွာသော ပြည်သူတွေ ပြည်ပရွှေ့ပြောင်းသွားကြရတယ်။

အလုပ်သမား လူတန်းစားအဖို့ တခုတည်းသော လွတ်မြောက်ရာ လမ်းက ကပ်ပါးကောင် အရင်းရှင် အုပ်စိုးသူ လူတန်းစားကို ဖြိုချပစ်ရေးပဲ။ ဒီကပ်ပါးကောင် အရင်းရှင်လူတန်းစားက ပြီးခဲ့တဲ့ အနှစ် ၃၀ လုံးလုံး တိုင်းပြည်ကို မင်းမူအုပ်စိုးလာခဲ့ကြတယ်။ လူ့အဖွဲ့အစည်းရဲ့ ဓနဥစ္စာတွေကို မောင်ပိုင်စီးထားခဲ့ကြတယ်။ အလုပ်သမား လူတန်းစား အာဏာရလာမှသာ ယူကရိန်း အမှန်တကယ် လွတ်လပ်သွားမယ်၊ အလုပ်သမား လူတန်းစားက ဘာသာစကားနဲ့ နေရှင်နယ် အမှတ်လက္ခဏာ ကွဲပြားမှုတွေကို ဖြတ်ကျော်ပြီး မိမိတို့သဘောဆန္ဒအလျှောက် ပေါင်းစည်းသွားကြမယ်။

အနောက် နိုင်ငံတွေက အလုပ်သမားထုရဲ့ အဓိကတာဝန်ကတော့ ကိုယ့်တိုင်းပြည်အတွင်းက ဖောက်ပြန်သော အရင်းရှင်နယ်ချဲ့ အုပ်စိုးသူ လူတန်းစားအသီးသီးကို ဆန့်ကျင်ကြဖို့ပဲ။ ရုရှားပြည်တွင်းက အလုပ်သမားထုရဲ့ အဓိက

တာဝန်က ဖောက်ပြန်သော ရုရှား အုပ်စိုးသူ လူတန်းစားကို ဆန့်ကျင်ရေး ဖြစ်တယ်၊ ပူတင်ရဲ့ ဒေသတွင်း နယ်ချဲ့ပါဝါ ရည်မှန်းချက်တွေကို ရုရှား အုပ်စိုးသူ လူတန်းစားက မောင်းနှင်ပေးနေတာ ဖြစ်တယ်။ ယူကရိန်း အလုပ်သမားထုရဲ့ အဓိက တာဝန်က ယူကရိန်း အရင်းရှင် အာဏာရှင်စနစ်ကို ဆန့်ကျင်ရေးဖြစ်တယ်၊ ဒီအုပ်စိုးသူ လူတန်းစားက ယူကရိန်းကို ပြည်တွင်းစစ် ပဋိပက္ခထဲ ဆွဲနှစ်ထားခဲ့ကြတယ်၊ ယူကရိန်း အုပ်စိုးသူ လူတန်းစားက သူတို့မောင်ပိုင်စီးထားတဲ့ ဓနဥစ္စာတွေကို ပြည်ပမှာ လျှို့ဝှက်သိမ်းဆည်းထားကြတယ်။

War on the palaces, peace on the huts!

မေဆန် ဘာသာပြန်သည်

၂၄.၂.၂၀၂၂



# [CLASSICS]

# IN DEFENCE OF OCTOBER

၁၉၃၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့၊ ကိုပင်ဟေဂင် (ဒိန်းမတ်) မှာ လီယွန် ထရော့စကီး မိန့်ခွန်းတခု ပြောခဲ့တယ်။ အောက်တိုဘာ တော်လှန်ရေး၁၅နှစ်ပြည့် အခမ်းအနားမှာ ပြောခဲ့ခြင်းဖြစ်တယ်။ အောက်တိုဘာ တော်လှန်ရေးကို ခုခံကာကွယ်ရင်း ၁၉၁၇ ရုရှားမှာ အမှန်တကယ် ဖြစ်သွားခဲ့တဲ့ ဖြစ်စဉ်တွေကို သမိုင်းအမှန်ဖြစ်အောင် ဖော်ထုတ်ပြခဲ့တယ်။ စတာလင်ဝါဒီတွေ တင်ပြနေကျ ပုံဖျက်ထားတဲ့ ဗားရှင်းနဲ့ ဆန့်ကျင်ဖက် ဖြစ်နေမယ်။

**၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလ၊ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့မှာ ပြောခဲ့သော မိန့်ခွန်း**

## LEON TROTSKY

15 NOVEMBER 1932

ကိုပင်ဟေဂင်ကို ကျနော် ပထမဆုံး ရောက်ဖူးတာ နိုင်ငံတကာ ဆိုရှယ်လစ် ကွန်းဂရက်(စ်)ကို လာတက်တုန်းက။ ဒီမြို့ရဲ့ ဖော်ရွေလွန်းလှသော အမှတ်တရတွေကို ထွေးပွေ့ပြီး ကျနော် ပြန်သွားခဲ့တယ်။ ဒါတွေဟာ ၂၅ နှစ်ကျော် ကြာသွားခဲ့ပါပြီ။ ဒီကာလမှာ ORE-SUND ရေလက်ကြားနဲ့ ပင်လယ်အဝင်ဝက ရေတွေလည်း အကြိမ်ကြိမ် ပြောင်းလဲ စီးဆင်းသွားခဲ့ပြီ။ ရေတွေပဲ ပြောင်းလဲသွားခဲ့တာ မဟုတ်ဘူး။ စစ်ကြီးက ခေတ်ဟောင်း ဥရောပတိုက်ရဲ့ ကျောရိုးကို ချိုးဖျက်ပစ်ခဲ့ပြီ။ ဥရောပက မြစ်တွေ၊ ပင်လယ်တွေဟာ မနည်းလှတဲ့ သွေးတွေကို လျှော်ပစ်ခဲ့ရတယ်။ လူသားတွေ၊ အထူးသဖြင့် ဥရောပတိုက်က လူသားတွေဟာ ကြမ်းတမ်းလှတဲ့ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်၊ ထုသားပေသားကျပြီး ပိုကြမ်းကြုတ်လာခဲ့တယ်။ ပဋိပက္ခတိုင်းဟာ ပိုပိုပြီး ခါးသီးလာခဲ့တယ်။ ကမ္ဘာကြီးဟာ ဧရာမ အပြောင်းအလဲ ခေတ်ကြီးထဲ ချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ။ စစ်နဲ့ တော်လှန်ရေးတွေဟာ ဒီခေတ်ရဲ့ အကြီးမားဆုံး ထင်ဟပ်ဖော်ထုတ်ချက်တွေပဲ။

ကျနော့် လက်ချာရဲ့ အဓိက အကြောင်းအရာဖြစ်သော တော်လှန်ရေးအကြောင်း မပြောခင် ဒီအစည်းအဝေးကို ကမကထပြုကြသူ



ဆိုရှယ် ဒီမိုကရက်တစ် ကျောင်းသား အဖွဲ့အစည်းကို ကျေးဇူးတင်စကား အရင် ပြောလိုပါတယ်။ နိုင်ငံရေး အတိုက်အခံ တယောက်အနေနဲ့ ဒီလက်ချာကို လာပြောပါတယ်။ မှန်ပါတယ်၊ ကျနော့် လက်ချာဟာ နိုင်ငံရေး လမ်းစဉ်တွေကို ဟောပြောဖို့ မဟုတ်ဘူး၊ သမိုင်းဆိုင်ရာ ဖြစ်စဉ်တွေကို သိပ္ပံနည်းကျ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို အစပိုင်းကတည်းက အလေးထား ပြောလိုပါတယ်။ ဆိုဗီယက် သမ္မတနိုင်ငံ ထွက်ပေါ်လာစေခဲ့တဲ့ တော်လှန်ရေးတရပ်အကြောင်းကို နိုင်ငံရေး ရပ်တည်ချက်တခုခု မကိုင်စွဲဘဲ ပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ အဲဒီတော်လှန်ရေး ဖြစ်ရပ်တွေထဲ ပါဝင်ခဲ့စဉ်က ရပ်တည်ခဲ့တဲ့ အလံအောက်မှာပဲ ရပ်တည်ပြီး ဒီကနေ့ လက်ချာကိုလည်း ဟောပြောသွားပါမယ်။

(ပထမကမ္ဘာ )စစ်ကြီးမဖြစ်ခင်အထိ ဘော်ရှီဗစ်ပါတီဟာ ဆိုရှယ်ဒီမိုကရက်တစ် အင်တာနေရှင်နယ် အဖွဲ့ဝင် ဖြစ်ခဲ့တယ်။ [1] ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ ဂျာမန် ဆိုရှယ် ဒီမိုကရေစီက စစ်အသုံးစရိတ် တောင်းခံခြင်းကို ထောက်ခံမဲပေးခဲ့တယ်။ အဲဒီအချိန်ကစလို့ ဘော်ရှီဗစ် ပါတီက အပြီးအပိုင် လမ်းခွဲထွက်ခဲ့တယ်။ ဘော်ရှီဗစ်ဖင်က ဆိုရှယ်ဒီမိုကရေစီကို မစေ့စပ်တမ်း တရစပ် တိုက်ပွဲဝင်ခဲ့တယ်။ ဒါဆို ဒီအစည်းအဝေး စီစဉ်သူတွေ ကျနော့်ကို ဖိတ်ပြီး လက်ချာပေးခိုင်းတာ မှားသွားပြီလား။ ဒီအချက်နဲ့ပတ်သက်လို့ လက်ချာ ပြီးသွားရင် ပရိသတ်ကပဲ ဆုံးဖြတ်သွားပါလိမ့်မယ်။ ရုရှား တော်လှန်ရေးအကြောင်း ရှင်းလင်းတင်ပြပေးဖို့ လိုလိုလားလား ဖိတ်ကြားလာခြင်းကို ကျနော့်ဘက်က လက်ခံရခြင်း အကြောင်း ပြောရရင် တချက်ပဲ ထောက်ပြ ပါရစေ - ကျနော့်ရဲ့ နိုင်ငံရေးဘဝ ၃၅ နှစ်အတွင်းမှာ ရုရှား တော်လှန်ရေး ပြဿနာက ကျနော့် အတွေး၊ ကျနော့် လုပ်ဆောင်ချက်တွေရဲ့ သီအိုရီပိုင်း၊ လက်တွေ့ပိုင်းဆိုင်ရာ ဝင်ရိုး ဖြစ်နေခဲ့တယ်။ တူရကီမှာ ၄ နှစ်တာ နေခဲ့ရတဲ့ ကာလအတွင်း (စတာလင် ဗျူရိုကရေစီက ထရော့စကီးကို ဆိုဗီယက် ရုရှားမှာ နေထိုင်ခွင့်မပြုဘဲ မောင်းထုတ်ခဲ့လို့ တူရကီမှာ ခိုလှုံခဲ့ရသော ကာလကို ရည်ညွှန်း) အဓိကအားဖြင့် ရုရှား တော်လှန်ရေး ပြဿနာတွေကို သမိုင်းရှုထောင့်ကနေ အကျယ်တဝင့် ရှင်းပြနိုင်ဖို့ပဲ အချိန်ပေးခဲ့တယ်။ ဆိုတော့ ဒီအချက်ဟာ ကျနော့်ကို အောက်တိုဘာ တော်လှန်ရေးရဲ့ မိတ်ဆွေတွေနဲ့ စာနာသူတွေ အပြင် ရန်သူတွေကိုလည်း ဒီမတိုင်ခင်က

သူတို့အာရုံမစိုက်ခဲ့မိတဲ့ တော်လှန်ရေးရဲ့ ဝိသေသ အတော်များများကို ကောင်းကောင်း နားလည်လာအောင် တစုံတရာ ပံ့ပိုးပေးနိုင်မယ်လို့ မျှော်လင့်ခွင့် ပေးထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော့်လက်ချာရဲ့ ရည်ရွယ်ချက်က နားလည်လာအောင် ကူညီပေးဖို့ဖြစ်တယ်။ တော်လှန်ရေးအတွက် ဝါဒဖြန့်ချိရေးလုပ်ဖို့ မရည်ရွယ်သလို တော်လှန်ရေးထဲ ဝင်ပါဖို့လည်း ခင်ဗျားတို့ကို ဆော်သြမှာ မဟုတ်ဘူး။ တော်လှန်ရေးအကြောင်း ရှင်းလင်း တင်ပြဖို့ပဲ ရည်ရွယ်တယ်။

ဒီလက်ချာကို လူမှုဗေဒ အခြေခံ သဘောတရားတချို့နဲ့ စလိုက်ရအောင်။ ဒီအခြေခံ သဘောတရားတွေကို ခင်ဗျားတို့အားလုံး ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်မယ်ဆိုတာ သံသယမရှိပါဘူး။ ဒါပေမယ့် တော်လှန်ရေးလို အင်မတန် ရှုပ်ထွေးနက်နဲတဲ့ ဖြစ်ရပ်တခုကို ချဉ်းကပ်တဲ့အခါ ကျနော်တို့ မှတ်ဉာဏ်တွေကို ပြန်လှုပ်နှိုးပေးရမယ် မဟုတ်လား။

## • သမိုင်းရေး ရုပ်ဝါဒအမြင်

လူ့သမဂ္ဂဆိုတာ ဘဝရှင်သန်ရေးနဲ့ မျိုးဆက်တွေ ဆက်လက်တည်တံ့ရေး တိုက်ပွဲအတွင်း သမိုင်းကြောင်း ရင်းမြစ်ရှိတဲ့ ပူးပေါင်းဆောင်ရွက်ချက် ဖြစ်တယ်။ လူ့အဖွဲ့အစည်းတခုရဲ့ စရိုက်လက္ခဏာကို အဲဒီလူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဘဝက ပြဋ္ဌာန်းပေးတယ်။ စီးပွားရေးဘဝကို ကုန်ထုတ် ပစ္စည်းတွေက ပြဋ္ဌာန်းပေးတယ်။ (MEANS OF PRODUCTIVE LABOUR ကို ကုန်ထုတ် ပစ္စည်းလို့ ဘာသာပြန်ပါတယ်။ ကုန်ထုတ် ပစ္စည်းလို့ ဆိုရာမှာ INSTRUMENT OF LABOUR လို့ခေါ်တဲ့ ကုန်ထုတ်ကိရိယာနဲ့ RAW MATERIAL လို့ခေါ်တဲ့ ကုန်ကြမ်းဆိုပြီး အဓိက နှစ်ပိုင်း ရှိပါတယ်။ ကျောက်အရိုင်းကို ကုန်ထုတ် ကိရိယာအဖြစ် သုံးခဲ့တဲ့ ခေတ်ကနေ ကျောက်ကို စနစ်တကျ ပြုပြင်စီရင် အသုံးချနိုင်တဲ့ခေတ်၊ ကြေးသတ္တုကို ကုန်ထုတ် ကိရိယာအဖြစ် ပြုပြင်စီရင် သုံးလာနိုင်တဲ့ခေတ်၊ သံကို ကိရိယာ အဖြစ် ပြုပြင်စီရင်သုံးလာတဲ့ ခေတ်ကနေ စက်မှုခေတ်၊ နည်းပညာခေတ်အထိ လူ့အဖွဲ့အစည်း အဆင့်ဆင့် တိုးတက်လာခြင်းဟာ MEANS OF PRODUCTION လို့ခေါ်တဲ့ ကုန်ထုတ် ပစ္စည်းတွေ တိုးတက်လာခြင်းကြောင့်သာ ဖြစ်တယ်။ ဒါ့ကြောင့် "လူ့အဖွဲ့အစည်းတခုရဲ့ စရိုက်လက္ခဏာကို အဲဒီလူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဘဝက ပြဋ္ဌာန်းပေးတယ်။

စီးပွားရေးဘဝကို ကုန်ထုတ် ပစ္စည်းတွေက ပြဋ္ဌာန်းပေးတယ်”လို့ ဆိုခြင်းဖြစ်တယ် -ဘာသာပြန်သူ။)

ကုန်ထုတ် စွမ်းအားစုတွေ ဖွံ့ဖြိုးမှုကို အခြေခံပြီး ကွဲပြားခြားနားသော ခေတ်ကြီးတွေ ပေါ်ထွက်လာခဲ့တယ်။ ဒီလို ခေတ်ကြီးတခုစီတိုင်းမှာ ကုန်ထုတ် စွမ်းအားစု ဖွံ့ဖြိုးမှုနဲ့ ကိုက်ညီသော လူမှုစနစ်တွေ ရှိတယ်။ ဒီကနေ့အချိန်ထိ လူမှုစနစ်တခုစီတိုင်းဟာ သက်ဆိုင်ရာ အုပ်စိုးသူ လူတန်းစားကို ရောမ အကျိုးပြုထားကြတာချည်းပဲ။

ဒ့ါကြောင့် ဘယ်လူမှုစနစ်မှာ ထာဝရ မတည်မြဲဘူးဆိုတာ ရှင်းပါတယ်။ သမိုင်းဖွံ့ဖြိုးမှုအရ လူမှုစနစ်တွေ ပေါ်ထွန်းလာတယ်၊ ပြီးရင် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားပြုသူတွေ ဖြစ်လာကြတယ်။ “ပေါ်ထွန်းလာတာမှန်သမျှ တနေ့ ဖြိုချခံရမှာပဲ”။

ဒါပေမယ့် ဘယ်အုပ်စိုးသူ လူတန်းစားကမှ အေးအေးချမ်းချမ်းနဲ့ အသာတကြည် အာဏာစွန့်ရိုး ထုံးစံမရှိဘူး။ သေရေးရှင်ရေး ပြဿနာတွေမှာ ဆင်ခြင်မှုအခြေခံ ငြင်းချက်တွေက အင်အားအခြေခံ ငြင်းချက်တွေကို ဘယ်တုန်းကမှ အစားမထိုးနိုင်ခဲ့ဘူး။ စိတ်မကောင်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် သမိုင်းမှာတော့ ဒီအတိုင်းပဲ။ ဒီကမ္ဘာကြီးကို ကျနော်တို့ ဖန်တီးထားတာ မဟုတ်ဘူး။ ကျနော်တို့ ဘာမှမတတ်နိုင်ဘူး၊ သမိုင်းမှာ ရှိနေတဲ့အတိုင်း လက်ခံရုံပဲ။

- **တော်လှန်ရေးရဲ့ အဓိပ္ပါယ်**

တော်လှန်ရေးဆိုတာ လူမှု စနစ် ပြောင်းလဲခြင်းကို ဆိုလိုတယ်။ တော်လှန်ရေးဟာ တိုးတက်သော အခန်းကဏ္ဍ ကုန်ဆုံးသွားပြီဖြစ်တဲ့ လူတန်းစားတရပ် လက်ထဲက အာဏာကို တိုးတက်နေဆဲ အခြားလူတန်းစားတရပ် လက်ထဲ လွှဲပြောင်းပေးတယ်။ သူပုန်ထခြင်းဆိုတာ လူတန်းစား နှစ်ရပ်ကြား အာဏာရရှိရေး တိုက်ပွဲမှာ အပြင်းထန်ဆုံးနဲ့ အခရာကျဆုံး အခိုက်အတန့် ဖြစ်တယ်။ သူပုန်ထတဲ့အခါ အများတကာ့ အများစုသော လူထုကြီးကို စုရုံးဦးဆောင်နိုင်စွမ်းရှိတဲ့ တိုးတက်သော လူတန်းစား တရပ်အပေါ် အခြေခံထားမှသာ တော်လှန်ရေး အောင်ပွဲစစ်စစ် ရနိုင်မယ်၊ စနစ်သစ်တခုကို ထူထောင်နိုင်မယ်။

သဘာဝဖြစ်စဉ်တွေနဲ့ မတူတာက တော်လှန်ရေးကို လူတွေက လုပ်ကြတာ၊ လူတွေကနေပဲ တော်လှန်ရေး ဖြစ်ရတာ။

ဒါပေမယ့် တော်လှန်ရေးဖြစ်စဉ်အတွင်းမှာတော့ လူ သားတွေ ဟာ သူ တို့ ကို ယ် တိုင် လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်မရှိသော လူမှုအခြေအနေတွေရဲ့ လွှမ်းမိုးမှုအောက်ကနေ လုပ်ဆောင်ရတာ ဖြစ်တယ်၊ အတိတ်က လက်ဆင့်ကမ်းပေးလိုက်တဲ့ လူမှုအခြေအနေတွေအောက်မှာ လူသားတွေ လုပ်ဆောင်ကြရတယ်၊ ဒီအခြေအနေတွေကပဲ သူတို့လိုက်လျှောက်ရမယ့် လမ်းကြောင်းကို အထက်စီးဆန်ဆန် ညွှန်ပြပေးတယ်။ ဒါ့ကြောင့်ပဲ (ဒီအကြောင်းကြောင့်သာ) တော်လှန်ရေးတရပ်က တိကျသေချာတဲ့ နိယာမတွေအတိုင်း ဖြစ်နေတာ။

ဒါပေမယ့် လူသားရဲ့ အသိစိတ်ဟာ ပကတိ အခြေအနေတွေကို အပြုခံသက်သက် (PASSIVELY) ထင်ဟပ်နေတာ မဟုတ်ဘူး။ ပကတိ အခြေအနေတွေကို တက်တက်ကြွကြွ (ACTIVELY) တုံ့ပြန်နေကျ ဖြစ်တယ်။ တချို့သော အချိန်တွေမှာ ဒီတုံ့ပြန်မှုက ပြင်းထန် အားကောင်းတဲ့ လူထု လက္ခဏာဆောင်သွားတယ်။ အင်အားကြီးခြင်းနဲ့ လုပ်ပိုင်ခွင့်ဆိုသော အတားအဆီးတွေကို ဖြိုချပစ်တယ်။ တကယ်တော့ သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေထဲ လူထုကြီး တက်တက်ကြွကြွ ပါဝင်လာခြင်းဟာ တော်လှန်ရေးတရပ်ရဲ့ အရေးအကြီးဆုံး မရှိမဖြစ် အစိတ်အပိုင်းတခုပဲ။

ဒါပေမယ့် မုန်တိုင်းအထန်ဆုံး လှုပ်ရှားမှု တောင်မှ တော်လှန်ရေးအဆင့်ထိ မတက်လှမ်းနိုင်ဘဲ ဆန္ဒပြပွဲဒါမှမဟုတ် ပုန်ကန်မှုအဆင့်မှာတင် တန့်နေနိုင်တယ်။ လူထု အုံကြွမှုကနေ လူတန်းစားတရပ် အုပ်စိုးမှုကို ဖြိုချပစ်ပြီး နောက် လူတန်းစားတရပ် အုပ်စိုးမှုဆီ ဦးတည်သွားရမယ်။ အဲဒီအခါမှပဲ တော်လှန်ရေးတရပ် အောင်ပွဲဆင်နိုင်တယ်။ လူထု အုံကြွမှုဆိုတာ ကိုယ်ဖြစ်စေချင်တိုင်း အချိန်မရွေး ဖန်တီးယူလို့ ရနိုင်တဲ့ အရာတခု မဟုတ်ဘူး။ တော်လှန်ရေးဟာ လူ့အဖွဲ့အစည်း တိုးတက်မှု သမိုင်းအတွင်း ပကတိ ရုပ်အခြေအနေပေါ် မူတည်ပြီး ပေါ်ထွန်းလာရတဲ့ ဖြစ်စဉ်တခု ဖြစ်နေသလိုပဲ၊ လူထုအုံကြွမှုဆိုတာလည်း တော်လှန်ရေး ဖွံ့ဖြိုးမှုအတွင်း ပကတိ ရုပ်အခြေအနေကို မူတည်ပြီး ပေါ်ထွန်းရတဲ့ အစိတ်အပိုင်းတခု ဖြစ်နေတယ်။ ဒါပေမယ့် အုံကြွမှုဖြစ်ဖို့ လိုအပ်သော ရုပ်အခြေအနေတွေ ရှိနေပြီ ဆိုရင် ပါးစပ်အဟောင်းသားနဲ့

အသာထိုင်စောင့်နေလို့ မရဘူး။ ရှိတ်(ခ်)စပီးယား ပြောသလိုပဲ၊ "လူ့ဘဝ အထွေထွေမှာ ဒီရေလို အတက်အကျ ရှိတယ်၊ ဒီရေအတက်ကာလကိုသာ အမိအရ ဖမ်းဆုပ်နိုင်ခဲ့ရင် ကောင်းခြင်း အဖြာဖြာ ရရှိသွားနိုင်တယ်"။

ဟောင်းမြည်း ပုပ်သိုးနေတဲ့ လူမှုစနစ်တခုကို ဖယ်ရှားပစ်နိုင်ဖို့ဆိုရင် တိုးတက်သော လူတန်းစားဟာ ဒီရေမြင့်သစ် ရောက်လာဖြီလား နားလည်ရမယ်၊ ဒီရေမြင့်သစ် ရောက်တာနဲ့ အာဏာသိမ်းယူရေးတာဝန်ကို ထမ်းဆောင်ရမယ်။ ဒီနေရာမှာ သိစိတ်ရှိရှိ တော်လှန်ရေး လုပ်ဆောင်မှု အခန်းကဏ္ဍ ဝင်လာတာပဲ၊ အမျှော်အမြင်ရှိခြင်း နဲ့ကြိုတင် တွက်ဆနိုင်ခြင်းကို စိတ်အားထက်သန်ခြင်း၊ သတ္တိကောင်းခြင်းနဲ့ ပေါင်းစပ်ပေးရမယ်။ တနည်းဆိုရရင် ဒီနေရာမှာ ပါတီရဲ့ လုပ်ဆောင်မှု အခန်းကဏ္ဍ ဝင်လာတာပဲ။

## • လူတစုရဲ့ အာဏာသိမ်းပွဲ COUP D'ÉTAT

တော်လှန်ရေး ပါတီတခုက တိုးတက်သော လူတန်းစားဆိုတဲ့ ပန်းမာလာကို သူ့ကိုယ်ထည်အတွင်း ပေါင်းစည်း ထားတယ်။ သူ့ရဲ့ဝန်းကျင်မှာ မှန်ကန်တဲ့ လမ်းကြောင်းပေါ် သူ့ကိုယ်သူ ဦးတည်နိုင်စွမ်းရှိတဲ့၊ ဖြစ်ရပ်တွေရဲ့ ရစ်သမ်နဲ့ တိုးတက်မှုကို သုံးသပ်နိုင်စွမ်းရှိပြီး လူထုရဲ့ ယုံကြည်မှုကို စောစောစီးစီး ရယူထားနိုင်တဲ့ ပါတီတခုမရှိဘဲ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး အောင်ပွဲ မရနိုင်ဘူး။ ဒါတွေက တော်လှန်ရေး နဲ့ သူပုန်ထခြင်းတို့ရဲ့ ပကတိဘာဝ အကြောင်းအချက်တွေနဲ့ အတ္တဘာဝ အကြောင်းအချက်တွေကြားက အပြန်အလှန် သက်ရောက်နေတဲ့ ဆက်ဆံရေးတွေပဲ။

အငြင်းပွားကြတဲ့အခါ (အထူးသဖြင့် ဘာသာရေးကိစ္စတွေ) သိပ္ပံနည်းကျ အမှန်တရားတခုကို အဓိပ္ပါယ်ကင်းမဲ့တဲ့ အရာတခုဖြစ်သွားအောင် တွန်းပို့ပြီး ပုံဖျက်ပစ်လေ့ရှိကြတယ်။ ဒီလိုမျိုး နည်းလမ်းကို REDUCTIO AD ABSUR-DUM လို့ ခေါ်ပါတယ်။ ကျနော်တို့ကတော့ အမှန်တရားဆီ ပိုပြီးဘေးကင်းကင်းနဲ့ ချဉ်းကပ်သွားနိုင်အောင် အဓိပ္ပါယ်ကင်းမဲ့ နေတဲ့ အရာကနေပဲ အစပြုရလိမ့်မယ်။ အဓိပ္ပါယ်ကင်းမဲ့နေတဲ့ အရာတွေ မရှိဘူးလို့ ကျနော်တို့ စောဒကမတက် နိုင်ပါဘူး။ လတ်တလော ပူပူနွေးနွေး အဖြစ်ဆုံး၊ ကြမ်းတမ်းခက်တရော်တဲ့ နမူနာတခုနဲ့

စလိုက်ရအောင်။

ဖက်ဆစ် သဘောတရားဆရာတယောက်ဖြစ်တဲ့ (ဟုတ်ပါတယ်၊ အဲလို သဘောတရားဆရာမျိုးလည်း ရှိသေး တယ်) အီတာလျံ စာရေးဆရာ MALAPARTE က သိပ်မကြာသေးခင်ကပဲ လူတစုရဲ့ အာဏာသိမ်းပွဲ နည်းနာဆိုင်ရာ စာအုပ်တအုပ် ထုတ်ဝေခဲ့တယ်။ ထုံးစံအတိုင်း စာရေးသူက အောက်တိုဘာ အုံကြွမှုကို "စုံစမ်းစစ်ဆေးခြင်း" စာမျက်နာတွေ မနည်းမနော ဖော်ပြထားတယ်။

၁၉၁၇ ရုရှားရဲ့ လူမှုစီးပွား အခြေအနေတွေ၊ နိုင်ငံရေး အခြေအနေတွေနဲ့ အမြဲချိတ်ဆက်ထားသော လီနင့် "မဟာဗျူဟာ"နဲ့ ဆန့်ကျင်ဖက်အဖြစ်ပုံဖော်ပြီး "ထရော့စကီးရဲ့ နည်းဗျူဟာတွေကို တိုင်းပြည်တခုရဲ့ ယေဘုယျ အခြေအနေ တွေက ကန့်သတ်မထားဘူး"လို့ MALAPARTE က ဆိုထားတယ်။ အဲဒီစာအုပ်ရဲ့ အဓိက သဘောတရားက ဒါပဲ။ MALAPARTE က သူ့စာအုပ်ထဲမှာ လီနင်နဲ့ ထရော့စကီးကို ဒိုင်ယာလော့(ဂ်)တွေ အများကြီး ပြောခိုင်းထားတယ်။ သဘာဝတရားကြီးက MALAPARTE တဦးတည်းအလိုကျ ခြယ်လှယ်ခွင့်ပေးထားသလောက် သူဖန်တီးထားတဲ့ ဒိုင်ယာလော့(ဂ်)တွေထဲမှာ လီနင်နဲ့ ထရော့စကီးတို့က နက်ရှိုင်းတဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို ထုတ်ပြကြတယ်။ လူထုအုံကြွမှုတခုဖြစ်ဖို့ လူမှုစီးပွားနဲ့ နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်တွေကို လီနင်က ထည့်သွင်း စဉ်းစားပြရင် MALARPARTE က သူလုပ်ကြံဖန်တီးထားတဲ့ ထရော့စကီးကို အခုလို ပြောခိုင်းတယ် "ခင်ဗျားရဲ့ မဟာဗျူဟာကို အကောင်အထည်ဖော်ဖို့ဆိုရင် တင်ကူးလိုအပ်တဲ့ အခြေအနေတွေ အရမ်းများတာပဲဗျာ၊ လက်နက်ကိုင်သူပုန်ထဖို့ ဘာမှမလိုပါဘူး၊ အုံကြွပုန်ကန်မှုဆိုတာ မိမိကိုယ်တိုင် စွန့်လွှတ်စွန့်စားရခြင်း ဖြစ်တယ်"။ ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ၊ MALAPARTE ကတော့ "လက်နက်ကိုင် သူပုန်ထဖို့ ဘာမှမလိုပါဘူး"လို့ ပြောထားတယ်။ ဒါဟာ ကျနော်တို့ကို အမှန်တရားဆီ ချဉ်းကပ်နိုင်အောင် ကူညီပေးသွားမယ့် အဓိပ္ပါယ်ကင်းမဲ့နေတဲ့အရာပဲ။ MALAPARTE က သူ့စာအုပ်ထဲမှာ ထပ်တလဲလဲဆိုထားတယ်၊ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်ခဲ့တာ လီနင်ရဲ့ မဟာဗျူဟာကြောင့် မဟုတ်ဘူး၊ ထရော့စကီးရဲ့ နည်းဗျူဟာတွေကြောင့်တဲ့။

သူ့စကားတွေအတိုင်းဆိုရင် အဲဒီ နည်းဗျူဟာတွေကဥရောပတိုင်းပြည်တွေရဲ့ ငြိမ်းချမ်းရေးကို ဒီကနေ့အထိ ခြိမ်းခြောက်နေတုန်းပဲ။ သူ့စကားလုံး အတိုင်း အတိအကျ ကိုးကားဖတ်ပြပါမယ် "လီနင့် မဟာဗျူဟာက ဥရောပ အစိုးရတွေကို လက်ငင်း အန္တရာယ် မကျရောက်စေနိုင်ဘူး။ ဒါပေမယ့် ထရော့စကီးရဲ့ နည်းဗျူဟာတွေကတော့ ဥရောပ အစိုးရတွေကို အမှန်တကယ် အန္တရာယ်ကျစေနိုင်တယ်၊ အမြဲတမ်း ခြိမ်းခြောက်နေတယ်။" သူက အခိုင်အမာ ဥပမာတောင် ထည့်ပေးထားတယ် "ကရင်စကီးနေရာမှာ POINCARÉ ကို စဉ်းစားကြည့်လိုက်ပါ၊ ၁၉၁၇ အောက်တိုဘာ ဘော်ရှီဗစ် အာဏာသိမ်းပွဲမျိုး အောင်အောင်မြင်မြင် ဖြစ်သွားလိမ့်မယ်"။ ဒီလိုစာအုပ်မျိုးကို ဘာသာစကား အမြောက်အမြား ပြန်ဆိုပြီး အလေး ထားပြောနေကြတာ မယုံနိုင်စရာပါပဲ။

[POINCARÉ (၁၈၆၀-၁၉၃၄) ဆိုတာ ၁၉၁၃-၂၀ ကာလ ပြင်သစ် သမ္မတလုပ်ခဲ့သူ။ ၁၉၁၂၊ ၁၉၂၂-၂၄၊ ၁၉၂၆-၂၉ မှာ ဝန်ကြီးချုပ် လုပ်ခဲ့သူ။ KERENSKY (၁၈၈၂-၁၉၇၀) ဆိုတာ ၁၉၁၇ ရုရှားမှာ ဝန်ကြီးချုပ်လုပ်ခဲ့သူ၊ အောက်တိုဘာ တော်လှန်ရေးကနေ ကရင်စကီး အစိုးရကို ဖြုတ်ချခဲ့တယ်။]

သူပုံဖျက်ပြောသလို "ထရော့စကီးရဲ့ နည်းဗျူဟာတွေ"က အခါခပ်သိမ်း ဒီအလုပ်တွေကို အောင်မြင်အောင် လုပ်နိုင်စွမ်း ရှိတယ်ဆိုရင် သမိုင်းဆိုင်ရာ အခြေအနေတွေနဲ့ ချိတ်ဆက်ထားတဲ့ လီနင့် မဟာဗျူဟာ ဖြစ်ပေါ်လာရခြင်း နိယာမကို ရှာနေလည်း အချည်းနှီးသာဖြစ်မယ်။ နောက်ပြီး တော်လှန်ရေးတွေ အောင်ပွဲဆင်နိုင်ဖို့ နည်း ပရိယာယ် ပုံသေနည်း အနည်းအပါးပဲ လိုတယ်ဆိုရင် အောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေ ဘာ့ကြောင့် ဒီလောက် ရှားပါးနေရသလဲ။

ဖက်ဆစ် စာရေးဆရာ တင်ဆက်ထားတဲ့ လီနင်နဲ့ ထရော့စကီး ဒိုင်ယာ့လော့(ဂ်)ဟာ အစကနေ အဆုံးတိုင် ပုံသဏ္ဍာန်အရရော အကြောင်းအရာအရပါ ပျင်းရိငြီးငွေ့ဖွယ် လုပ်ဇာတ်တခုဖြစ်နေတယ်။ ဒီလိုလုပ်ဇာတ်တွေက ကမ္ဘာတလွှားမှာ မနည်းလှဘူး။ ဥပမာ မက်ဒရစ်မှာဆိုရင် LA VIDA DEL LENIN (လီနင်ရဲ့ ဘဝဇာတ်ကြောင်း)ဆိုတဲ့ စာအုပ်တအုပ် ပုံနှိပ်ထုတ်ဝေထားတာရှိတယ်။ MALAPARTE လီဆည်ရေးသားထားတဲ့ နည်းဗျူဟာ ပုံသေနည်းတွေ ကျနော်နဲ့မဆိုင်သလိုပဲ အဲဒီစာအုပ်လည်း

ကျနော်နဲ့ ဘာမှမပတ်သက်ဘူး။ ဒါပေမယ့် အဲဒီစာအုပ်ကို ထရော့စကီး ရေးတဲ့ လီနင့်ဘဝဇာတ်ကြောင်းလို့ ဆိုနေကြတယ်။ မက်ဒရစ် အပတ်စဉ်ဂျာနယ်တခုဖြစ်တဲ့ ESTAM-PA က ဒီစာ အုပ် မထွက်ခင်ကတည်းက အခန်းလိုက် ဖော်ပြလာခဲ့တယ်။ ကျနော် တန်ဖိုးထားလေးစားခဲ့တဲ့ လူတယောက်၊ အခုထိလည်း ကျနော်တို့ ခေတ်ပြိုင်တွေထဲမှာ တခြားသူအားလုံးနဲ့ မယှဉ်သာအောင် ကျနော် တန်ဖိုး ထားနေရဆဲ လူတယောက်ရဲ့ဘဝကို ရက်ရက်စက်စက် ဖျက်ဆီးပစ်ထားတဲ့ စာအုပ်ပါ။

လူလိမ်တွေကို သူတို့ကြမ္မာအတိုင်း ထားလိုက်ကြပါစို့။ ဘယ်တော့မှ မေ့ပျောက်မသွားနိုင်တဲ့ သူရဲကောင်း ဖိုက်တာ ကား(လ်)လိ(ဘ်)နက်(ခ်) ရဲ့ ဖခင်ကြီး ဝီ(လ်)ဟမ် လိ(ဘ်)နက်(ခ်)ပြောခဲ့သလိုပဲ "တော်လှန်ရေးနိုင်ငံရေးသမား တယောက် ဟာ အရေထူဖို့လိုတယ်"။ ဒေါက်တာစတော့(ခ်)မန်းက ပိုပြီးပေါ်ပေါ်ထင်ထင် အကြံပေးခဲ့သေးတယ်။ လူအများစုရဲ့ ထင်မြင်ချက်နဲ့ ဗီလာဆန့်ကျင်လုပ်ကြဖို့ အဆိုပြုသူ တယောက် ဟာ ဘောင်းဘီအသစ်အဆန်းတွေ ပြုံးပြုံးပြဲပြဲ မဝတ်သင့်ဘူး။ ဒီအကြံကောင်းနှစ်ခုကို မှတ်သားပြီး ကျနော်တို့ ရှေ့ဆက်ဆန်းစစ်ကြည့်ရအောင်လား။

အောက်တိုဘာ တော်လှန်ရေးရဲ့ အကြောင်းတရားများ

အောက်တိုဘာ တော်လှန်ရေးက တွေးခေါ်စဉ်းစားတတ်တဲ့ လူတယောက်ရဲ့ စိတ်ထဲ ဘယ်လိုမျိုး မေးခွန်းတွေ ဖြစ်ပေါ်စေသလဲ။

- ဒီတော်လှန်ရေးက ဘာ့ကြောင့် ဖြစ်ခဲ့သလဲ၊ ဘယ်လို ဖြစ်ခဲ့သလဲ။ ပိုပြီးတိတိကျကျမေးရရင် ဥရောပတိုက်အတွင်း ခေတ်နောက်ကျဆုံးတိုင်းပြည်တခုမှာ ပစ္စည်းမဲ့ တော်လှန်ရေး ဘာ့ကြောင့် အောင်ပွဲရခဲ့သလဲ။
- အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေက ဘာတွေလဲ။ ပြီးတော့ နောက်ဆုံးအနေနဲ့
- အောက်တိုဘာ တော်လှန်ရေးက မှတ်ကျောက်အတင်ခံနိုင်ပြီလား။

အောက်တိုဘာတော်လှန်ရေးဖြစ်ပွားရခြင်း အကြောင်းတရားတွေနဲ့ပတ်သက်လို့ ပထမမေးခွန်းကို အခုချိန်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြေနိုင်ပါပြီ။

ကျနော့်စာအုပ် HISTORY OF THE RUSSIAN REVOLUTION မှာ ဒီအကြောင်းတွေကို အသေးစိတ်ရှင်းပြဖို့ ကြိုးစားထားပါတယ်။ ဒီနေရာမှာတော့ အရေးအကြီးဆုံး နိဂုံးချုပ်ချက်တွေလောက်ပဲ အကြမ်းဖျင်း တင်ပြနိုင်ပါမယ်။

- **ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးမှု နိယာမ**

ဇာဘုရင်စနစ် အုပ်စိုးတဲ့ ရုရှားလို ခေတ်နောက်ကျလွန်းတဲ့ တိုင်းပြည်တခုမှာ အလုပ်သမား လူတန်းစားက ပထမဆုံးအနေနဲ့ အာဏာ အရယူနိုင်ခဲ့တဲ့ အချက်ဟာ ကနဦးမှာပဲ ထူးဆန်းသလို ဖြစ်နေမယ်။ အမှန်တကယ်တော့ ဒီ အချက်ဟာ သမိုင်း နိယာမနဲ့ လုံးဝကိုက်ညီနေပါတယ်။ (ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တွေမှာ အလုပ်သ မား လူတန်းစားကအာဏာမရနိုင်သေးခင်)ရုရှား အလုပ်သမားက အာဏာရနိုင်လိမ့်မယ်လို့ ကြိုတင်တွက်ဆနိုင် သလို တကယ်လို ကြိုပြီး ခန့်မှန်းထားခဲ့တယ်။ ဒါ့အပြင် တော်လှန်သော မာ့က်စ်ဝါဒီတွေက အဆုံးအဖြတ် တိုက်ပွဲ မရောက်ခင် နှစ်ပေါင်း များ စွာ က တ ည်း က သူ တို့ ရဲ့ မ ဟာ ဗျူ ဟာ ကို ဒီတွက်ချက်မှုအပေါ်အခြေခံပြီး တည်ဆောက်ထားခဲ့ကြတယ်။

ရှေ့တန်း ရောက် အရင်းရှင်တိုင်းပြည်တွေမှာ အလုပ်သမား လူတန်းစားက အာဏာမရနိုင်သေးခင် ခေတ်နောက်ကျလွန်းတဲ့ ရုရှားမှာ အလုပ်သမား လူတန်းစားက ပထမဆုံး ဘာ့ကြောင့် အာဏာအရယူနိုင်ခဲ့သလဲဆိုတဲ့ အချက်ကို ပထမဆုံးနဲ့ ယေဘုယျအကျဆုံး ရှင်းလင်းချက်ပေးရရင် -

ရုရှားဟာ ခေတ်နောက်ကျနေဆဲ တိုင်းပြည်တခုဖြစ်တယ်၊ ဒါပေမယ့် သီးခြားတည်ရှိနေတာ မဟုတ်ဘူး၊ ကမ္ဘာ့စီးပွားရေးရဲ့ အစိတ်အပိုင်းတခုသာ ဖြစ်တယ်၊ အရင်းရှင်ကမ္ဘာ့စနစ်ရဲ့ အစိတ်အပိုင်းတရပ်အနေနဲ့ တည်ရှိနေခြင်း ဖြစ်တယ်။ ဒီအဓိပ္ပါယ်နဲ့ လီနင်က ကျစ်ကျစ်လစ်လစ် ထုတ်ဖော်ပြောခဲ့တယ်၊ "သံကွင်းဆက် ချိန်းကြိုးတန်းကြီးရဲ့ အားအနည်းဆုံး ကွင်းဆက်နေရာကနေ ပေါက်ထွက်သွားခဲ့တယ်"ဆိုတဲ့ လီနင့်စကားဟာရုရှားတော်လှန်ရေးနဲ့ပတ်သက်ပြီး ပဟေဠိလို ရှုပ်ထွေးနေတဲ့ အချက်ကို တိုတိုတုတ်တုတ်နဲ့ ရှင်းသွားစေခဲ့တယ်။

အကြမ်းဖျင်း ပုံဖော်ကြည့်ရင် -

ကမ္ဘာ့အရင်းရှင်နယ်ချဲ့စနစ် ပဋိပက္ခတွေရဲ့ အကျိုးဆက်အနေနဲ့ ကမ္ဘာစစ်ကြီးဖြစ်တယ်၊ ဖွံ့ဖြိုးမှုအဆင့် အသီးသီး မှာ ရှိနေကြတဲ့ နိုင်ငံတွေကို ကမ္ဘာစစ် ဝဲဂယက်ကြီးထဲ ဆွဲသွင်းခဲ့တယ်။ ဖွံ့ဖြိုးမှုအဆင့်သာ ဆူကြုံနိမ့်မြင့် ဖြစ်နေ ပေမယ့် ဒီနိုင်ငံအားလုံးအပေါ် တောင်းဆိုချက်တွေကတော့ အတူတူပဲ။ ဒီတော့ ဖွံ့ဖြိုးမှုနောက်ကျဆုံး တိုင်းပြည် တွေအဖို့ စစ်ကြီးရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဘယ်လိုမှ ဆက်ထမ်းမထားနိုင်တော့ဘူး။ ဒီစစ်တလင်းကနေ မဖြစ်မနေ ဆုတ်ခွာဖို့ ဖြစ်လာတာကတော့ ရုရှား။ ဒါပေမယ့် ဒီလို စစ်တလင်းနဲ့ ကင်းရှင်းသွားနိုင်အောင် ရုရှားလူထုက အုပ်စိုးသူ လူတန်းစားတွေကို ဖြိုချပစ်ခဲ့ရတယ်။ ကမ္ဘာစစ် သံကွင်းဆက် ချိန်းကြိုးတန်းကြီးဟာ ဒီလိုနည်းနဲ့ အားအနည်းဆုံး ကွင်းဆက်ကနေ ပြတ်ထွက်သွားခဲ့ခြင်း ဖြစ်တယ်။

စစ်ဆိုတာ ငလျင်ထလှုပ်လိုက်သလို ပြင်ပကနေ ဖြစ်ပေါ်လာတဲ့ ကပ်ဆိုးတစ်ခု မဟုတ်ဘူး၊ အဘိုးကြီး ကလော့ (စ်) ဝစ်(တ်ဇ်)* ပြောခဲ့သလိုပဲ နိုင်ငံရေးကို တခြားနည်းတွေနဲ့ ဆက်လုပ်ခြင်းသာ ဖြစ်တယ်။ ပြီးခဲ့တဲ့ စစ်ပွဲကြီးဟာ ဆိုရင် အရင်းရှင်နယ်ချဲ့စနစ်ရဲ့ "ငြိမ်းချမ်းရေး"ကာလ တိမ်းညွှတ်မှု အင်အားတွေကို ပိုပြီးရုန့်ရင်းကြမ်းတမ်းစွာ ထုတ်ဖော်ပြခဲ့ခြင်းသာ ဖြစ်တယ်။ အထွေထွေ ကုန်ထုတ်စွမ်းအားစုတွေ ပိုပြီးတိုးတက်မြင့်မားလာလေ ကမ္ဘာ့ဈေး ကွက်ပေါ်မှာ ပြိုင်ဆိုင်မှု ပိုပြင်းထန်လာလေ၊ အရင်းရှင်နယ်ချဲ့ ပါဝါတွေကြား ပဋိပက္ခတွေ ပိုပြင်းထန်လာလေဖြစ် သလို စစ်လက်နက်တွေလည်း မိုက်မိုက်ကန်းကန်းနဲ့ ပိုတပ်ဆင်လာကြလေဖြစ်တယ်၊ ဒီလိုဖြစ်လေ အင်အားချိတဲ့ ပါဝင်သူတွေအဖို့ ပိုပြီးခက်ခဲကြပ်တည်းလေပဲ။ ဒါ့ကြောင့်မို့ ခေတ်နောက်ကျ တိုင်းပြည်တွေက စောစောစီးစီး ပြို လဲသွားတဲ့ စာရင်းမှာ နေရာယူထားခြင်း ဖြစ်တယ်။ ကမ္ဘာ့အရင်းရှင်စနစ် ချိန်းကြိုးတန်းကြီးဟာ အားအနည်းဆုံး ကွင်းဆက်ကနေ ပြတ်တောက်လေ့ရှိတယ်။

[*KARL VON CLAUSEWITZ (၁၇၈၀-၁၈၃၁): ပရပ်ရှား စစ်တပ်အရာရှိ၊ ဟေဂယ်ရဲ့ နောက်လိုက် စစ်ရေး သဘော တရားဆရာ] ဘာသာပြန်သူ

ခြွင်းချက်လို့ ဆိုရလောက်အောင် အလွန်အမင်း ဆိုးရွားတဲ့ အခြေအနေတွေ (ဆိုကြပါစို့၊ နမူနာပေးရရင် ပြင်ပက နေ စစ်ရေးကျူးကျော်မှုတွေ

တောက်လျှောက်ခံရတာ ဒါမှမဟုတ် ဆိုဗီယက် အစိုးရကိုယ်တိုင်က ပြင်ဆင်လို့ မရနိုင်တဲ့ အမှားတွေ ကျူးလွန်မိတာ) ရဲ့ အကျိုးဆက်အနေနဲ့ အလွန်ကျယ်ပြောတဲ့ ဆိုဗီယက် မြေပေါ်မှာ အရင်း ရှင်စနစ် တကျော့ပြန် ပေါ်ထွန်းလာခဲ့မယ်ဆိုရင်လည်း အဲဒီအရင်းရှင်စနစ်ရဲ့ သမိုင်းဆိုင်ရာ ချို့ငဲ့မှုဟာ မလွဲမသွေ ပေါ်ထွက်လာမှာပဲ၊ ဒီလိုပေါ်ထွန်းလာတဲ့ အရင်းရှင်စနစ်ဟာ ၁၉၁၇ အတွင်း အုံကြွပေါက်ကွဲမှုမျိုး ဖြစ်ပေါ်စေခဲ့တဲ့ အလားတူ ပဋိပက္ခတွေရဲ့ သားကောင်ပြန်ဖြစ်ဦးမှာပဲ။ ရုရှားလူ့အဖွဲ့အစည်းကသာ အဲဒီပဋိပက္ခတွေကို သူ့ဝမ်းဗိုက် အတွင်း သန္ဓေလွယ်မထားခဲ့ဘူးဆိုရင် ဘယ်လိုနည်းဗျူဟာ ဖော်မြူလာမျိုးနဲ့မှ အောက်တိုဘာ တော်လှန်ရေးကို မွေးဖွားမပေးနိုင်ဘူး။ နောက်ဆုံးသတ္တုချလိုက်ရင် တော်လှန်ရေးပါတီဆိုတာ သန္ဓေသားကို သဘာဝမွေးလမ်းကြောင်းအတိုင်း မီးဖွားပေးဖို့ မဖြစ်နိုင်တဲ့အဆုံး ဗိုက်ခွဲမွေးဖို့ ရွေးချယ်လိုက်ရတဲ့ သားဖွားအထူးကုတယောက်ရဲ့ အခန်းကဏ္ဍမျိုးပဲ တောင်းဆိုနိုင်တယ်။

ဒီအဆိုကို တစုံတယောက်က အခုလို တုံ့ပြန်ကောင်းတုံ့ပြန်နိုင်တယ် - "ရုရှား လူ့အဖွဲ့အစည်းဟောင်းဟာ ခေတ် နောက်ကျနေဆဲ အရင်းရှင်စနစ် ဖြစ်သလို မွဲတေနုံချာလှတဲ့ လယ်သမား အများစုရှိတဲ့ တိုင်းပြည်တခုလည်း ဖြစ် တယ်၊ သူတို့ရဲ့အထက်မှာ ပဒေသရာဇ် ကပ်ပါး လူတန်းစားနဲ့ ယိုယွင်းပျက်စီးနေတဲ့ သက်ဦးဆံပိုင် ဘုရင်စနစ်က သရဖူဆောင်းထားတယ်။ ဒါ့ကြောင့် မင်းပြောတဲ့ ယေဘုယျစဉ်းစားချက်တွေဟာ ရုရှားလူ့အဖွဲ့အစည်းဟောင်း ပြိုကွဲပျက်စီးသွားရခြင်း အကြောင်းတရားကို ပြည့်ပြည့်စုံစုံ ရှင်းပြကောင်း ရှင်းပြနိုင်မယ်။ ဒါပေမယ့် ချိန်းကြိုး တန်းကြီးနဲ့ အားအနည်းဆုံး ကွင်းဆက်လို့ နမူနာပေး တင်စားပြောတဲ့နေရာမှာ တကယ့်ပဟေဠိရဲ့ သော့ချက် ပျောက်နေဆဲဖြစ်တယ်။ တကယ့်ပဟေဠိက အဲဒီလို ခေတ်နောက်ကျနေဆဲ တိုင်းပြည်တခုမှာ ဆိုရှယ်လစ် တော်လှန်ရေးတခု ဘယ်လို အောင်ပွဲခံနိုင်ခဲ့တာလဲ။ တိုင်းပြည်တွေနဲ့ ယဉ်ကျေးမှုတွေ ယိုယွင်းပျက်စီးသွားတယ်၊ အရင်မင်းမူခဲ့တဲ့ လူတန်းစားအဟောင်းတွေ ပြိုကျသွားတယ်၊ ဒါပေမယ့် အစားထိုးဖို့ တိုးတက်တဲ့ လူမှုအင်အားစုက မရှိဘူး။

ဒီလိုနမူနာတွေ သမိုင်းမှာ မနည်းလှပါဘူး။ ရုရှား လူ့အဖွဲ့အစည်းဟောင်း ပြိုကွဲသွားခြင်းဟာ ရုရှားကို ဆိုရှယ်လစ်နိုင်ငံတခု မဖြစ်စေဘဲ အရင်းရှင် ကိုလိုနီတခု ဖြစ်သွားစေသင့်တယ်။”

ဒီငြင်းဆိုချက်ဟာအတော်စိတ်ဝင်စားစရာကောင်းတယ်။ ပြဿနာတစုံလုံးရဲ့ အတွင်းသားအနှစ်သာရဆီ ဦးတည်သွားစေတယ်။ ဒါပေမယ့်လည်း ဒီငြင်းဆိုချက်ဟာမှားတယ်၊ ဒီငြင်းဆိုချက်မှာ အတွင်းသား ညီညွတ်မျှတမှု ကင်းမဲ့နေတယ်လို့ ပြောနိုင်တယ်။ တဖက်မှာ ဒီငြင်းဆိုချက်က သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ခေတ်နောက်ကျနေခြင်း ဖြစ်ရပ်ကို အလွန်အမင်း ပုံကြီးချဲ့ ယူဆခြင်းကနေ အစပြုထားခြင်း ဖြစ်တယ်။

လူသားတွေအပါအဝင် သက်ရှိတွေဟာ သူတို့အသက်အရွယ်နဲ့လိုက်ပြီး ဖွံ့ဖြိုးမှု အဆင့်အဆင့်ကို ဖြတ်သန်းသွား ကြတယ်။ ပုံမှန်ငါးနှစ်အရွယ် ကလေးတယောက်မှာ သူ့အသက်အရွယ်နဲ့ ကိုက်ညီတဲ့ ကိုယ်အလေးချိန်၊ အရွယ်အစားနဲ့ကိုယ်တွင်း အင်္ဂါဖွံ့ဖြိုးမှုတွေ တွေ့ကြရတယ်။ ဒါပေမယ့် လူသား အသိစိတ် ဖွံ့ဖြိုးမှုကတော့ တမူကွဲတယ်။ လူတဦးချင်း စိတ္တဗေဒရော လူမှု စိတ္တဗေဒရောဟာ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒတို့နဲ့ ကွဲပြားခြားနားနေတယ်။ စိတ္တဗေဒမှာ အလွန်ထူးကဲတဲ့ စုပ်ယူထားနိုင်စွမ်း၊ အလိုက်သင့် ပြောင်းလဲနိုင်စွမ်း၊ ပြုလွယ်ပြင်လွယ် ဖြစ်နိုင်စွမ်းတွေ ရှိတယ်။ ဒီအစွမ်းအစတွေ ရှိနေလို့ပဲ လူသားက သူနဲ့ဆွေမျိုးအနီးစပ်ဆုံး လူဝံကြီးတွေထက် ကြီးကျယ်ခမ်းနားတဲ့ အကျိုးကျေးဇူးတွေ ရရှိနေတာ ဖြစ်တယ်။ စုပ်ယူနိုင်စွမ်းကောင်းပြီး အလိုက်သင့် ပြုပြ ပင်ပြောင်းလဲနိုင်စွမ်းရှိတဲ့ စိတ္တဗေဒဟာ ဇီဝဗေဒ သက်ရှိတွေနဲ့ ကွဲပြားခြားနားပြီး သင်းပင်းစုရုံးနေတတ်တဲ့ သက်ရှိတွေကို အတွင်းပိုင်း ဖွဲ့စည်းတည်ဆောက်ပုံ ထူးထူးကဲကဲ လိုက်လျောညီထွေပြောင်းလဲနိုင်စွမ်း ရရှိသွားစေတယ်။ ဒါဟာ သမိုင်းဆိုင်ရာ တိုးတက်မှုအတွက် လိုအပ်ချက်တခုလည်း ဖြစ်တယ်။ အမျိုးသားနိုင်ငံတော်တွေ အထူးသဖြင့် အရင်းရှင်နိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းမှာ ပုံမှန်ဖြစ်မှုဆိုတာ မရှိသလို တူညီမှုဆိုတာလည်း မရှိဘူး။ နိုင်ငံတခုတည်းရဲ့ ဘဝမှာပဲ မတူညီတဲ့ ယဉ်ကျေးမှု အဆင့်တွေ (တောင်နဲ့မြောက်လို ဆန့်ကျင်ဖက်ဖြစ်နေတဲ့ အဆင့်တွေတောင် ရှိတတ်) ဟာ တခုနဲ့တခု ပူးကပ်ယှက်နွယ်နေကြတယ်။

## • ပေါင်းစပ်ဖွံ့ဖြိုးခြင်း နိယာမ

သမိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကျနေခြင်း ဆိုတာ နှိုင်းရသဘော ယူဆချက်တခုဆိုတာ မမေ့သင့်ဘူး။ ခေတ်နောက် ကျ တိုင်းပြည်တွေ ရှိသလို တိုးတက်နေတဲ့ တိုင်းပြည်တွေလည်း ရှိတယ်၊ သူတို့အချင်းချင်းကြားမှာလည်း အပြန် အလှန် လွှမ်းမိုးမှုတွေ ရှိနေတယ်။ တိုးတက်နေတဲ့ တိုင်းပြည်တွေက ခေတ်နောက်ကျနေဆဲ တိုင်းပြည်တွေအပေါ် ဖိအားရှိသလို ခေတ်နောက်ကျနေဆဲ တိုင်းပြည်တွေဘက်မှာလည်း တိုးတက်နေတဲ့ တိုင်းပြည်တွေကို အမီလိုက်ဖို့ လိုအပ်ချက်ရှိတယ်၊ ဒီလိုအမီလိုက်နိုင်အောင် ရှေ့တန်းရောက် တိုင်းပြည်တွေဆီကနေ နည်းပညာနဲ့ သိပ္ပံ အစရှိတဲ့ အရာတွေကို ဆွဲငင်စားသုံးကြတယ်။ ဒီလိုနည်းနဲ့ ပေါင်းစပ်ဖွံ့ဖြိုးခြင်းပုံစံ ပေါ်ထွက်လာတယ် - ခေတ်နောက်ကျ နေတဲ့ ဝိသေသတွေကို



ကမ္ဘာပေါ်က နောက်ဆုံးပေါ် နည်းပညာတွေ၊ ကမ္ဘာပေါ်က ရှေ့တန်းရောက် အတွေးအခေါ် တွေနဲ့ ပေါင်းစပ်ထားတယ်။ အဆုံးမှာတော့ သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲတိုင်းပြည်တွေဟာ သူတို့ရဲ့ နောက်ကောက်ကျမှုကို ကျော်လွှားသွားနိုင်ဖို့ တခြားတိုင်းပြည်တွေထက် ရှေ့ရောက်အောင် မကြာခဏ ဆိုသလို တွန်းအားပေးခံရတယ်။

လူမှုအသိ စိတ်ရဲ့ ပြုလွယ်ပြင်လွယ်ဖြစ်မှုကြောင့် တချို့သော အခြေအနေတွေမှာ အောင်သီးအောင်ပွင့်ရအောင် လုပ်ပေးနိုင်တယ်၊ တဦးချင်း စိတ္တဗေဒနယ်ပယ်မှာတော့ "အငုံ့စိတ်ကို ကျော်လွှားခြင်း"ကို ခေါ်ကြတယ်။ ဒီအနက်နဲ့ဆိုရရင် အောက်တိုဘာ တော်လှန်ရေးဟာ ရုရှားလူထုက သူတို့ရဲ့ စီးပွားရေးနဲ့ ယဉ်ကျေးမှု နိမ့်ပါးနေဆဲ အခြေ အနေကို ကျော်လွှားသွားနိုင်အောင် စွမ်းဆောင်ခဲ့တဲ့ သူရဲကောင်းပီသသော လုပ်ရပ်ဖြစ်တယ်။

စိတ္တဇဆန်ကောင်း ဆန်နိုင်တဲ့ ဒီသမိုင်းဗေဒ အဘိဓမ္မာဆိုင်ရာ ယေဘုယျ အဆိုပြုချက်တွေကနေ အခိုင်အမာ ပြသသနာအဖြစ် ဆန်းစစ်ကြည့်ကြပါစို့။ ဆိုလိုတဲ့သဘောက သက်ဝင်လှုပ်ရှားနေတဲ့ ဘောဂဗေဒဆိုင်ရာ အခိုင်အမာ အချက်အလက်တွေနဲ့ ဒီပြဿနာကို ဖော်ထုတ်ကြည့်ရအောင်။ ရုရှားရဲ့ နောက်ကောက်ကျမှုဟာ ၂၀ ရာစု အစပိုင်းမှာ ရှင်းရှင်းလင်းလင်း ထုတ်ဖော်လာခဲ့တယ်၊ ရုရှားပြည်ထဲက လယ်သမားထုနဲ့ နှိုင်းစာလိုက်ရင် စက်မှုလုပ်ငန်းက မဆိုစလောက်သာ ရှိခဲ့တယ်။ ခြုံပြောရရင် တပြည်လုံး လုပ်အားရဲ့ ကုန်ထုတ်သတ္တိ နိမ့်ပါးနေခြင်းကို ဆိုလိုတာပဲ။ ပထမကမ္ဘာစစ်ဖြစ်ခါနီး ဇာဘုရင်ခေတ် ရုရှားရဲ့ နိုင်ငံလုံးဆိုင်ရာ ဝင်ငွေဟာ အဲဒီကာလ အမေရိကန် ပြည်ထောင်စု ဝင်ငွေထက် ရှစ်ဆကနေ ဆယ်ဆလောက် ပိုနည်းခဲ့တယ်။ ဒီတချက်နဲ့တင် ရုရှားရဲ့ အခြေအနေကို မြင်သာတယ်။ "လှိုင်းအကျယ်"ဆိုတဲ့ စကားလုံးကို ခေတ်နောက်ကျမှုနဲ့ ဆက်စပ်ပြီး သုံးစွဲလို့ရမယ်ဆိုရင် ဒီအချက်ဟာ ရုရှားရဲ့ သမိုင်းဆိုင်ရာ နောက်ကောက်ကျမှု "လှိုင်းအကျယ်"ကို ကိန်းဂဏန်းအားဖြင့် ဖော်ထုတ်ပြလိုက်တာပဲ။

သို့သော်လည်း တချိန်တည်းမှာ ပေါင်းစပ်ဖွံ့ဖြိုးခြင်း နိယာမက စီးပွားရေးနယ်ပယ်အတွင်း အဆင့်တိုင်းမှာ ရိုးရိုး ရှင်းရှင်း ဖြစ်ရပ်အနေ နဲ့သာမက ရှုပ်ထွေးတဲ့ ဖြစ်ရပ်အနေနဲ့ပါ ဖော်ထုတ်ပြခဲ့တယ်။ ဟိုင်းဝေး

လမ်းကြီးတွေ မရှိသ လောက်ဖြစ်နေတဲ့ ရုရှားဟာ ရထားလမ်းမကြီးတွေ ဆောက်လုပ်ပေးခဲ့ရတယ်။ ဥရောပမှာ အရင်းရှင်စနစ်ဆီ မတက်လှမ်းနိုင်ခင် လက်မှုလုပ်ငန်းနဲ့ MANUFACTURE ခေါ် အလုပ်ရုံကြီးတွေ အရင်ပေါ်ထွန်းခဲ့တယ်။ ရုရှားမှာ အဲဒီ အဆင့်တွေ မဖြတ်သန်းခဲ့ရဘဲ စက်ယန္တယားကြီးတွေနဲ့ ကုန်ထုတ်လုပ်ခြင်းဆီ တိုက်ရိုက်တက်လှမ်းသွားခဲ့တယ်။ ကြားအဆင့်တွေကို ကျော်လွှားပြီး အမီလိုက်ဖို့ ကြိုးစားတာဟာ ခေတ်နောက်ကျ တိုင်းပြည်တွေရဲ့ ဖွံ့ဖြိုးမှုပုံစံ ဖြစ်တယ်။

လယ်ယာစိုက်ပျိုးရေးက ၁၇ ရာစု အဆင့်မှာပဲ ရှိနေသေးပေမယ့် ရုရှား စက်မှုကဏ္ဍကတော့ မကျယ်ပြန့်ဘူး ဆိုရင်တောင် အမျိုးအစားအားဖြင့် ရှေ့တန်းရောက် တိုင်းပြည်တွေရဲ့ အဆင့်အနေအထားကို ရရှိထားခဲ့တယ်။ မျက်နှာစာတချို့မှာ ဆိုရင် တိုးတက်နေတဲ့ တိုင်းပြည်တွေထက်ကို ခေါင်းတလုံးပိုသာနေခဲ့တယ်။ အလုပ်သမား ၁၀၀၀ ကျော်ခန့်ပြီး လည်ပတ်နေတဲ့ အမေရိကန် ပြည်ထောင်စုက ဧရာမလုပ်ငန်းကြီးတွေမှာ စက်မှု အလုပ်သမား စုစုပေါင်းရဲ့ ၁၈% အောက်ပဲ ရှိတယ်၊ ရုရှားမှာ ၄၁%ကျော် ရှိတယ်။ ဒီတချက်နဲ့တင် မြင်သာပါတယ်။ ရုရှားရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနောက်ကျနေခြင်းကို ထုံးစံအတိုင်းမြင်ထားမယ်ဆိုရင် ဒီအချက်ကို နားလည်နိုင်မှာ မဟုတ်ဘူး။ တဖက်ကကြည့်မယ်ဆိုရင်လည်း ဒီအချက်ဟာ ရုရှားရဲ့ နောက်ကောက်ကျမှုကို ချေဖျက်မပစ်ပါဘူး၊ ခေတ်နောက်ကျမှုကို ဒိုင်ယာလက်တစ်ဆန်ဆန် ပေါင်းဖက်ပေးထားခြင်း ဖြစ်တယ်။

ဒီလိုမျိုး ပဋိပက္ခဖြစ်နေတဲ့ လက္ခဏာကို အဲဒီနိုင်ငံရဲ့ လူတန်းစား ဖွဲ့စည်းပုံက သက်သေထူထားတယ်။ ဥရောပရဲ့ ဘဏ္ဍာအရင်းက ရုရှား စီးပွားရေးကို တဟုန်ထိုး စက်မှုထွန်းကားသွားစေခဲ့တယ်။ စက်မှုဘူဇွာတွေဟာ နေ့ချင်းညချင်းအကြီးစား အရင်းရှင်လက္ခဏာဆောင်သွားသလို လူထု ဆန့်ကျင်ရေးအသွင်လည်း ဆောင်သွားခဲ့တယ်။ ဒါ့ အပြင် နိုင်ငံခြား စတော့(ခ်)ပိုင်ရှင်တွေဟာ ရုရှားနိုင်ငံရဲ့ ပြင်ပမှာပဲ နေထိုင်ကြတယ်။ အခြားတဖက်မှာတော့ အလုပ်သမားတွေဟာ သဘာဝကျစွာပဲ ရုရှားတွေ ဖြစ်နေတယ်။ နေရင်းနယ် ဇစ်မြစ်မရှိတဲ့ ရုရှား ဘူဇွာတွေဟာ အရေအတွက်အားဖြင့်လည်း

အင်အားနည်းလှပါတယ်၊ သူတို့နဲ့ ဆန့်ကျင်ဖက် ထိပ်တိုက်တိုးလာတဲ့ ပစ္စည်းမဲ့ လူတန်း စားကတော့ လူထုကြား နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ထားပြီး အတော်လည်း အားကောင်းတယ်။

ခေတ်နောက်ကျနေဆဲ ရုရှားလို တိုင်းပြည်တခုဟာ သူ့ပြိုင်ဖက် နိုင်ငံတွေကို အမီလိုက်ဖို့ တွန်းအားပေးခံရတယ်၊ ဒီလို နိုင်ငံတခုမှာ သူ့ကိုယ်ပိုင် လူမှု ကွန်ဆာဗေးတစ်ဝါဒ ဒါမှမဟုတ် နိုင်ငံရေး ကွန်ဆာဗေးတစ်ဝါဒ ထုတ်လုပ်ဖို့ မစွမ်းနိုင်ဘူး၊ ဒီအချက်ဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ တော်လှန်ရေး လက္ခဏာကို ထပ်လောင်းအားကောင်းစေတယ်။ ဥရောပရဲ့ ကွန်ဆာဗေးတစ် အဆန်ဆုံး (အမှန်တော့ တကမ္ဘာလုံးမှာ ကွန်ဆာဗေးတစ် အဖြစ်ဆုံး) နိုင်ငံကို သက်တမ်းအရင့်ဆုံး အရင်းရှင် တိုင်းပြည်တခုဖြစ်တဲ့ အင်္ဂလန်လို့ ယူဆကြတယ်။ ကွန်ဆာဗေးတစ်ဝါဒ အကင်းဆုံး ဥရောပတိုင်းပြည် ပြပါဆိုရင် ရုရှား ဖြစ်နိုင်တယ်။

ဒါပေမယ့် နနယ် ပျိုမြစ်ပြီး ပြတ်သားတဲ့ ရုရှား အလုပ်သမား လူတန်းစားဟာ တနိုင်ငံလုံး အတိုင်းအတာ အရဆို လက်တဆုပ်စာပဲ ရှိနေသေးတယ်။ ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး စွမ်းအားဟာ အလုပ်သမား လူတန်းစား ပြင်ပက မြေကျွန်တပိုင်း လယ်သမားထုနဲ့ အဖိနှိပ်ခံ လူမျိုးစုတွေကြားမှာ အရံအင်အားတွေအဖြစ် ကိန်းဝပ်နေတယ်။

မေဝတ်မှုန် ဘာသာပြန်သည်

ဆက်လက်ဖော်ပြသွားမည်။



UNITED
Digital Services
CDM
JOIN & SUPPORT CDM
JOIN & SUPPORT CDM
RETURN OUR
HELP US
AGD BANK
4.5m
THE STRUGGLE